# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု**

ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံးအနာရောဂါ မည်၏။ ခန္ဓာငါးပါး သင်္ခါရတရားတို့သည် အလွန်ကဲဆုံး ဆင်းရဲ မည်ကုန်၏။ နိဗ္ဗာန်သည် အလွန်ကဲဆုံးချမ်းသာတည်း။ ပညာရှိသည် ဤသို့ဟုတ်တိုင်းမှန်စွာသိ၍ နိဗ္ဗာန် ချမ်းသာကို မျက်မှောက်ပြု၏။

သုခဝဂ်(ဓမ္မပဒ-၂၀၃)


၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၁၄၇)


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၁)သို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၃

စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးရာကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✳




မြန်မာ့အလင်း

# စီးပွားရေးဦးတည်ချက်နှင့် ပကတိအခြေအနေ

နိုင်ငံရေးဦးတည်ချက် သုံးရပ်၊ စီးပွားရေးဦးတည်ချက် သုံးရပ်၊ လူမှုရေးဦးတည်ချက် သုံးရပ်တို့ ပါဝင်သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်ကို ထုတ်ပြန်လိုက်ရာ စီးပွားရေးဦးတည်ချက် သုံးရပ်တွင် (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးဟူ၍ ပါဝင်သည်။

စီးပွားရေးဦးတည်ချက်များမှာ နိုင်ငံ၏ ပကတိအခြေအနေနှင့်ကိုက်ညီပြီး ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်နိုင်သည်နှင့်အမျှ နိုင်ငံအတွက် လူမှုရေး၊စီးပွားရေး အခြေအနေကောင်းများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လပေါင်းများစွာ ထိခိုက်ခံစားနေရသည့် နိုင်ငံ၏ စီးပွားရေးကို ပြန်လည်နိုးထလာရေးနှင့် လက်ရှိနိုင်ငံတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေး အခြေအနေတို့ကလည်း စိန်ခေါ်မှုများ ဖြစ်နေမည်ဖြစ်သည်။ အခွင့်အလမ်းများအနေဖြင့်လည်း မိမိတို့နိုင်ငံတွင် လူသားအရင်းအမြစ်၊ ရေမြေသယံဇာတအရင်းအမြစ်စသည့် အခြေခံကောင်းများရှိနေပြီး စနစ်တကျ ဖော်ထုတ်ကာ စီမံခန့်ခွဲမှုများ မှန်ကန်စွာ ပြုလုပ်ပေးနိုင်ခြင်းအားဖြင့် နိုင်ငံ့စီးပွားရေး ဦးတည်ချက်များ ပေါက်မြောက်အောင်မြင်နိုင်မည် ဖြစ်သည်။

နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့် ပါဝင်ဆောင်ရွက်နေကြသည့် စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ၏ အဓိကစီးပွားရေးပင်ဖြစ်ပြီး လက်ရှိအချိန်အထိ အားထားနေရဆဲဖြစ်သည့်အတွက် အဘက်ဘက်မှ ကူညီပံ့ပိုးအားပေးမှုများပြုလုပ်ပေးရန် လိုအပ်မည်ဖြစ်သည်။ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် နည်းပညာ အားနည်းချက်များရှိနေခြင်း၊ ရင်းနှီးမြှုပ်နှံမှု နည်းပါးလျက်ရှိခြင်း၊ မျိုးကောင်းမျိုးသန့်၊ သွင်းအားစုနှင့် ဈေးကွက်ဆိုင်ရာ အားနည်းချက်များစသည့် အကြောင်းများကြောင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုမှာ မြေတစ်ဧကချင်းတူလျှင်ပင် အိမ်နီးချင်းနိုင်ငံများ၏ အသုံးချနိုင်စွမ်းနှင့် ထုတ်လုပ်နိုင်စွမ်းတို့ကို ယှဉ်ပြိုင်နိုင်စွမ်းမရှိသေးကြောင်း တွေ့ရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံများအားလုံးလိုလိုပင် စီးပွားရေးလုပ်ငန်းများ တုံ့ဆိုင်းလေးလံကျဆင်းမှု၊ စားနပ်ရိက္ခာထုတ်လုပ်မှုကျဆင်းမှုများ ကြုံတွေ့ကြရသည့် အလျောက် ယင်းအခြေအနေအတွင်း မိမိနိုင်ငံမှ ထုတ်လုပ်သည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များမှာ ဈေးကွက်သစ်များ ရှာဖွေတွေ့ရှိနိုင်မည့် အခွင့်အလမ်းများ ပေါ်ထွက်လာနိုင်သည်ဟု ယုံကြည်မိသည်။ နိုင်ငံတကာဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် စားသောက်ကုန်များ၏ အရည်အသွေး၊ ထုပ်ပိုးမှုနှင့် ဘေးကင်းလုံခြုံမှုတို့၏ စံချိန်စံညွှန်းများမှာ မြင့်မားရန်လိုအပ်မည် ဖြစ်သည်။ ထို့အပြင် ခေတ်အဆက်ဆက်တည်ရှိနေခဲ့သည့် တရားမဝင်ကုန်သွယ်မှု သို့မဟုတ် မှောင်ခိုတင်သွင်းမှုနှင့် တင်ပို့မှုတို့ကြောင့် နိုင်ငံအတွက် အခွန်ဝင်ငွေလည်းဆုံးရှုံး၊ ပြည်တွင်းရှိ လုပ်ငန်းရှင်များလည်းထိခိုက်၊ စားသုံးသူများကိုလည်း နစ်နာမှုများဖြစ်ပေါ်နေရာ တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် တားဆီးပိတ်ဆို့နိုင်ရေး ဆောင်ရွက်ပေးနိုင်ပါမှ ပြည်တွင်းစိုက်ပျိုးမွေးမြူရေးထုတ်ကုန်တို့ မှန်မှန်ကန်ကန် နေရာရလာနိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

## နိုင်ငံ့ဝန်ထမ်းများအား Social punishment ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social punishment ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

## ■ စီးပွားရေးသည် အပြောကျယ်ပြီး ငွေကြေးနှင့်ပတ်သက်နေကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုရာတွင် လိုအပ်သည့် အကျိုးအမြတ်ရရှိမည်ဟုဆိုသည့် မက်လုံးဖြင့် ကျေနပ်မနေသင့်ကြောင်း၊ အခွန်ကောက်ခံမှုအပိုင်းတွင်လည်း အခွန်တိုးမြှင့်ရရှိရေးထက် အခွန်ပေးဆောင်သူဦးရေ တိုးတက်မှုရရှိအောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ရရှိရန်လိုကြောင်း၊ စက်ရုံ၊ အလုပ်ရုံကဏ္ဍတွင်လည်း လုပ်ငန်းများပုံမှန်လည်ပတ်နေရေးအတွက် အားပေးရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ အခက်အခဲများရှိပါကလည်း ဝိုင်းဝန်းဖြေရှင်းပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင် လည်ပတ်နေသည့်စက်ရုံများမှ ထွက်ရှိလာသည့် ကုန်ပစ္စည်းများ၏ အရည်အသွေးမြင့်မားရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက မူဝါဒများချမှတ်ပြီး ကူညီဆောင်ရွက်ပေးရန်လို

*ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ဦးစိုင်းလုံးဆိုင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာပွင့်ဆန်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အခြေခံကောင်းများရှိရန်လို

အစည်းအဝေးတွင် စီးပွားရေးရာကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စီးပွားရေးကဏ္ဍသည် အလွန်ကျယ်ပြန့်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အဓိက မောင်းနှင်အားတစ်ခုဖြစ်သည့် စီးပွားရေးမောင်းနှင်အားမှာ အရေးကြီးသည့်အတွက် ယခုကော်မတီသည် နိုင်ငံ၏စီးပွားရေးဖြစ်ပေါ်ပြောင်းလဲမှုကို သက်ရောက်မှုရှိသည့် ကော်မတီဖြစ်ပါကြောင်း၊ စီးပွားရေးကောင်းမွန်ရေးအတွက် ဆောင်ရွက်ရန်မည်သည့်ကဏ္ဍကို အခြေခံစဉ်းစားရမည်ဆိုသည်မှာလည်း အရေးကြီးကြောင်း၊ တိုင်းပြည်၏စီးပွားရေးကောင်းမွန်ရန် အခြေခံကောင်းများရှိရန် လိုအပ်ကြောင်း၊ စီးပွားရေးကောင်းမွန်ရန်အတွက် ဆောင်ရွက်သူများ၏ မူဝါဒချမှတ်မှုနှင့် စွမ်းဆောင်မှုအပေါ် မူတည်ကြောင်း။

### အရေးပေါ်အတွက် အရန်ထားရန်လိုအပ်

လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဦးတစ်ဖွဲ့တည်းဖြင့် ဆောင်ရွက်၍မရပါကြောင်း၊ ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့၏အချက်အလက်များကို ကြည့်ရှုရာတွင် ကုန်သွယ်မှုလိုငွေပြမှုများရှိကြောင်း၊ ထို့အတူ ပြည်ထောင်စု၏စုစုပေါင်းလိုငွေလည်းပြနေကြောင်း၊ သို့ဖြစ်၍ ကုန်ထုတ်လုပ်မှုနှင့် ပို့ကုန်တင်ပို့မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်စီးပွားရေးကောင်းမွန်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၄ သန်းကျော်ရှိကြောင်း၊ မြေ၊ လူသားအရင်းအမြစ်နှင့် သယံဇာတများစွာရှိသည့်အတွက် အလုပ်လုပ်နိုင်သည့် အခြေခံကောင်းများရှိကြောင်း၊ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် မည်သည့်အချက်အပေါ်အခြေခံမည်ဆိုသည်ကိုလည်း စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ရေရှည်အတွက် သဘာဝသယံဇာတများကို လွယ်လွယ်ကူကူထုတ်ယူရောင်းချ၍ မရကြောင်း၊ တိုင်းပြည် အနာဂတ်အတွက် ထိန်းသိမ်းသိုလှောင်ပြီး အရေးပေါ်အတွက် အရန်ထားရန်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် သယံဇာတထုတ်လုပ်မှုကို လျှော့ချသွားရန် လိုအပ်ကြောင်း။

### နည်းလမ်းရှာရမည်

တစ်ဖက်ကလည်း သွင်းကုန်အစားထိုးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားသောက်ကုန်ပစ္စည်း တင်သွင်းမှုကို လျှော့ချသွားရန်လိုအပ်ပြီး မိမိတို့နိုင်ငံ၌ပင် ထုတ်လုပ်နိုင်ရန်လိုအပ်ကြောင်း၊ ထို့အပြင် ပြည်တွင်းထုတ်လုပ်မှုကို တိုးတက်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်မှာ လျှပ်စစ်စွမ်းအင် ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားတိုးမြှင့် ထုတ်လုပ်နိုင်ရေးအတွက် ကြိုးစားရမည်ဖြစ်ကြောင်း၊ သို့မှသာ လူမှုစီးပွားဘဝတိုးတက်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်ကြောင်း၊ လူဦးရေ ၅၄ သန်းတွင် အခြေခံပညာနှင့် တက္ကသိုလ်ပညာ ပြီးမြောက်သူတို့၏ လုပ်အားများကို ကဏ္ဍအလိုက် အသုံးချနိုင်ရေးအတွက် နည်းလမ်းရှာရမည်ဖြစ်ကြောင်း၊ အလုပ်သမားများနှင့် အလုပ်ရှင်များအတွက်လည်း ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်သူများအတွက်လည်း အာမခံချက်နှင့် ဆွဲဆောင်မှုများပေးရမည်ဖြစ်သကဲ့သို့ ယုံကြည်မှုရှိရန်လည်း လိုအပ်ကြောင်း။

### ကူညီဆောင်ရွက်ပေးရန်လို

စီးပွားရေးသည် အပြောကျယ်ပြီး ငွေကြေးနှင့်ပတ်သက်နေကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုရာတွင် လိုအပ်သည့် အကျိုးအမြတ်ရရှိမည်ဟု ဆိုသည့် မက်လုံးဖြင့် ကျေနပ်မနေသင့်ကြောင်း၊ အခွန်ကောက်ခံမှုအပိုင်းတွင်လည်း အခွန်တိုးမြှင့်ရရှိရေးထက် အခွန်ပေးဆောင်သူဦးရေ တိုးတက်မှုရရှိအောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ရရှိရန်လိုကြောင်း၊ စက်ရုံ၊ အလုပ်ရုံကဏ္ဍတွင်လည်း လုပ်ငန်းများ ပုံမှန်လည်ပတ်နေရေးအတွက် အားပေးရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ အခက်အခဲများရှိပါကလည်း ဝိုင်းဝန်းဖြေရှင်းပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင် လည်ပတ်နေသည့်စက်ရုံများမှ ထွက်ရှိလာသည့် ကုန်ပစ္စည်းများ၏ အရည်အသွေးမြင့်မားရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက မူဝါဒများချမှတ်ပြီး ကူညီဆောင်ရွက်ပေးရန်လိုကြောင်း။

### မြန်မြန်ဆန်ဆန်ဆုံးဖြတ်

စက်မှုဝန်ကြီးဌာနသည် နိုင်ငံတကာတွင်ရှိပါကြောင်း၊ စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံသူနိုင်ငံသားများက အဓိကဖန်တီးနိုင်သည့်ကဏ္ဍတွင် ပါဝင်နေရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခွင့်ပြုရာတွင် ကော်မတီအနေဖြင့် သဘောကောင်းရန်မလိုအပ်ဘဲ စေတနာကောင်းရန်သာလိုအပ်ပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ နစ်နာမှုမရှိစေရေးအတွက် စဉ်းစားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယခု စီးပွားရေးကော်မတီသည် တိုင်းပြည်စီးပွားကောင်းမွန်ရေးအတွက် မောင်းနှင်ရန် အဓိကကျသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆုံးဖြတ်၍ ရင်းနှီးမြှုပ်နှံသူများ လုပ်သာကိုင်သာရှိအောင် ဆောင်ရွက် ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် စီးပွားရေးကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က စီးပွားရေးကော်မတီဖွဲ့စည်းဆောင်ရွက်ခဲ့မှုများ၊ ကော်မတီအစည်းအဝေးများ ကျင်းပခဲ့မှုနှင့် ဆုံးဖြတ်ဆောင်ရွက်ရန် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ခွင့်ပြုပေးရန်ကိစ္စရပ်များ၊ မှတ်တမ်းတင်ပေးရန်ကိစ္စရပ်များ၊ အမိန့်ကြေညာစာ ထုတ်ပြန်ပေးရန်ကိစ္စရပ်များ၊ ငွေကြေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် အဖွဲ့ဝင်များခန့်အပ်ရေးနှင့် ချီးမြှင့်ငွေတိုးမြှင့်ပေးရန်ကိစ္စရပ်များ၊ နားလည်မှုစာချုပ်နှင့် သဘောတူစာချုပ်များ လက်မှတ်ထိုးရန်ကိစ္စရပ်များ ခွင့်ပြုနိုင်ရေးအတွက် ရှင်းလင်းတင်ပြကြသည်။

### နိုင်ငံတကာနှင့်ပူးပေါင်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာနှင့် ချုပ်ဆိုထားသည့် နားလည်မှုစာချွန်လွှာများ၊ သဘောတူစာချုပ်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ နိုင်ငံတကာအကူအညီပေးရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ကံဇော်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းစဉ်များနှင့် ပြုပြင်ပြောင်းလဲရန် ဆောင်ရွက်နေမှု၊ စိစစ်တွေ့ရှိချက် အစီရင်ခံစာများနှင့် ဆက်လက်စစ်ဆေးရမည့်စာရင်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက နိုင်ငံပိုင်ကြေးနီနှင့် ကျောက်မျက်ရတနာများ စုစည်းထားရှိမှုနှင့် ရတနာပြပွဲများ ကျင်းပရေးကိစ္စတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ယင်းနောက် စီးပွားရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယခုကော်မတီတွင် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် အတွေ့အကြုံရှိသူများ ဖြစ်၍ မိမိတို့တာဝန်ကို အကောင်းဆုံး ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ COVID-19 ကာလတွင် ယိုင်နဲ့နေသည့်စီးပွားရေးကို အမြန်ဆုံး ပြန်လည်တည့်မတ်စေရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အချိန်အား လေးစားရန်နှင့် အလုပ်ကို အကြွေးမထားရန်လိုကြောင်း၊ တင်ပြသင့်သည်များကို အမြန်ဆုံးတင်ပြရန်နှင့် ဌာနဆိုင်ရာများအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ ပံ့ပိုးမှုပေးရမည့်ဝန်ကြီးဌာနများနှင့် ပုဂ္ဂိုလ်များအနေဖြင့် မျှတရန်လိုအပ်ပြီး လေးလေးနက်နက်စဉ်းစား၍ ဆောင်ရွက်ပေးရန် လိုကြောင်း၊ မူဝါဒများနှင့် ပတ်သက်၍ ခိုင်ခိုင်မာမာဖြစ်ရန်လိုအပ်ပြီး ရပ်တည်ချက် မှန်ကန်ရန်လိုကြောင်း၊ ယခုကော်မတီအစည်းအဝေးသည် တိုင်းပြည်စီးပွားရေး ပြန်လည်တိုးတက်လာစေရေးအတွက် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအား ဗီဒီယိုကွန်ဖရင့်ဖြင့် လက်ခံတွေ့ဆုံ




**နေပြည်တော် ဖေဖော်ဝါရီ ၂၃**
နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Don Pramud-winai အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်ဖြင့် လက်ခံဆွေးနွေးသည်။ (ယာပုံ)

**ရှင်းလင်းပြောကြား**

ထိုသို့ ဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအား မြန်မာနိုင်ငံ၏ လတ်တလောဖြစ်ပေါ်တိုးတက်မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံဝန်ကြီးများသည် ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး ကိစ္စအပါအဝင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများ တရားဝင် လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သည့် အကူအညီများ ပေးအပ်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံဝန်ကြီးများသည် အာဆီယံ ပေါင်းစည်းညီညွတ်ရေးစိတ်ဓာတ်ကို အခြေခံလျက် အာဆီယံလုပ်ငန်း မူဘောင်များအတွင်းမှ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်လည်း ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်သူအချင်းချင်း သတင်းစကားကောက်နုတ်ချက်

၁။ နိုင်ငံကောင်းကျိုး၊ ပြည်သူလူထုအကျိုးအတွက် တာဝန်ဝတ္တရားများကို လုပ်ခွင်မပျက်ဆက်လက်ထမ်းဆောင်နေကြသော ဝန်ထမ်းကောင်းများကို ခြိမ်းခြောက်ဟန့်တားသူ၊ တားဆီးပိတ်ပင်သူ၊ တာဝန်ဝတ္တရားနှောင့်ယှက်သူများကို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူပါလိမ့်မည်။

၂။ တိုင်းပြည်၊ လူမျိုး၊ ပြည်သူအကျိုးကို အစိုးရအဆက်ဆက် နှစ်ပေါင်းများစွာ အနစ်နာခံလျက်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများ၏ လုံခြုံမှုနှင့် ဘေးကင်းမှုကို ဥပဒေဖောက်ဖျက်ကျူးလွန်သူများစော်ကားခြိမ်းခြောက်ခြင်းမှ ထိရောက်စွာ ကာကွယ်ရန် ဖြစ်ပါသည်။

၃။ ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် နိုင်ငံပြည်သူအကျိုးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ စေတနာအပြည့်အဝဖြင့် ရိုးသားကြိုးစားမှ မိသားစုလုံခြုံအေးချမ်းရာကြသော ဘဝကို စာနာနားလည်သောအားဖြင့် အနိုင်အထက် မတရားသဖြင့် တားဆီးနှောင့်ယှက်၊ သိက္ခာချခြင်းများကို မပြုလုပ်သင့်ပါကြောင်း ရိုးသားစွာ ဖော်ပြအပ်ပါသည်။

**ဝန်ထမ်းပြည်သူတစ်ဦး**

## ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုး အကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## Arrival Card/ Departure card ပြန်လည်သုံးစွဲမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**
မြန်မာနိုင်ငံသို့ နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားများ ရောက်ရှိလာချိန်နှင့် ပြန်လည်ထွက်ခွာချိန်များတွင် ၎င်းတို့၏ အချက်အလက်များအား မှတ်တမ်းထားရှိရန်လိုအပ်သဖြင့် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ဝင်ရောက်/ထွက်ခွာသည့်အခါတိုင်း Arrival Card/Departure Card ဖြည့်သွင်းသည့်စနစ်ကို မတ် ၁ ရက်မှစ၍ ပြန်လည်သုံးစွဲမည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ထာဝရခိုင်မြဲသည့် ပြည်ထောင်စုကို တည်ဆောက်သွားမည်

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားထားကြောင်း၊ နောင်ကာလများတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ၌ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်လည်နေထိုင်နိုင်ရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ထာဝရခိုင်မြဲသည့် ပြည်ထောင်စုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## မြန်မာစီးပွားရေးသံမှူးများ၏ နှစ်နိုင်ငံကုန်သွယ်မှုမြင့်တင်ရေးဆောင်ရွက်နိုင်မှုနှင့် အမယ်သစ်ပို့ကုန်များတိုးချဲ့တင်ပို့နိုင်ရေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မြန်မာစီးပွားရေး သံမှူးများ၏ နှစ်နိုင်ငံ ကုန်သွယ်မှုမြင့်တင်ရေး ဆောင်ရွက်နိုင်မှုနှင့် အမယ်သစ်ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေး ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁)၌ Virtual စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)



**တိုးချဲ့တင်ပို့နိုင်ရေး**

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက စီးပွားရေးသံမှူးများသည် မိမိတို့တာဝန်ထမ်းဆောင်နေသည့် နိုင်ငံများ၏ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို သိရှိရမည်ဖြစ်သည့်အပြင် နိုင်ငံရေး၊ လူမှုရေးအခြေအနေများကိုလည်း ခြုံငုံသိထားရန်လိုအပ်ကြောင်း၊ စီးပွားရေးရှေ့တန်းတိုက်စစ်မှူးများ ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရန်အတွက် ပို့ကုန်များဈေးကွက်များ ချဲ့ထွင်ရေး၊ ဈေးကွက်ခိုင်မာရေးနှင့် ပို့ကုန်အမယ်သစ်များကို တိုးချဲ့တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စီးပွားရေးသံမှူးများ၏ အခန်းကဏ္ဍအရေးပါမှုကို အထူးအလေးထားပါကြောင်းနှင့် စီးပွားရေးသံမှူးများအား project-based နှင့် ရွေးချယ်ခဲ့ပြီး နောက်ပိုင်းတွင် result-based ဖြင့် အခြေခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း မှာကြားသည်။

**ဖြေလျှော့ပေးမှုများရှိ**

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မူဝါဒပိုင်းဆိုင်ရာနှင့် စပ်လျဉ်း၍ နိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာရေး၊ ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုဖိတ်ခေါ်ပါကြောင်း၊ မိတ်ဖက်နိုင်ငံများ/ မိမိတို့နိုင်ငံအား စိတ်ဝင်စားသည့် နိုင်ငံများနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကို မြှင့်တင်သွားမည် ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ကြေညာချက်အမှတ် ၁/၂၀၂၁ ကို ဌာန၏ website တွင် မြန်မာ၊ အင်္ဂလိပ်(၂) ဘာသာဖြင့် ထုတ်ပြန်ထားပြီး၊ ထုတ်ပြန်ချက်များအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများမှ ဆက်သွယ်လာလျှင် အချက်အလက်များ မျှဝေပေးစေလိုကြောင်းနှင့် ကိုဗစ်အလွန်ကာလတွင် နိုင်ငံအတော်များများ၌ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးမှုများရှိရာ မိမိတို့တာဝန်ထမ်းဆောင်နေသည့် နိုင်ငံများ၌ ဆောင်ရွက်နေသည့် အခြေအနေများကို လေ့လာပြီး ပြန်လည်တင်ပြသွားရန် မှာကြားသည်။

**ဦးစားပေးဆောင်ရွက်**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးရေး လျင်လျင်မြန်မြန်တိုးတက်ရန် စီးပွားရေးသံမှူးများ၏ အခန်းကဏ္ဍမှာ အရေးပါကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရေးကိုလည်း အရှိန်အဟုန်မြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံမှာ လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးဖြစ်ပြီး GDP ၏ ၂၅ ရာခိုင်နှုန်းခန့်မှာလည်း အဆိုပါကဏ္ဍမှပါဝင်လျက်ရှိရာ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးသည် စားနပ်ရိက္ခာအတွက်သာ မဟုတ်ဘဲ အလုပ်အကိုင် အခွင့်အလမ်းများရရှိအောင် ဖန်တီးပေးနေပါကြောင်း၊ Agrofood system ဖွံ့ဖြိုးအောင် ဆောင်ရွက်သွားရန်နှင့် အဓိကထုတ်ကုန်များဖြစ်သော ပဲ၊ ဆန်၊ ရေထွက်ကုန်များအပြင် အခြားထုတ်ကုန်များ၏ ဈေးကွက်ရရှိရေး ကြိုးပမ်းသွားရန် မှာကြားလိုပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် Bilateral Trade Agreement များမှာ နည်းပါးနေသေးရာ မိမိတို့၏ ထုတ်ကုန်များ အရည်အသွေးမီတင်ပို့နိုင်ရေးအတွက် Sanitary and Phyto-sanitary Agreement များ ချုပ်ဆိုသွားနိုင်ရေး ဆောင်ရွက်သွားသင့်သည်များကို အကြံပြုတင်ပြပေးစေလိုကြောင်း မှာကြားသည်။

အစည်းအဝေး ပထမနေ့တွင် အမေရိကန်နိုင်ငံ၊ တောင်အာဖရိက နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ရှိ စီးပွားရေး သံမှူးများမှ ၎င်းတို့ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်နိုင်မှုနှင့် အမယ်သစ်ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေး ဆောင်ရွက်မည့် အခြေအနေများကို တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

**တင်ပြဆွေးနွေးသွားမည်**

အစည်းအဝေး ဒုတိယနေ့ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံ (ပေကျင်း၊ နန်နင်း၊ ဟောင်ကောင်၊ ကူမင်း)၊ စင်ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ စီးပွားရေးသံမှူးများ/ ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာသံမှူးတို့က တင်ပြဆွေးနွေးသွားမည် ဖြစ်သည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အသိဉာဏ်နှင့် ယှဉ်တွဲသည့် ယုံကြည်မှု

တင်မေဆက်

လောကတွင် အသိဉာဏ်နှင့် ယှဉ်တွဲသည့် ယုံကြည်မှုမျိုးကသာ ကောင်းကျိုးချမ်းသာကို ဖြစ်စေတတ်ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။ အသိဉာဏ်ပါရှိသည့် ယုံကြည်မှုမျိုးကသာ မိမိသန္တာန်တွင် ရေရှည်တည်မြဲနိုင်သည်။ လူ့လောကတွင် အသက်အရွယ်မရွေး အစွန်းရောက်မှားယွင်းတွေးခေါ်မှုဖြစ်သည့်အခါ အသိဉာဏ်ကို အမှောင်ဖုံးပြီး အမှားနှင့် အမှန်ကို ခွဲခြားရန် ခက်ခဲသွားရတတ်သည်။

မိမိလုပ်ရပ်သာအမှန်ဖြစ်ပြီး အခြားသူများ၏ ခံစားချက်၊ အလုပ်ကိစ္စများကို မမှန်ဘူးဟုသာ ထင်မြင်ယူဆတတ်ကြသည်။ အကျိုးကိုကြည့်၍ အပြစ်မြင်တော့မည်ဆိုပါက အကြောင်းကိုလည်း ကြည့်ရပါသည်။ အကြောင်းကိုကြည့်၍ အပြစ်မြင်တော့မည်ဆိုပါကလည်း အကျိုးကိုပြန်၍ ကြည့်ကြရသည်။ အကြောင်းအကျိုးကို မညှိထားသည့် အသိသည် အကောင်းအဆိုးကိုလည်း ခွဲခြား၍ မည်သည့်နည်းနှင့်မျှ မသိနိုင်တော့ချေ။

> **"ပြီးခဲ့သည့်ရက်ပိုင်းက We need US Army ဆိုပြီး ရေးသားဖြန့်ဝေနေသည်ကို မြင်တွေ့ရသည်။ ရန်ကုန်မြို့အခြေစိုက်နိုင်ငံခြားသံရုံးအချို့ရှေ့တွင် ဆန္ဒထုတ်ဖော်ကြသည်။ ၇၂ နာရီအတွင်း ဘယ်နိုင်ငံကလာမည် စသည်ဖြင့် ရေးသားကြသည်။ ကိုယ့်ပြည်တွင်းရေးကို အခြားနိုင်ငံများသို့ ဖြေရှင်းအကူအညီတောင်းမည့်နည်းလမ်းသည် သေချာပေါက် အဖြေထွက်မည်လား၊ ကိုယ့်နိုင်ငံကို စစ်တလင်းအဖြစ် ပြောင်းလဲပေးမည့် နည်းလမ်းလားဆိုတာ တွေးတောစဉ်းစားစေလိုပါသည်။ အီရတ်တို့၊ လစ်ဗျားတို့တွင် ပြည်ပစစ်ရေး အကူအညီကို ရယူကြသည်။ သို့သော် ယနေ့အထိ နာလန်မထူနိုင်သေး၊ ယမ်းခိုးတို့ မတိတ်သေးသည်ကို သတိပြုသင့်ပါသည်"**

ပြီးခဲ့သည့်ရက်ပိုင်းက We need US Army ဆိုပြီး ရေးသားဖြန့်ဝေနေသည်ကို မြင်တွေ့ရသည်။ ရန်ကုန်မြို့အခြေစိုက်နိုင်ငံခြားသံရုံးအချို့ရှေ့တွင် ဆန္ဒထုတ်ဖော်ကြသည်။ ၇၂ နာရီအတွင်း ဘယ်နိုင်ငံကလာမည်စသည်ဖြင့် ရေးသားကြသည်။ ကိုယ့်ပြည်တွင်းရေးကို အခြားနိုင်ငံများသို့ ဖြေရှင်းအကူအညီတောင်းမည့် နည်းလမ်းသည် သေချာပေါက် အဖြေထွက်မည်လား၊ ကိုယ့်နိုင်ငံကို စစ်တလင်းအဖြစ် ပြောင်းလဲပေးမည့်နည်းလမ်းလားဆိုတာ တွေးတောစဉ်းစားစေလိုပါသည်။ အီရတ်တို့၊ လစ်ဗျားတို့တွင် ပြည်ပ စစ်ရေးအကူအညီကို ရယူကြသည်။ သို့သော် ယနေ့အထိ နာလန်မထူနိုင်သေး၊ ယမ်းခိုးတို့ မတိတ်သေးသည်ကို သတိပြုသင့်ပါသည်။

CDM လုပ်ဆောင်နေသော ခင်မင်ရသည့်မိတ်ဆွေအချို့က မိမိအားပြောသည့် စကားတစ်ခွန်းကို စိတ်ထဲစွဲလျက်ထင်နေသည်။ **"အဆုံးအထိတိုက်ကြမယ်"** တဲ့။ မိမိပြန်လည် မေးခွန်းထုတ်သည့် **"ဘယ်လိုအဆုံးသတ်လဲ၊ ဘယ်လောက်ကြာမှာလဲ၊ အဆုံးမှာလိုချင်တာဘာလဲ"** ဆိုတာကိုတော့ သူက မရေမရာပြန်ဖြေသည်။ ဆန္ဒပြသူတွေ၊ အလုပ်မဆင်းသူတွေ နေ့စဉ်ရက်ဆက်ဖြစ်လာရင် လက်ရှိအစိုးရက ပြုတ်ကျ၊ အရပ်သားအစိုးရထံ အာဏာပြန်လွှဲ၊ တိုင်းပြည်ကြီး အေးချမ်းသာယာဝပြောစသည်တို့ ချက်ချင်းဖြစ်လာမလား။ လက်ရှိအခြေအနေကို မတရားခံရသည်ဟု ယူဆသူများရှိသကဲ့သို့ အရာရာတိုင်းသည် အကြောင်းကြောင့် အကျိုးဖြစ်လာခဲ့ရတာဟု ယုံကြည်ထောက်ခံသူများလည်းရှိပါသည်။ မည်သူအုပ်ချုပ်သည်ဖြစ်စေ တိုင်းပြည်ကောင်းစားရင်ပြီးတာပဲဟု ခံယူစောင့်ကြည့်သူများလည်း ရှိနိုင်ပါလိမ့်မည်။

မလွှဲမရှောင်သာသည့် အခြေအနေကြောင့် တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းရယူခဲ့ခြင်းဖြစ်သည်။ မကြာမီ နိုင်ငံ၏ ပကတိအခြေအနေနှင့်ကိုက်ညီမှုရှိသည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဟု ဆိုထားပါသည်။ နိုင်ငံတော်၏ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီး၍ အခြေအနေအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်ပြီးတဲ့အခါ လွတ်လပ်၍တရားမျှတသော အထွေထွေရွေးကောက်ပွဲကို ကျင်းပကာ အနိုင်ရပါတီကို နိုင်ငံတော်တာဝန်များ လွှဲပြောင်းပေးအပ်မည်ဟု အတိအလင်းထုတ်ပြန်ပြီးသားဖြစ်ပါသည်။

လက်ရှိမြန်မာနိုင်ငံသည် ပထဝီသဘောတရားအရ အင်အားကြီးနိုင်ငံ နှစ်နိုင်ငံအကြားတွင် တည်ရှိပြီး မည်သည့်နိုင်ငံမဆို မြန်မာနိုင်ငံသို့ လာရောက်မည်ဆိုပါက နယ်နိမိတ်ကန့်သတ်ချက်၊ ရေပိုင်နက်ကန့်သတ်ချက်များကို လေးစားလိုက်နာရမည်၊ လိုအပ်သည့် ခွင့်ပြုချက်များ၊ သဘောတူညီမှုများ ရယူရမည်ဖြစ်ပါသည်။ သို့သော် ထိုအခြေအနေသို့ ရောက်လာရန်အတွက်လည်း လွယ်လွယ်ကူကူ ဖြစ်လာမည် မဟုတ်ပါ။ အရေးယူပိတ်ဆို့ခြင်းများကြောင့်လည်း အတွေ့အကြုံရှိသည့် မြန်မာနိုင်ငံအဖို့ အထူးတလည် ထိခိုက်ဖွယ်ရာ မရှိနိုင်ပါ။ လူမျိုးတစ်မျိုးတည်းသာရှိနေသည့် နိုင်ငံများတွင်ပင် အခြားနိုင်ငံများက စစ်ရေးဖြင့် ဝင်ရောက်စွက်ဖက်လာသည့်အခါ ပြန်လည်နာလန်ထူရန် နှစ်ပေါင်းများစွာခက်ခဲနေသည့် အခြေအနေတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ရှိပြီး နိုင်ငံရေးအင်အားစုများ၊ အသွေးအရောင်များ ရောနှောစုံလင်သည့် မိမိတို့နိုင်ငံသာ ပြည်ပစွက်ဖက်မှုခံရပါက တိုင်းပြည်အစိတ်စိတ်အမွှာမွှာကွဲပြားကာ ဘိုးဘွားတို့အသက်ပေး၍ ရယူခဲ့ရသည့် နိုင်ငံတော်ကြီး ပျက်သုဉ်းသွားနိုင်ပါသည်။

နိုင်ငံခြားရောက် မိတ်ဆွေအချို့နှင့် အိမ်မှာနေရင်း နိုင်ငံရေးခံယူချက်ပြင်းထန်သူအချို့ လူမှုကွန်ရက်များတွင် ပြည်သူများတစ်ခဲနက်ဆန္ဒပြဖို့နှင့် ဝန်ထမ်းများ CDM လုပ်ကြဖို့၊ CDM မလုပ်ကြသူအများများစုမှာ သစ္စာဖောက်များ ဖြစ်လုနီးနီးပြောဆိုနေကြသည်၊ မျှဝေနေကြသည်ကို မြင်တွေ့ရသည်။ သူတစ်ပါးကို လမ်းပေါ်ထွက်ရန် ပြောဆိုရသည်မှာ လွယ်ကူပါသည်။ မိမိကိုယ်တိုင် တည်ဆောက်ထားရသည့် နိုင်ငံခြားရောက် ဘဝတစ်ခုကို စွန့်လွှတ်ကာ ကိုယ်တိုင်လမ်းပေါ်ထွက်နိုင်ပါသလားဟု မေးလာခဲ့မည်ဆိုလျှင် ထိုသူများက "အခြေအနေမပေးလို့သာ ပေးပါက ပြည်သူနှင့်အတူ"ဟူ၍များ ဖြေဆိုနေမည်လားမသိ။ ဝန်ထမ်းများကို ရုံးတက်ခြင်းအတွက် အရှက်ရစေရန် အမျိုးမျိုးရေးသားဖြန့်ဝေကြသည်။ ဝန်ထမ်းတစ်ဦးနှင့် နောက်ကွယ်က မိသားစုများ၏ စားဝတ်နေရေး ထည့်မစဉ်းစား ပေးကြဘဲ ဘယ်ကိုမှန်းမသိ ရုန်းထွက်ခိုင်းနေခြင်း၊ ဆန္ဒပြမှုကိုအရှိန်မြှင့်ရန် လူထုကို တိုက်တွန်းမြှောက်ပင့်ပေးနေခြင်းသည် အကြမ်းဖက်ဆူပူမှု Riot အထိမှသည် မင်းမဲ့စရိုက်ဆန်သည့် လူအုပ်စု Anarchy Mob များအဖြစ် မရောက်ရောက်အောင် တွန်းပို့ပေးနေခြင်းဟုသာ ယူဆမိပါသည်။

ကျန်းမာရေးဝန်ထမ်းများ ဆေးရုံများတွင် မရှိသည့်အတွက် အချိန်လွန်သွားခဲ့ရသည့် လူနာများ၊ ဝန်ထမ်းများအလုပ်မဆင်းသည့်အတွက် ဌာနဆောင်ရွက်ချက်များ နှောင့်နှေးရသဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ငွေရေးကြေးရေး ထိခိုက်ခံစားရသူများအတွက် ထည့်သွင်း စဉ်းစားပေးကြရမည်ဖြစ်ပါသည်။ ကိုယ်ချင်းစာတရားလက်ကိုင်ထားကာ ငြိမ်းချမ်းစွာဖြင့် နည်းလမ်းမရှာဘဲ ငါနှင့်မတူ ငါ့ရန်သူ၊ အတွေးအခေါ် အယူအဆမတူသူများကို နှိပ်ကွပ်စော်ကားခြင်း၊ ထိခိုက်နစ်နာစေခြင်းသည် ဒီမိုကရေစီကို ပြက်ရယ်ပြုခြင်းပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၄ သန်းကျော်အနက် လူတစ်သန်းကျော် ဆန္ဒထုတ်ဖော်ကြသည်ထား၊ ဆန္ဒပြသူသည် လူဦးရေ၏ ၂ ရာခိုင်နှုန်းပင် မရှိပါ။ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်း စုစုပေါင်း ၁ သန်းကျော်ရှိသော်လည်း ဆန္ဒပြသူဝန်ထမ်းဦးရေ သောင်းဂဏန်းသာ ရှိပါသည်။ ဝန်ထမ်းအင်အားစုစုပေါင်း၏ ၂ ရာခိုင်နှုန်းပင်မပြည့်ဟု မီဒီယာများတွင် ရေးသားဖော်ပြလျက်ရှိပါသည်။ ထိုအထဲက ဝန်ထမ်းအချို့ဆိုလျှင် လူပြောသူပြောနှင့်သာ CDM လုပ်ကြရသော်လည်း ဌာနကို သံယောဇဉ်ကြီးစွာဖြင့် ပြန်လာလိုကြသူများလည်း အများအပြား ရှိသည်။ နေ့စဉ်ရက်ဆက် ဆန္ဒပြပွဲများကြောင့် ပြည်သူများ စီးပွားရေး၊ လူမှုရေးများ အားနည်းယိမ်းယိုင်လာနိုင်ပြီး အခက်အခဲများ ကြုံရနိုင်ပါသည်။ လနှင့်ချီ၍ CDM ဝန်ထမ်းများနှင့် စားဝတ်နေရေး ခက်ခဲသော ပြည်သူများအတွက် ဘယ်လိုအဖွဲ့ကကြားကြားများ ထောက်ပံ့ပေးနိုင်ပါမည်နည်းဟု စဉ်းစားပေးစေလိုပါသည်။

ပြည်သူများအဖို့ ပြဿနာတစ်ခုကိုချဉ်းကပ်ရာတွင် အမှန်တရားနှင့်နီးစပ်မှုရှိစေရန်အတွက် မိမိအသိပညာ၊ အတွေ့အကြုံ၊ ဖြတ်ထိုးဉာဏ်၊ လေ့လာမှု၊ ဆင်ခြင်တုံတရားတို့ ဖြင့် ပေါင်းစပ်ချဉ်းကပ်နိုင်မှသာ ဓမ္မဓိဋ္ဌာန်ကျသည့် အဖြေတစ်ခုထွက်ပေါ်လာမည်ဖြစ်ပါသည်။ လက်ရှိနိုင်ငံရေးသည် မိမိတို့နိုင်ငံ၏ အရေးကိစ္စသာဖြစ်သည့်အတွက် ဒီမိုကရေစီ နည်းလမ်းအရသာ တိုက်တွန်း၍ အဖြေရှာသင့်ပါသည်။ ဒီမိုကရေစီယဉ်ကျေးမှုအရ ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နိုင်သော်လည်း အများပြည်သူအေးချမ်းစွာ နေထိုင်မှုနှင့် တည်ငြိမ်မှုကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိ ဥပဒေမဲ့ ခြိမ်းခြောက် အကျပ်ကိုင်၊ အဓမ္မအကြမ်းဖက်မှုများ ရပ်တန်းကရပ်စေလိုပါသည်။ ပြည်သူများ စဉ်းစား ဆင်ခြင်ဉာဏ်နှင့် ယှဉ်၍သာ ဆုံးဖြတ်လုပ်ကိုင်သင့်ကြပါပြီဟု ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

> **"နိုင်ငံခြားရောက် မိတ်ဆွေအချို့နှင့် အိမ်မှာနေရင်း နိုင်ငံရေးခံယူချက်ပြင်းထန်သူအချို့ လူမှုကွန်ရက်များတွင် ပြည်သူများတစ်ခဲနက်ဆန္ဒပြဖို့နှင့် ဝန်ထမ်းများ CDM လုပ်ကြဖို့၊ CDM မလုပ်ကြသူအများများစုမှာ သစ္စာဖောက်များဖြစ်လုနီးနီးပြောဆိုနေကြသည်၊ မျှဝေနေကြသည်ကို မြင်တွေ့ရသည်။ သူတစ်ပါးကို လမ်းပေါ်ထွက်ရန် ပြောဆိုရသည်မှာ လွယ်ကူပါသည်။ မိမိကိုယ်တိုင် တည်ဆောက်ထားရသည့် နိုင်ငံခြားရောက်ဘဝတစ်ခုကို စွန့်လွှတ်ကာ ကိုယ်တိုင်လမ်းပေါ်ထွက်နိုင်ပါသလားဟု မေးလာခဲ့မည်ဆိုလျှင် ထိုသူများက "အခြေအနေမပေးလို့သာ ပေးပါက ပြည်သူနှင့်အတူ" ဟူ၍များ ဖြေဆိုနေမည်လားမသိ။ ဝန်ထမ်းများကို ရုံးတက်ခြင်းအတွက် အရှက်ရစေရန် အမျိုးမျိုးရေးသားဖြန့်ဝေကြသည်။ ဝန်ထမ်းတစ်ဦးနှင့် နောက်ကွယ်က မိသားစုများ၏ စားဝတ်နေရေး ထည့်မစဉ်းစားပေးကြဘဲ ဘယ်ကိုမှန်းမသိ ရုန်းထွက်ခိုင်းနေခြင်း၊ ဆန္ဒပြမှုကို အရှိန်မြှင့်ရန် လူထုကို တိုက်တွန်းမြှောက်ပင့်ပေးနေခြင်းသည် အကြမ်းဖက်ဆူပူမှု Riot အထိမှသည် မင်းမဲ့စရိုက်ဆန်သည့်လူအုပ်စု Anarchy Mob များအဖြစ် မရောက်ရောက်အောင် တွန်းပို့ပေးနေခြင်းဟုသာ ယူဆမိပါသည်"**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၈၄ /၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးဇော်အေးမောင်အား တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၈၅ /၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

### စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးလှဟန် အစား ဦးတင်သန်းဝင်းအား အစားထိုး ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၈၆ /၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှစ်ဦးအား အောက်ပါအတိုင်း အစားထိုးခန့်အပ် တာဝန်ပေးလိုက်သည်-

(က) ဦးသောင်းတင် (အစား) ဦးအောင်မိုးမြင့်
( ခ) ဦးကျော်ကျော် (အစား) ဦးအောင်လွင်ဦး

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၈၇ /၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(က) ဒေါက်တာ ဇော်မြင့်
( ခ) ဦးဇော်ဝင်း

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## (၂၅)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲကို ၂၀၂၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့သို့ ပြောင်းလဲဖွင့်လှစ်သွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**ကြေညာချက်အမှတ် ( ၃ / ၂၀၂၂ )**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် )

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် (၂၅)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေထီစာအုပ်များကို ထီစာအုပ်ဝယ်ယူခွင့်ရရှိသူများထံသို့ မူလအက္ခရာ (၃၉)လုံး၊ ထီအုပ်ရေ (၃၁၉၀၉၀၂) အုပ်ကို ခွဲဝေရောင်းချခဲ့ပြီး၊ ထီကံစမ်းသူပြည်သူများကို ထီဆုငွေအဖြစ် ၆၀% အား ဆုမဲများအဖြစ် ပြန်လည်ခွဲဝေပေးသွားမည်ဖြစ်ပါသည်။

၂။ ယခုအခါတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအရ ထီလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ လက်ပွေ့/တွန်းလှည်း ထီရောင်းသူများ ထီရောင်းချနိုင်မှု မရှိခြင်း၊ ထီကံစမ်းသူပြည်သူများမှာလည်း ထီထိုးရန် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း သိရှိရပါသဖြင့် နိုင်ငံတော်မှ ပြည်သူများ၏ အလုပ်အကိုင်နှင့် စီးပွားရေး အခက်အခဲများ အဆင်ပြေစေရေးအတွက် (၂၅) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ထီလက်မှတ်များတွင် ဖော်ပြထားသော (၁-၃-၂၀၂၂) ရက်နေ့အစား (၁၅-၃-၂၀၂၂) ရက်နေ့သို့ ပြောင်းလဲဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၃။ (၂၆) ကြိမ်မြောက်အတွက် အောင်ဘာလေထီလက်မှတ်များကို ပုံမှန်အတိုင်း ၂၀၂၂ ခုနှစ်၊ မတ်လ (၁) ရက်နေ့မှ စတင်ရောင်းချသွားမည်ဖြစ်ပြီး၊ အောင်ဘာလေထီဖွင့်ပွဲကို ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**



နေပြည်တော် ဥတ္တရသီရိမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တို့ ဆက်စပ်လျက်ရှိသည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား (မကွေး) လမ်းပိုင်း၏ အရှည် ခြောက်မိုင် တစ်ဖာလုံ၊ အကျယ် ၁၈ ပေ တိုးချဲ့တည်ဆောက်ထားသော လမ်းပိုင်းကို တွေ့ရစဉ်။ (အဆိုပါလမ်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၆၇၇ သန်းဖြင့် ဥတ္တရခရိုင် လမ်းဦးစီးဌာနက ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၃၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရ သည်။) ဥတ္တရခရိုင်(ပြန်/ဆက်)

# သတင်းမီဒီယာကောင်စီ (သို့မဟုတ်) လွတ်လပ်သည့် တစ်ခုတည်းသော မီဒီယာအဖွဲ့အစည်း

## ဒေါက်တာ သီတာတင်

မြန်မာနိုင်ငံမှာ သတင်းမီဒီယာကောင်စီကို ဥပဒေဖြင့် စတင်ဖွဲ့စည်းဖို့အတွက် ပြန်ကြားရေးဝန်ကြီးဌာနနဲ့ စာနယ်ဇင်းကောင်စီ(ယာယီ)တို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့ကြတာကို ပြန်ပြောင်းသတိရမိတဲ့အတွက် ဒီဆောင်းပါးကို ရေးဖြစ်ခဲ့ပါတယ်။

ကျွန်မ ပြန်ကြားရေးဝန်ကြီးဌာနကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်စဉ်အချိန် ၂၀၁၂ ခုနှစ်လောက်မှာ မြန်မာနိုင်ငံရဲ့ မီဒီယာဖွံ့ဖြိုးရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်ဖို့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ စာနယ်ဇင်းလောကမှပုဂ္ဂိုလ်များ ညှိနှိုင်းကာ စာနယ်ဇင်းကောင်စီ(ယာယီ)ကို ဖွဲ့စည်းခဲ့တယ်လို့ သိရပါတယ်။ အဲဒီနောက် –

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာ ရေးသားထုတ်ဝေဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာလုပ်ငန်းများ ဖြစ်ပေါ်စေရန်၊

(ခ) သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာရပ်တည်နိုင်စေရန်၊

(ဂ) သတင်းမီဒီယာများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်၊

(ဃ) သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းနှင့် ကျင့်စဉ်များကို ဆိုင်ရာလုပ်ငန်း၊ အဖွဲ့အစည်းများအတွင်း သတ်မှတ်ရေးဆွဲရန်၊

(င) နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်၊

(စ) သတင်းမီဒီယာတစ်ခုခုတွင် ရေးသားဖော်ပြထုတ်လွှင့်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ယောက်၏ တိုင်ကြားချက်၊ အငြင်းပွားချက်များကို နှစ်ဖက်ညှိနှိုင်းဖြေရှင်းသောနည်းလမ်းဖြင့် ကျေအေးပြေငြိမ်းစေရန်ဆိုတဲ့ ရည်ရွယ်ချက်ကောင်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည့် သတင်းမီဒီယာကောင်စီတစ်ခု ပေါ်ပေါက်လာစေဖို့ သတင်းမီဒီယာဥပဒေကြမ်းကို ပြန်ကြားရေးဝန်ကြီးဌာနနဲ့ စာနယ်ဇင်းကောင်စီ(ယာယီ)တို့အကြား ဆွေးနွေးညှိနှိုင်းရေးဆွဲခဲ့ကြပါတယ်။

ကျွန်မအနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ဥပဒေကြမ်းကို ရေးဆွဲရေးမှာ ထဲထဲဝင်ဝင် ပါဝင်ခဲ့သူဖြစ်တာမို့ သတင်းမီဒီယာကောင်စီတစ်ခု ပေါ်ပေါက်လာရေးအတွက် ဥပဒေကြမ်းရေးဆွဲသူများအနေနဲ့ ဘယ်လောက် အားစိုက်ကြိုးပမ်းခဲ့ရသလဲဆိုတာ ယခုအချိန်အထိ အမှတ်ရနေဆဲ ဖြစ်ပါတယ်။ အချင်းချင်း ငြင်းခုံကာ အဖြေရှာ ညှိနှိုင်းခဲ့တာတွေ၊ နံနက် ၃ နာရီလောက်အထိ အလုပ်လုပ်ခဲ့ရတာတွေ၊ နိုင်ငံတကာရှိ သတင်းမီဒီယာကောင်စီတို့ရဲ့ သဘောသဘာဝ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ ဘဏ္ဍာရေး၊ လွတ်လပ်မှု၊ ကောင်စီဝင်များကို ရွေးချယ်မှုပုံစံ၊ မိမိနိုင်ငံနဲ့ သင့်တော်မှုရှိမယ့် အခြေအနေ၊ သတင်းသမားများ စောင့်စည်းအပ်တဲ့ တာဝန်၊ ကျင့်ဝတ်နဲ့ ရပိုင်ခွင့် အစရှိတာတွေကို လေ့လာကာ နိုင်ငံတကာ အဆင့်မီ ဥပဒေတစ်ခု ထွက်လာစေဖို့ အချိန်များစွာပေးပြီး လေ့လာခဲ့ရပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ စာနယ်ဇင်းကောင်စီ(ယာယီ) တို့အကြား ဆွေးနွေးမှုအကြိမ်ကြိမ် ပြုလုပ်ကာ ၂၀၁၄ ခုနှစ် မတ်လတွင် သတင်းမီဒီယာဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

ဥပဒေပြဋ္ဌာန်းပြီးနောက် မီဒီယာကဏ္ဍဖွံ့ဖြိုးရေးနဲ့ ပြည်သူ့အကျိုးပြုစေဖို့ သတင်းမီဒီယာကောင်စီဖွဲ့စည်းရေးကို ဆက်လက်ဆောင်ရွက်ကြရပါတယ်။ ဒီဥပဒေအရ သတင်းမီဒီယာကောင်စီ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များ၏ ရွေးချယ်မှုကြောင့် အတွင်းရေးမှူးအဖြစ် ကျွန်မ ဆောင်ရွက်ခဲ့ရပါတယ်။ ကျွန်မတို့ရဲ့ သတင်းမီဒီယာကောင်စီ ရွေးချယ်တင်မြှောက်ရေးအဖွဲ့နဲ့ စာနယ်ဇင်းကောင်စီ(ယာယီ)တို့အကြား သတင်းမီဒီယာကောင်စီဝင်များကို ရွေးချယ်တင်မြှောက်မယ့် ပုံစံနဲ့ နည်းလမ်းများကို အကျေအလည် ဆွေးနွေးကြပြီးနောက် မူကြမ်းကို ပြန်ကြားရေးဝန်ကြီးဌာနကို တင်ပြပြီး ဝန်ကြီးဌာနမှ အမိန့်ညွှန်ကြားချက် ထုတ်ပြန်ပေးခဲ့ပါတယ်။

> “ သတင်းမီဒီယာတစ်ခုခုတွင် ရေးသားဖော်ပြ ထုတ်လွှင့်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ယောက်၏ တိုင်ကြားချက်၊ အငြင်းပွားချက်များကို နှစ်ဖက်ညှိနှိုင်းဖြေရှင်းသော နည်းလမ်းဖြင့် ကျေအေးပြေငြိမ်းစေရန် အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းမှုကော်မတီ (Complaint committee) ကိုဖွဲ့စည်းကာ ဆောင်ရွက်ပေးပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့အတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်အထိ တိုင်ကြားမှု ၁၆၂ ခုကို လက်ခံရရှိခဲ့ပါတယ်။ ၎င်းတို့အနက် ဖြစ်စဉ်ပေါင်း ၃၈ ခုကို ဖြေရှင်းပေးနိုင်ခဲ့ကာ တိုင်ကြားမှု ၁၀ ခုမှာ ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။ အထူးသဖြင့် တရားစွဲဆိုထားပြီးဖြစ်တဲ့ အမှုလေးခုကိုလည်း အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းမှုကော်မတီက ပြေလည်အောင် ဖြေရှင်းပေးနိုင်ခဲ့ပါတယ်”

အဲဒီနောက်မှာ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ကောင်စီဝင်လောင်း အဆိုပြုလွှာကို တောင်းခံကြပြီး သတ်မှတ်စည်းမျဉ်းများနဲ့ ကိုက်ညီမှု ရှိ၊ မရှိကို ရွေးချယ်တင်မြှောက်ရေးအဖွဲ့က စိစစ်လို့ ကိုက်ညီသူများစာရင်းကို ထုတ်ပြန်ပေးရပြီး ဥပဒေနဲ့အညီ ရွေးချယ်ပွဲကို ကျင်းပပေးရပါတယ်။ သတင်းမီဒီယာကောင်စီဝင်များအဖြစ် ရွေးချယ်ခံရသူများစာရင်းကို ပြန်ကြားရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြရပါတယ်။ နိုင်ငံတော်သမ္မတ က အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် နည်းဥပဒေ (၁၄) အရ သမ္မတရှေ့မှောက်တွင် ကတိသစ္စာပြုကြရပါတယ်။ ဒီလိုနဲ့ သတင်းမီဒီယာဥပဒေ ပုဒ်မ ၁၂ အရ **“ကောင်စီသည် စာနယ်ဇင်းသမားများနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်”** ဟူသည့် မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးသော သတင်းမီဒီယာကောင်စီကို အဘဦးခင်မောင်လေး {ဦးဖိုးသောကြာ (ယခုကွယ်လွန်)} ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော ကောင်စီကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

ပေးအပ်တဲ့ တာဝန်များကို သက်တမ်းသုံးနှစ်ကြာ ကျေပွန်စွာဆောင်ရွက်ကြပြီးနောက် ဒုတိယအကြိမ် သတင်းမီဒီယာကောင်စီအသစ်ရွေးချယ်ဖို့ အချိန်ကျရောက်တဲ့အခါ သတင်းမီဒီယာကောင်စီ ရွေးချယ်တင်မြှောက်ရေးအဖွဲ့အသစ်ကို ဖွဲ့စည်းပြီး ဥပဒေနဲ့အညီ ယခင်အတိုင်း ဆောင်ရွက်ကြရပါတယ်။ ကျွန်မတို့အဖွဲ့က ဒုတိယအကြိမ်သတင်းမီဒီယာကောင်စီဝင်များ စာရင်းကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့မှာ ကြေညာခဲ့ပါတယ်။ ဒုတိယအကြိမ် သတင်းမီဒီယာကောင်စီမှာ ဥက္ကဋ္ဌအဖြစ် ဦးဆောင်သူကတော့ အဘ ဦးအုန်းကြိုင် (ဟံသာဝတီ) (ယခုကွယ်လွန်) ဖြစ်ပါတယ်။

သတင်းမီဒီယာကောင်စီဝင်များ ဖြစ်လာသူများကိုကြည့်ရင် သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်း ရုပ်ပြဆရာများ၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနဲ့ နည်းပညာဆိုင်ရာ အသိပညာရှင်နဲ့ အတတ်ပညာရှင် အသင်းအဖွဲ့များ၊ သမ္မတနဲ့ လွှတ်တော်နှစ်ရပ်မှ ရွေးချယ်ပေးပို့သည့်သူများ၊ တစ်သီးပုဂ္ဂလ ပါဝင်ရွေးချယ်ခံ အနိုင်ရသူများနဲ့ မိမိတို့ဆိုင်ရာ အသင်းများမှာ ယှဉ်ပြိုင်အောင်မြင်ပြီးမှ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ကျင်းပတဲ့ ရွေးချယ်ပွဲမှာ ထပ်မံယှဉ်ပြိုင်၍ အနိုင်ရလို့ ကောင်စီဝင်များဖြစ်လာကြတဲ့သူများ ပါဝင်တာတွေ့ရပါတယ်။ တင်ပြချင်တာက ကောင်စီဝင်ဖြစ်လာသူများအနေနဲ့ အလွယ်တကူ ဖြစ်လာကြသူများမဟုတ်ကြပါ။ သူတို့ရဲ့ ဆိုင်ရာကဏ္ဍတွေမှာ နာမည်သတင်းရှိသူများဖြစ်တာ တွေ့ရပါတယ်။

ကောင်စီဝင်များ ဖြစ်လာပြီးနောက်တွင်လည်း သတင်းမီဒီယာဥပဒေ၊ ပုဒ်မ (၁၇)ပါ ပြဋ္ဌာန်းချက်များဖြစ်တဲ့ ကောင်စီရဲ့ အောက်ပါတာဝန်များကို ဆောင်ရွက်ကြရပါတယ်–

(က) သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးခြင်း၊

(ခ) သတင်းမီဒီယာလုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှ တင်သွင်းရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်းခြင်း၊

(ဂ) သတင်းမီဒီယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ကျင်းပစီစဉ်ခြင်း၊

(ဃ) သတင်းဆိုင်ရာ ထူးချွန်သူများကို ဆုချီးမြှင့်ရေးအတွက် စာနယ်ဇင်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) သတင်းမီဒီယာလုပ်ငန်း တိုးတက်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊

(စ) လိုအပ်သည့်အချိန်တိုင်း သတင်းထုတ်ပြန်ခြင်း၊

(ဆ) ပြည်သူများ သတင်းမှန်သိခွင့်ရရှိရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ လူထုအခြေပြု အဖွဲ့အစည်းများတွင် သတင်းထုတ်ပြန်ရေးတာဝန်ခံတစ်ဦး သတ်မှတ်ထားရှိရေးအတွက် ကောင်စီက ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) မိမိလုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို နိုင်ငံတော်သမ္မတထံ တစ်နှစ်လျှင် တစ်ကြိမ် မပျက်မကွက် အစီရင်ခံခြင်းတို့ကို ဆောင်ရွက်ကြပါတယ်။

ဒ့ါအပြင် ပုဒ်မ(၁၈)အရ ကောင်စီရဲ့ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာမှာ လိုအပ်တဲ့ ကော်မတီများကို ဖွဲ့စည်းကာ လုပ်ငန်းတာဝန်တွေ သတ်မှတ်ပြီး ဆောင်ရွက်မှုများလည်း ရှိပါတယ်။ သာဓကအားဖြင့် ဒီဥပဒေပြဋ္ဌာန်းရခြင်း ရည်ရွယ်ချက် တစ်ခုဖြစ်တဲ့ သတင်းမီဒီယာတစ်ခုခုတွင် ရေးသားဖော်ပြ ထုတ်လွှင့်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ယောက်၏တိုင်ကြားချက်၊ အငြင်းပွားချက်များကို နှစ်ဖက်ညှိနှိုင်းဖြေရှင်းသော နည်းလမ်းဖြင့် ကျေအေးပြေငြိမ်းစေရန် အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းမှုကော်မတီ (Complaint committee) ကို ဖွဲ့စည်းကာ ဆောင်ရွက်ပေးပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့အတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်အထိ တိုင်ကြားမှု ၁၆၂ ခုကို လက်ခံရရှိခဲ့ပါတယ်။ ၎င်းတို့အနက် ဖြစ်စဉ်ပေါင်း ၃၈ ခုကို ဖြေရှင်းပေး နိုင်ခဲ့ကာ တိုင်ကြားမှု ၁၀ ခုမှာ ပြန်လည်ရုပ်သိမ်း ခဲ့ပါတယ်။ အထူးသဖြင့် တရားစွဲဆိုထားပြီးဖြစ်တဲ့ အမှုလေးခုကိုလည်း အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းမှု ကော်မတီက ပြေလည်အောင် ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ ဒီဖြစ်စဉ်တွေကတော့–

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က Eleven Media Group ကို တရားရုံးမှာ တရားစွဲဆိုခဲ့တဲ့ အမှုကို သတင်းမီဒီယာကောင်စီက နှစ်ဖက်တွေ့ဆုံ ညှိနှိုင်းပေးခဲ့လို့ နှစ်ဖက်ကျေအေးကာ အမှုပြန်လည်ရုပ်သိမ်းခဲ့ကြပါတယ်။ ကျန်သုံးမှုက တပ်မတော်က RFA သတင်းဌာန၊ DVB သတင်းဌာန၊ Eleven Media Group သတင်းဌာနနှင့် ကန္တရဝတီတိုင်းမ် သတင်းဌာနတို့ကို တရားရုံးတွင် တရားစွဲဆိုထားမှုများကို သတင်းမီဒီယာကောင်စီမှ ကြားဝင်ညှိနှိုင်းပေး ဆောင်ရွက်ခဲ့လို့ ပြေလည်သွားခဲ့ပါတယ်။ (၃၇) ကြိမ်မြောက် Universal Periodical Review (UPR) လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ UPR အစီရင်ခံစာအပေါ် သုံးသပ်မှုကို ၂၅.၁.၂၀၂၁ ရက်နေ့ ဂျီနီဗာတွင် ကျင်းပပြုလုပ်ခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စားလှယ်အဖြစ် ကျွန်မက ဖြေကြားရာတွင် သတင်းမီဒီယာကောင်စီ၏ ဆောင်ရွက်နိုင်ခဲ့မှုများကို ထည့်သွင်း ဆွေးနွေးတင်ပြခဲ့ပါတယ်။

သတင်းမီဒီယာကောင်စီက အခြားပြည်တွင်း၊ ပြည်ပ မီဒီယာဖွံ့ဖြိုးရေးဆောင်ရွက်တဲ့ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး သင်တန်းများ၊ သတင်းသမားများအတွက် မီဒီယာကျင့်ဝတ်၊ ရွေးကောက်ပွဲဆိုင်ရာသတင်းရေးသားတင်ပြရာမှာ လိုက်နာသင့်တဲ့ကျင့်ဝတ် အစရှိတဲ့ မီဒီယာဆိုင်ရာ ကျင့်ဝတ်စည်းကမ်းလိုက်နာစေရန်နဲ့ အတတ်ပညာများ တိုးပွားလာစေရန် ဆောင်ရွက်ပေးပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းကာ မဏ္ဍိုင်ကြီး လေးရပ်တွေ့ဆုံပွဲများကို ကျင်းပကာ သတင်းမှန်များကို အချိန်နဲ့တစ်ပြေးညီ ရယူထုတ်ပြန်နိုင်ရန်အတွက် ညှိနှိုင်းအဖြေရှာခဲ့ကြလို့တိုးတက်မှုများလည်း ရှိခဲ့ပါတယ်။ မီဒီယာကဏ္ဍ တိုးတက်ရန် ရည်ရွယ်ပြီး မြန်မာတပ်မတော်နဲ့ သတင်းမီဒီယာကောင်စီအကြား ဆွေးနွေးတွေ့ဆုံမှုများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြတာကိုလည်း တွေ့ရှိရပါတယ်။

*စာမျက်နှာ ၉ သို့*

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ အဆင်ပြေချောမွေ့စွာ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေးနှင့် အလုပ်သမားများအတွက် ဥပဒေနှင့်အညီ လုပ်ခလစာပေးချေနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ အဆင်ပြေချောမွေ့စွာ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးနှင့် အလုပ်သမားများအတွက် ဥပဒေနှင့်အညီ လုပ်ခလစာပေးချေနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်နှင့် ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် (၂၉) ဇုန်မှ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ကြိုးပမ်းဆောင်ရွက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ကိုဗစ်-၁၉ ရောဂါကြောင့် စက်ရုံ၊အလုပ်ရုံများ ရပ်နားပိတ်သိမ်းမှုများကြောင့် အလုပ်သမား (၁) သိန်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရပါကြောင်း၊ ယခု အရေးပေါ်ကာလတွင် စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများကိုလည်း CDM လှုပ်ရှားမှုတွင် ပါဝင်အောင် လှုံ့ဆော်စည်းရုံးမှုများရှိပါကြောင်း၊ ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံအချို့သည် လုပ်ငန်းများ ရပ်ဆိုင်းမှုများရှိသည့်အတွက် ကုန်ထုတ်လုပ်မှုများ လျော့နည်းကျဆင်းခဲ့ရပါကြောင်း၊ အလုပ်ရှင်များလည်း ထိခိုက်နစ်နာမှုများရှိသကဲ့သို့ အလုပ်သမားများလည်း လုပ်ခလစာမရရှိကြဘဲ စားဝတ်နေရေး ခက်ခဲကျပ်တည်းမှုများ ဖြစ်ပေါ်ခဲ့ကြပါကြောင်း၊ ယင်းသို့ အရေးပေါ်ကာလအတွင်း CDM လှုပ်ရှားဆောင်ရွက်ခြိမ်းခြောက်မှုများကြောင့် အလုပ်သမားများ အခက်အခဲဖြစ်ကာ စက်ရုံ၊ အလုပ်ရုံများ လည်ပတ်ရန်ခက်ခဲမှုများရှိလာပြီး ဆက်လက်လည်ပတ် ဆောင်ရွက်နေသည့် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်ဆင်းနေသည့် အလုပ်သမားများအတွက် ဥပဒေနှင့်အညီ လုပ်ခလစာများပေးချေနိုင်ရေးနှင့် အလုပ်သမားများအား CDM တွင်ပါဝင်ရန် ခြိမ်းခြောက်မှုများ လျော့ပါးစေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

**လုပ်ခလစာပေးချေနိုင်ရေး**

နိုင်ငံအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ အဆင်ပြေချောမွေ့စွာ ပုံမှန်ပြန်လည်လည်ပတ်နိုင်မှသာ အလုပ်သမားများ လုပ်ခလစာရရှိပြီး ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာကာ နိုင်ငံ၏ စီးပွားရေးကဏ္ဍသည်လည်း တိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် CDM လှုပ်ရှားမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၌ ကုန်ကြမ်းပြတ်လပ်ခြင်း၊ အမှာစာမရရှိခြင်း၊ အရှုံးပေါ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများ ယာယီ ပိတ်သိမ်းခြင်း၊ CDM တွင် ပါဝင်သူ အချို့သည် စက်ရုံပေါက်မှ စောင့်ကာ အလုပ်ဆင်းရန် လာရောက်သည့် အလုပ်သမားများအား အလုပ်မဆင်းရန် တားဆီးနှောင့်ယှက်ခြင်းများ ဖြစ်ပေါ်လျက်ရှိခြင်းများကို သိရှိရပါကြောင်း၊ သို့သော် တချို့စက်ရုံ၊ အလုပ်ရုံများသည် ပုံမှန်လည်ပတ်မှုရှိသဖြင့် CDM မပါဝင်ဘဲ ပုံမှန်အလုပ်ဆင်းနေသည့် အလုပ်သမားများအတွက် လုပ်ခလစာကို ပေးချေရမည်ဖြစ်ပါကြောင်း၊ မကြာခင် လကုန်တော့မည်ဖြစ်သဖြင့် အလုပ်ဆင်းသည့် အလုပ်သမားများအတွက် အခကြေးငွေ ပေးချေရေးဥပဒေအရ လုပ်ခလစာ ပေးချေနိုင်ရေးနှင့် ယခုကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်သည့်ရက်များအတွက် ဥပဒေနှင့်အညီ လုပ်ခဖြတ်တောက်ကာ ထုတ်ပေးရန် ကျန်သည့် လုပ်ခလစာများ အပြည့်အဝ ထုတ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

**အကောင်အထည်ဖော် ဆောင်ရွက်**

ထို့ပြင် CDM ခြိမ်းခြောက်မှုများ လျော့နည်းသွားရေးနှင့် အလုပ်သမားများ လုပ်ငန်းခွင်သို့ ချောချောမောမော အမြန်ပြန်လည် ဝင်ရောက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ စက်ရုံ၊ အလုပ်ရုံများ အဆင်ပြေစွာ ပုံမှန်ပြန်လည် လည်ပတ်နိုင်မည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ မိမိဝန်ကြီးဌာနအနေဖြင့် ယခုကာလအတွင်း အလုပ်သမားများ ကြုံတွေ့နေရသည့် အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးနှင့် အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များ မှန်မှန်ကန်ကန်နှင့် အပြည့်အဝ ရရှိစေရေးကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စက်မှုဇုန်အသီးသီးမှ တာဝန်ရှိသူများကလည်း စက်ရုံ၊ အလုပ်ရုံများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးနှင့် အလုပ်သမားများ အခွင့်အရေးကို အလေးထား ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်းနှင့် ယခုတက်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အလုပ်ရှင်ကိုယ်စားလှယ်များ၊ စက်မှုဇုန်များမှ ကိုယ်စားလှယ်များ၊ စက်ရုံ၊ အလုပ်ရုံများ အဆင်ပြေချောမွေ့စွာ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးနှင့် အလုပ်ခွင် ဝင်နေသည့် အလုပ်သမားများအတွက် ဥပဒေနှင့်အညီ လုပ်ခလစာပေးချေနိုင်ရေးတို့အတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ အကြံဉာဏ်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေးပေးကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် (၂၉) ဇုန်၌ စက်ရုံ၊ အလုပ်ရုံများ ဖွင့်လှစ်လည်ပတ်ဆောင်ရွက်နေမှု၊ လက်ရှိအခြေအနေအရ CDM အဖွဲ့များ ခြိမ်းခြောက်ခံရမှုကြောင့် စက်ရုံများသို့ မလာရောက်နိုင်ဘဲ လုပ်ငန်းခွင်ပျက်ကွက်နေသည့် လုပ်သားအင်အားအခြေအနေ၊ CDM မပါဝင်ဘဲ ဆက်လက်လည်ပတ်နေသည့် စက်ရုံ၊ အလုပ်ရုံများနှင့် လုပ်သားအင်အား အခြေအနေ၊ လကုန်ရက်တွင် အလုပ်သမားများအား လုပ်ခလစာထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှု၊ အလုပ်သမားများအား CDM တွင် ပါဝင်ဆောင်ရွက်မှုလျော့နည်းစေရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် စက်ရုံ၊ အလုပ်ရုံများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ ဆွေးနွေး**

ဆက်လက်၍ UMFCCI မှ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်နှင့် အလုပ်ရှင်ကိုယ်စားလှယ်များက စက်ရုံ၊ အလုပ်ရုံများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကိုလည်းကောင်း၊ စက်မှုဇုန်အသီးသီးမှ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက အလုပ်သမားများ အလုပ်ခွင်ရေရှည်တည်မြဲရေး၊ ဘဏ်များနှင့်ချိတ်ဆက်၍ လုပ်ခလစာပေးချေနိုင်ရေးနှင့် စက်မှုဇုန်အလိုက် လုပ်ငန်းလိုအပ်ချက်များ၊ လုပ်ငန်း အခက်အခဲများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အလုပ်ရှင်၊ အလုပ်သမားရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ အရေးပေါ်ဖြေရှင်းရန်ရှိပါက အလုပ်သမားရေးရာဆိုင်ရာ ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် စက်ရုံ၊ အလုပ်ရုံများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေး၊ အလုပ်သမားများ CDM လှုပ်ရှားမှုတွင် ပါဝင်မှု လျော့နည်းရေး၊ ဥပဒေနှင့်အညီ လုပ်ခလစာပေးချေနိုင်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်စေဖို့ကောင်စီဝင်များအနေနဲ့ ဥရောပနိုင်ငံများနှင့် အာရှဒေသနိုင်ငံများသို့ လေ့လာရေး သွားရောက်မှုများလည်း ပြုလုပ်ကြပါတယ်။ မှတ်မှတ်ရရ ၂၀၁၉ ခုနှစ်က ကောင်စီဥက္ကဋ္ဌကြီး အဘဦးအုန်းကြိုင်က ဥရောပ (၃) နိုင်ငံ မီဒီယာလေ့လာရေး ခရီးစဉ်တွင် ကိုယ်စားလှယ်အဖွဲ့၏ အတွင်းရေးမှူးအဖြစ် လိုက်ပါရန် ကျွန်မကို ဖိတ်ခေါ်ခဲ့ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျွန်မ မလိုက်ဖြစ်ခဲ့သော်လည်း သတင်းမီဒီယာကောင်စီနဲ့ ပြန်ကြားရေးဝန်ကြီးဌာနအကြား အပြန်အလှန် လေးစားမှုနဲ့ တန်ဖိုးထားမှုဆိုတဲ့ အငွေ့အသက်ကို ကျွန်မအမှတ်ရ တန်ဖိုးထားဆဲပါ။ ကောင်စီဝင်/ကောင်စီဝင်ဟောင်း အချို့ကို ပြန်ကြားရေးဝန်ကြီးဌာနမှာ ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်အပ်နှင်းခံရသူ နှစ်ဦးနဲ့ ဒုတိယဝန်ကြီး/ဒုတိယဝန်ကြီးနှင့် အဆင့်တူ ရာထူးများကို တာဝန်အပ်နှင်းခံရသူ နှစ်ဦးရှိခဲ့ပြီး ဖြစ်ပါတယ်။

အချုပ်အားဖြင့် တင်ပြရလျှင် မြန်မာနိုင်ငံရဲ့ မီဒီယာကဏ္ဍကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ဌာနဆိုင်ရာများ၊ ပြည်တွင်း၊ ပြည်ပရှိ မီဒီယာဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ သတင်းမီဒီယာကောင်စီဝင်များရဲ့ တာဝန်တွေဟာ များပြားသလို၊ ဒီတာဝန်တွေကို လစာမယူဘဲ စိတ်စေတနာသန့်သန့်နဲ့ ဆောင်ရွက်နေကြသူများဖြစ်ကြလို့ လေးစားတန်ဖိုးထားထိုက်သူများလည်း ဖြစ်ကြပါတယ်။ ဘယ်လိုအခြေအနေ အချိန်အခါမျိုးမှာပဲဖြစ်ဖြစ် သတင်းမီဒီယာသမားတွေနဲ့ ပြည်သူတွေအကြား၊ သတင်းမီဒီယာသမားတွေနဲ့ တာဝန်ရှိအဖွဲ့အစည်းတွေအကြား ဆက်သွယ်ပေါင်းကူးညှိနှိုင်းပေးသူအဖြစ်နဲ့ သတင်းမီဒီယာကောင်စီရဲ့ အသုံးဝင်အားထားရမှု တန်ဖိုးအားအမြဲအရေးပါနေမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

---

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။ **မိုး/ဇလ**

❍ ကျောဖုံးမှ

၃။ ဆန္ဒမဲလက်မှတ်များ၏ ကနဦးရိုက်နှိပ်မှုနှင့် ထပ်မံရိုက်နှိပ်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ် ကနဦးရိုက်နှိပ်မှုနှင့် ထပ်မံရိုက်နှိပ်မှုအခြေအနေ**

| စဉ် | ရက်စွဲ | မှာကြားသည့် တိုင်းဒေသကြီး/ ပြည်နယ် | ဆန္ဒမဲလက်မှတ် | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ပြည်သူ့ | အမျိုးသား | တိုင်း/ပြည်နယ် | တိုင်းရင်းသား | ပေါင်း | |
| ၁ | ၁-၉-၂၀၂၀ | တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး | ၄၄၀၁၁၅၄၄ | ၄၄၀၀၁၆၂၉ | ၄၃၀၄၂၄၇၄ | ၇၄၀၄၆၂၃ | ၁၃၈၄၆၀၂၇၀ | ကနဦးရိုက်နှိပ်မှု |
| ၂ | ၁၃-၁၀-၂၀၂၀ | ကယားပြည်နယ် | ၁၂၅၀ | ၁၇၅၀ | ၁၇၅၀ | - | ၄၇၅၀ | ထပ်မံရိုက်နှိပ်မှု |
| | | ကရင်ပြည်နယ် | ၂၆၂၅၀ | ၂၆၀၅၀ | ၂၆၈၅၀ | ၅၉၅၀ | ၈၅၁၀၀ | |
| | | မွန်ပြည်နယ် | - | - | - | ၁၁၀၆၀၀ | ၁၁၀၆၀၀ | |
| | | ရခိုင်ပြည်နယ် | - | - | - | ၂၂၅၀ | ၂၂၅၀ | |
| | | ကချင်ပြည်နယ် | ၃၇၄၅၀ | ၃၇၆၅၀ | ၄၆၆၀၀ | ၁၃၇၂၀၀ | ၂၅၈၉၀၀ | |
| ၃ | ၁၆-၁၀-၂၀၂၀ | ပဲခူးတိုင်း | ၁၈၈၀၀ | ၁၃၇၀၀ | ၃၄၄၀၀ | - | ၆၆၉၀၀ | ထပ်မံရိုက်နှိပ်မှု |
| | | ရှမ်းပြည်နယ် | - | - | ၄၈၅၀ | - | ၄၈၅၀ | |
| ၄ | ၂၁-၁၀-၂၀၂၀ | ကရင်ပြည်နယ် | ၅၇၅၀ | ၅၈၀၀ | ၅၈၀၀ | ၇၂၅၀ | ၂၄၆၀၀ | ထပ်မံရိုက်နှိပ်မှု |
| | | ရှမ်းပြည်နယ် | ၄၁၅၀ | ၂၂၅၀ | ၇၉၅၀ | ၂၄၅၀ | ၁၆၈၀၀ | |
| | | မန္တလေးတိုင်း | ၃၃၉၅၀ | ၁၉၈၀၀ | ၄၃၅၀၀ | - | ၉၇၂၅၀ | |
| | | ကချင်ပြည်နယ် | ၁၃၈၀၀ | ၁၂၈၅၀ | ၁၇၁၅၀ | ၉၃၅၀ | ၅၃၁၅၀ | |
| | | ရန်ကုန်တိုင်း | ၄၀၅၀ | ၅၂၀၀ | ၁၀၁၅၀ | ၉၇၅၀ | ၂၉၁၅၀ | |
| | | တနင်္သာရီတိုင်း | ၇၅၀၀ | ၇၅၀၀ | ၉၄၅၀ | - | ၂၄၄၅၀ | |
| ၅ | ၂၂-၁၀-၂၀၂၀ | ဧရာဝတီတိုင်း | ၂၅၅၀ | ၁၂၅၀၀ | ၁၄၅၀၀ | ၁၀၃၀၀ | ၃၉၈၅၀ | ထပ်မံရိုက်နှိပ်မှု |
| ၆ | ၂၃-၁၀-၂၀၂၀ | ရှမ်းပြည်နယ် | ၇၅၀ | - | ၁၆၀၀ | - | ၂၃၅၀ | ထပ်မံရိုက်နှိပ်မှု |
| ၇ | ၂၆-၁၀-၂၀၂၀ | ရှမ်းပြည်နယ် | ၅၅၀ | ၅၅၀ | ၅၅၀ | ၄၅၀ | ၂၁၀၀ | ထပ်မံရိုက်နှိပ်မှု |
| ၈ | ၃၀-၁၀-၂၀၂၀ | ရန်ကုန်တိုင်း | - | - | ၃၄၀၀ | - | ၃၄၀၀ | ထပ်မံရိုက်နှိပ်မှု |
| ၉ | ၇-၁၁-၂၀၂၀ | ရန်ကုန်တိုင်း | ၁၀၀၀ | ၁၀၀၀ | ၂၂၉၀၀ | ၁၂၅၀၀ | ၃၇၄၀၀ | ထပ်မံရိုက်နှိပ်မှု |
| ၁၀ | ၇-၁၁-၂၀၂၀ | ရန်ကုန်တိုင်း | - | - | ၁၅၀၀ | ၅၅၀၀ | ၇၀၀၀ | ထပ်မံရိုက်နှိပ်မှု |
| | ထပ်တိုးပေါင်း | | ၁၅၇၈၀၀ | ၁၄၆၆၀၀ | ၂၅၂၉၀၀ | ၃၁၃၅၅၀ | ၈၇၀၈၅၀ | |
| | စုစုပေါင်း | | ၄၄၁၆၉၃၄၄ | ၄၄၁၄၈၂၂၉ | ၄၃၂၉၅၃၇၄ | ၇၇၁၈၁၇၃ | ၁၃၉၃၃၁၁၂၀ | |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ မောင်တောမြို့ အမှတ် (၁) လူဝင်/ ထွက် စစ်ဆေးရေးစခန်း (POE) ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၄) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဇော်လင်းအောင် ဦးဆောင်သော ကိုယ်စားလှယ်ခုနစ်ဦးနှင့် အမှတ် (၂) ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် (တက္ကနဒ့်ဖ်) မှ တပ်ရင်းမှူး Lt.Col. Mohammad Faisal Hasan Khan ဦးဆောင်သော ကိုယ်စားလှယ် ၁၁ ဦးတို့ တက်ရောက်ကြသည်။





အစည်းအဝေးတွင် နယ်စပ်ဖြတ်ကျော်၍ တရားမဝင် ဝင်/ထွက်သွားလာမှုများအား တားဆီးထိန်းသိမ်းပေးရေး၊ နယ်စပ်ဒေသနေပြည်သူများအား အသိပညာပေးရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ မဖြစ်ပေါ်စေရန်နှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှု ရှိစေရန်တို့အတွက် အပြန်အလှန် သတင်းဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကာ မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေနှင့်အညီ အရေးယူခဲ့ပြီးဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၄ ဦးအား မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်သို့ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးအပ်ခဲ့သည်။ ၎င်းတို့မှာ တရားမဝင် ဝင်ရောက် နေထိုင်သူ ၂၂ ဦး၊ တရားမဝင် ငွေကြေးလဲလှယ်သူ တစ်ဦးနှင့် တရားမဝင်ကုန်စည်ပို့ဆောင်သူ တစ်ဦးတို့ဖြစ်ပြီး ၁၉၈၀ ပြည့်နှစ်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားအစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်၊ အပိုင်း (၂)၊ အပိုဒ် (၇) နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီ၊ လွိုင်လင်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့နှင့် ရမ်ကလောင်းတို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၁ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2021) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံအသိုက်အဝန်းတည်ဆောက်မှု ပိုမိုအားကောင်းစေရေး၊ ဒေသတွင်းပေါင်းစည်းမှု မြှင့်တင်ရေး၊ အားလုံးပါဝင်မှုနှင့် ပြည်သူလူထုအကြား အာဆီယံနှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတ မြှင့်တင်ရေးတွင် စံနမူနာအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာဆုတစ်ခု ဖြစ်သော ၂၀၂၁ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာအာဆီယံဥက္ကဋ္ဌမှ သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ အောက်ဖော်ပြပါနယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူများ ဖြစ်ရပါမည် -

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

(ခ) အာဆီယံနှင့် ကမ္ဘာ့တစ်ဝန်းအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ

(င) အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အခြားစွမ်းစွမ်းတမံဆောင်ရွက်ချက်များ

၃။ လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကိုရွေးချယ်၍ အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ကျင်းပမည့် (၅၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး ပြည်သူဗဟိုပြု အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူ ဖြစ်ရပါမည်။

၅။ ၂၀၂၁ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို ယခုကြေညာသည့်အချိန်မှစ၍ ဧပြီလ ၂၃ ရက်နေ့အထိ လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက်နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားမည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများသည် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅)မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-/ တွင် ရယူ၍နိုင်ပါသည်။

၇။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆုစတင်ချီးမြှင့်ခဲ့သည့် အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ဆုများကို အသီးသီးဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက်အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

*❊ ကျောဖုံးမှ*

မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ပြန်လည် ထွက်ခွာခဲ့သည်။

**စနစ်တကျ ကြိုဆို**

အဆိုပါ မြန်မာနိုင်ငံသားများသည် နေရပ်ပြန်ရန်အတွက် မည်သူဖြစ်ကြောင်း၊ သက်သေခံလက်မှတ် (C of I) ထုတ်ယူထားရှိပြီးသူများဖြစ်ကာ COVID-19 ရောဂါပိုးရှိ/ မရှိ ဆေးစစ် အောင်မြင်ပြီးသူများဖြစ်ပြီး စစ်ရေယာဉ်များသို့ ရောက်ရှိလာသော နေရပ်ပြန်မည့်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အဝတ်အစား အသုံးအဆောင်များ ထောက်ပံ့ပေးခြင်းနှင့် စနစ်တကျ ကြိုဆိုနေရာချထားပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ (ဝဲပုံ)






**ကိုဗစ် - ၁၉ ကာလတွင် နိုင်ငံရပ်ခြားတွင် ပိတ်မိဒုက္ခခံနေရသည့် မြန်မာနိုင်ငံသားများ ခေါ်ဆောင်လာသည့် စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)နှင့် စစ်ရေယာဉ်(ဆင်ဖြူရှင်) တို့ကို တွေ့ရစဉ်။**

**စီစဉ်ဆောင်ရွက်**

မြန်မာ့တပ်မတော်မှ စစ်ရေယာဉ်များနှင့်အတူ လိုက်ပါလာသော မြန်မာနိုင်ငံသားများကို ၎င်းတို့၏ မိသားစုများနှင့် အမြန်ပြန်လည်တွေ့ဆုံနိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လမ်းခရီးတစ်လျှောက်လုံခြုံရေး၊ စားသောက်နေထိုင်ရေးနှင့် လိုအပ်သော ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးခြင်းတို့ကို ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) အပါအဝင် စစ်ရေယာဉ်များ၌ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဖေဖော်ဝါရီ ၂၇ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**အခက်အခဲဖြစ်ပေါ်နေသူများ**

အဆိုပါ မလေးရှားနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲဖြစ်ပေါ်နေသူများအား ယခင်အစိုးရလက်ထက်တွင် ခေါ်ယူရန် တင်ပြခဲ့သော်လည်း ခွင့်ပြုချက် မရရှိခဲ့သည့်အတွက် ခေါ်ယူမှု မအောင်မြင်ခဲ့ကြောင်း၊ ယခုမှသာ ခေါ်ယူမှုအောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ငွေကျပ်သိန်း ၆၈၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ငွေကျပ်သိန်း ၆၈၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက် ည ၁၁ နာရီခန့်တွင် မောင်တောမြို့နယ် ကျောက်ချောင်းကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ မာမွတ်ကာမာနှင့် ရှောင်ရှူအာလောင်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့သယ်ဆောင်လာသည့် ဆာလာအိတ်များအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၇၀၀၀ သိမ်းဆည်းရမိခဲ့ပြီး အလားတူ ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် မောင်တောမြို့နယ် ကြိမ်ချောင်းစစ်ဆေးရေးဂိတ်တွင် ကုန်အာန်အာလီ မောင်းနှင်လာသည့် PROBOX မော်တော်ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၃၀၀၀ စုစုပေါင်း ငွေကျပ်သိန်း ၆၈၀၀ တန်ဖိုး သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး (ယာပုံ) ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ၁၆ နှစ် သမီးလေးကို ဓားဖြင့်ထိုးသတ်သူအား ၂၄ နာရီအတွင်း ဖမ်းဆီးရမိ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကျောင်းအိုင်အုပ်စု ပတ်တန်းကျေးရွာ၌ ယမန်နေ့ည ၁၀ နာရီခန့်က လူသတ်မှုဖြစ်ပွားကြောင်း သိရသည်။

တရားလို နမ့်တင်နွယ်လှိုင်သည် ရွာအပြင်ဘက်ရှိ လယ်တဲနေအိမ်ပေါ်၌ မိခင်၊ ညီမ နမ့်အေးမွန်ထွေးနှင့်အတူ သုံးယောက် ဝိုင်းဖွဲ့စကားပြောနေစဉ် ယခင်က ခင်မင်ရင်းနှီးသူ လှိုင်မင်းထွန်း (ခ) ငပိမှာ အရက်မူးကာ နေအိမ်ပေါ်တက်ရောက်၍၎င်းခရီးသွားခဲ့သော အကြောင်းများ ပြောပြပြီး အိမ်ရှေ့အလယ်တိုင်တွင် ချိတ်ထားသော နမ့်အေးမွန်ထွေး၏ ခါတ်ပုံကို ဖြုတ်ယူသဖြင့် နမ့်အေးမွန်ထွေး အမှတ်တရပုံဖြစ်၍ မပေးနိုင်ကြောင်းပြော၍ ခါတ်ပုံအားပြန်လုယူရာ ပြစ်မှုကျူးလွန်သူက အသင့်ပါလာသော ဓားမြောင်ဖြင့် ဝမ်းဗိုက်ကို ထိုးခဲ့ကြောင်း၊ နမ့်တင်နွယ်လှိုင်က ဓားမြောင်အား လုယူရာ မရရှိဘဲ အော်ဟစ်နေသော နမ့်အေးမွန်ထွေးအား လေးချက်ခန့် ထပ်မံထိုးသဖြင့် နေရာတွင် သေဆုံးသွားကြောင်း၊ ပတ်ဝန်းကျင်အား အကူအညီတောင်းခံခဲ့ရာ လှိုင်မင်းထွန်းမှာ ထွက်ပြေးသွားခဲ့ကြောင်း၊ ညီမဖြစ်သူအား သေဆုံးအောင် ဓားဖြင့် ထိုးသတ်ပြီး ၎င်းအား ဒဏ်ရာရရှိအောင် ပြုလုပ်သူ လှိုင်မင်းထွန်းအား ဥပဒေအရ အရေးယူပေးပါရန် တိုင်တန်းမှုဖြစ်ပွားခဲ့သည်။

ထွက်ပြေးတိမ်းရှောင်သူ ကျောင်းကုန်းမြို့နယ် ဝက်ချောင်းအုပ်စု ထမင်းဆုပ်ကုန်းကျေးရွာနေ လှိုင်မင်းထွန်းအား ဖမ်းဆီးရမိရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းရွှေဦးဆောင်သောအဖွဲ့၊ မြို့မရဲစခန်းမှူး ဦးဆောင်သောအဖွဲ့၊ နယ်ထိန်းခေါင်းဆောင် ဦးဆောင်သောအဖွဲ့၊ ဝက်ချောင်းရဲကင်းစခန်းမှူး ဦးဆောင်သော အဖွဲ့နှင့် မြို့မရဲစခန်းမှ တာဝန်ကျရဲတပ်ကြပ် မင်းမင်းအောင်နှင့်အဖွဲ့တို့က ယနေ့ နံနက် ၈ နာရီခန့်တွင် ကျောင်းကုန်းမြို့မဈေးအနီး လှေကူးဆိပ်၌ သတင်းစုံစမ်းနေစဉ် လှိုင်မင်းထွန်း (ခ) ငပိ (၂၇ နှစ်) အား နိုင်လွန်အိတ်အတွင်းမှ သွေးစွန်းနေသော ဓားမြောင်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း မြို့မရဲစခန်းက သိရသည်။

**ဝင်းကြိုင် (ပြန်/ဆက်)**

# ဖျာပုံမြို့နယ် အမာမြို့ ဦးပေကျေးရွာ၌ နေအိမ်ခေါင်မိုးပေါ်သို့ မီးစပစ်တင်ခြင်း ခံရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမာမြို့ နောက်မီးအုပ်စု ဦးပေကျေးရွာမှ ဦးမောင်မောင်ထွေး၏ နေအိမ်ခေါင်မိုးကို ဖေဖော်ဝါရီ ၂၁ ရက်တွင် မီးစပစ်တင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်တွင် ဦးမောင်မောင်ထွေးသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ၎င်း၏ နေအိမ်တွင် ညီမဝမ်းကွဲတော်စပ်သူ ဒေါ်မြင့်မြင့်အေးနှင့် အလုပ်သမားနှစ်ဦးအား အိမ်စောင့်အဖြစ်ထားရှိကာ အမာမြို့ (၂)ရပ်ကွက်ရှိ နေအိမ်သို့ ပြန်လာခဲ့ကြောင်း၊ ဒေါ်မြင့်မြင့်အေးသည် နေအိမ်၌ရှိနေစဉ် ဖေဖော်ဝါရီ ၂၁ ရက် ည ၇ နာရီ ၅၅ မိနစ်ခန့်တွင် နေအိမ်အနောက်ဘက်မှ လူတစ်ဦးသည် အိမ်ခေါင်မိုးပေါ်သို့ မီးစပစ်တင်ခဲ့သည်ကို တွေ့ရှိရသဖြင့် လိုက်လံကြည့်ရှုရာ နေအိမ်ခေါင်မိုးပေါ်သို့ ရေနံဆီဆွတ်ထားသော အလျား ခြောက်လက်မ၊ အနံ နှစ်လက်မခန့်ရှိ အပြာရောင်ပုဆိုးစတွင် မီးလောင်လျက်ရှိပြီး နေအိမ်ခေါင်မိုးကို မီးစွဲလောင်နေသည်ကို တွေ့ရှိသဖြင့် ပတ်ဝန်းကျင်အား အကူအညီတောင်းခံ၍ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြောင်းနှင့် အဆိုပါမီးလောင်မှုကြောင့် နေအိမ်အမိုး မီးလောင်ပျက်စီးသွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မီးစပစ်ခံရမှုနှင့်ပတ်သက်၍ ဦးမောင်မောင်ထွေးက နေအိမ်မီးလောင်အောင်ပြုလုပ်သူအား ဥပဒေအရအရေးယူပေးနိုင်ရန် အမာမြို့ နယ်မြေခံရဲစခန်းသို့ တိုင်ကြားခဲ့သဖြင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိမိလုပ်ငန်းတာဝန်ကို ထမ်းဆောင်ခြင်းမရှိဘဲ CDM ပြုလုပ်ပြီး ပုဂ္ဂလိက ဆေးရုံ၌ အခကြေးငွေဖြင့် ဆေးကုသပေးနေသည့် ဆရာဝန်တစ်ဦးအား အမှုဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး မိုးညှင်းမြို့နယ် ညောင်လေးပင်ကျေးရွာနေ အမျိုးသမီးတစ်ဦးသည် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီတွင် ကျေးရွာအတွင်း၌ ဆိုင်ကယ်မတော်တဆ တိမ်းမှောက်၍ ယာဘက်လက်ထိခိုက်ဒဏ်ရာရရှိခဲ့ရာ ပြည်မြို့(ခုတင်-၅၀၀) ပြည်သူ့ဆေးရုံတွင် ဖွင့်လှစ်ကုသခြင်းမရှိသဖြင့် ညနေ ၅ နာရီခန့်တွင် ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသခြင်းမရှိဘဲ ပုဂ္ဂလိကသံလွင်ဆေးရုံ၌ အခကြေးငွေရယူလျက် ဆေးကုသနေသည့် ဒေါက်တာကျော်သူရထံသို့ သွားရောက်ပြသခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၁ နာရီတွင် အမျိုးသမီး၏ ယာဘက်လက်သူကြွယ်နှင့် လက်သန်း နှစ်ချောင်းအား ငွေကျပ် ၁၃ သိန်းပေး၍ ခွဲစိတ်ဖြတ်တောက်ခဲ့ရသည့်အပြင် ဒေါက်တာကျော်သူရက ဒုတိယအကြိမ် ထပ်မံခွဲစိတ်ရန် လိုအပ်ကြောင်း ပြောလာခဲ့သဖြင့် ငွေကြေး မတတ်နိုင်တော့သည့်အတွက် ၎င်းပုဂ္ဂလိက ဆေးရုံမှ အမှတ် (၆) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀) သို့ လာရောက်ပြသ အရေးပေါ်ခွဲစိတ်ကုသမှု ခံယူခဲ့ရသည်။



ဆမ-၁၉၉၀၃ ဒေါက်တာ ကျော်သူရ ပြည်မြို့ ပြည်သူ့ဆေးရုံတွင် စတင်တာဝန်ထမ်းဆောင်သည့်ရက် ၈-၆-၂၀၂၀

အဆိုပါ အမျိုးသမီးအနေဖြင့် ပုဂ္ဂလိကဆေးရုံ၌ မိမိဒဏ်ရာအား ကုသမှုခံခဲ့ရာမှ ငွေကြေးမတတ်နိုင်တော့သဖြင့် တပ်မတော်ဆေးရုံသို့ ပြောင်းရွှေ့ကုသရာတွင် အချိန်မီ ထပ်မံခွဲစိတ်ခြင်း မပြုလုပ်ပါက အသက်အန္တရာယ်စိုးရိမ်ရသည့် အနေအထားသို့ ရောက်ရှိနေသဖြင့် လူနာ၏ ယာဘက်လက်ခလယ်နှင့် လက်ညှိုးတို့အား မလိုအပ်ဘဲ ဖြတ်တောက်ကုသခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နစ်နာသူအမျိုးသမီးက ဒေါက်တာကျော်သူရအား တောင်းခံသည့် ငွေကြေးပေးအပ်သော်လည်း ငွေကြေးထပ်မံတောင်းခံခဲ့ခြင်း၊ CDM ပါဝင်ဆောင်ရွက်သည့်အပြင် အခြားဝန်ထမ်းများအား စည်းရုံးခြင်း၊ ပြည်သူများကျန်းမာရေး အခက်အခဲဖြစ်စေရန် ဝန်ထမ်းစည်းမျဉ်းနှင့် ဆန့်ကျင်လျက် မတရားငွေကြေးတောင်းခံကုသမှုအပေါ် ဥပဒေနှင့်အညီ အရေးယူပေးနိုင်ပါရန် ပြည်မြို့ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့သို့ တိုင်ကြားခဲ့သဖြင့် စခန်းမှူး ဒုတိယရဲမှူး ကျော်အေးလှိုင်က (ပ) ၃၂/ ၂၀၂၁၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က) အရ အမှုဖွင့်ဆောင်ရွက်ထားရှိပြီး ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည့်အပြင် မြန်မာနိုင်ငံဆေးကောင်စီသို့လည်း ပြည်သူ့ဝန်ထမ်း ဆရာဝန်တစ်ဦးအနေဖြင့် တာဝန်မဲ့လုပ်ရပ်များအား စာရေးသားတိုင်တန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စဉ့်ကူးမြို့နယ်တွင် တရားမဝင်တူမီးသေနတ် ကိုင်ဆောင်သွားလာနေသူအား ဖမ်းမိ

**စဉ့်ကူး ဖေဖော်ဝါရီ ၂၃**

စဉ့်ကူးမြို့နယ် နတ်တောင်ကျေးရွာအုပ်စု ဆည်တွင်းကျေးရွာတွင် တရားမဝင် တူမီးသေနတ်ကိုင် ဆောင်သွားလာနေသူတစ်ဦးအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၀ ရက် ည ၁၀ နာရီခန့်က လက်ပန်လှနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်မင်းနှင့်အဖွဲ့သည် နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ဆည်တွင်းကျေးရွာအနီး ဝါးပိုး-လက်ပန်လှသွားလမ်းမပေါ်တွင် လူတစ်ဦး တူမီးသေနတ်ကိုင်ဆောင်ပြီး လာရောက်နေကြောင်းသတင်းအရ သွားရောက်ကြည့်ရှုရာ ဝါးပိုး-လက်ပန်လှ ကျေးရွာသွားလမ်းမပေါ်တွင် အောင်သက်ဝင်း (၃၄ နှစ်)ဆည်တွင်းကျေးရွာနေသူထံမှ လက်လုပ်တူမီးသေနတ်အား ယမ်းထောင်းတန် တစ်ချောင်း၊ တူမီးသေနတ်ပစ်ခတ်ရာတွင် အသုံးပြုသည့် ခဲသီးအကြီး သုံးလုံးနှင့် အသေးခြောက်လုံးတို့အား ရှာဖွေတွေ့ရှိရသဖြင့် ဥပဒေအရအရေးယူပေးရန် ဒုရဲအုပ်ကျော်မင်း၏ တိုင်တန်းချက်အရ လက်ပန်လှနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဝင်းမောင် (စဉ့်ကူး)**

# မတ်လအတွင်းမှစတင်ကာ အင်္ဂလန်တွင် ကန့်သတ်ထားမှုများ ဖယ်ရှားပေးတော့မည်

လန်ဒန် ဖေဖော်ဝါရီ ၂၃

**ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် မတ်လအစောပိုင်းမှစတင်ကာ အင်္ဂလန်တွင် အဆင့်အလိုက် ကိုဗစ် -၁၉ ကန့်သတ်ချက်များ ဖြေလျှော့ပေးတော့မည့် အစီအစဉ်ကို ထုတ်ဖော်ပြောကြားခဲ့သည်။**

ဖေဖော်ဝါရီ ၂၂ ရက်က ပြုလုပ်သည့် ပါလီမန်တွင် အဆင့်လေးဆင့် လမ်းပြမြေပုံကြေညာခဲ့သည်။ ပထမအဆင့်တွင် မတ် ၈ ရက်မှစတင်ကာ ကျောင်းများအားလုံးပြန်ဖွင့်မည်ဖြစ်ပြီး မတ် ၂၉ ရက်မှစတင်ကာ လူခြောက်ဦး စုဝေးခွင့်ကို ခွင့်ပြုပေးမည်ဖြစ်သည်။

ဒုတိယအဆင့်ဖြေလျှော့မှုကို ဧပြီ ၁၂ ရက်တွင် စတင်မည်ဖြစ်ပြီး အရေးတကြီး မလိုအပ်သည့် ဆိုင်များနှင့် ဆံပင်အလှပြုပြင်ရေး ဆိုင်များကို ဖွင့်လှစ်ခွင့်ပေးမည် ဖြစ်သည်။ အရက်ဆိုင်များနှင့် စားသောက်ဆိုင်များတွင်လည်း ဆိုင်ထိုင်စားသောက်ခွင့်ကို ပေးမည်ဖြစ်သည်။ အခြားသော ကန့်သတ်ချက်များကိုလည်း အဆင့်အလိုက် ဖြေလျှော့ပေးနိုင်ရေး စီစဉ်ထားကြောင်း သိရသည်။

အဆင့်အားလုံး ဖြေလျှော့ပေးမည့် အချိန်မှာ အစောဆုံးအားဖြင့် ဇွန် ၂၁ ရက်တွင် ဖြစ်နိုင်သည်ဟု ဗြိတိန်အစိုးရ ကပြောသည်။ ဒုတိယအဆင့် ဖြေလျှော့မှု မပြီးသေးသရွေ့ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှုကို ဆက်လက်ပိတ်ထားဦးမည်ဖြစ်သည်။

အဆင့်တိုင်း အဆင့်တိုင်းတွင် နောက်ထပ်ဖြေလျှော့မှု လုပ်သင့် မသင့်ကို အစိုးရက ဆုံးဖြတ်မည်ဖြစ်သည်။ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်များ၊ ကူးစက်မှုနှုန်း ဗီဇပြောင်း ကိုဗစ် -၁၉ အခြေအနေများမှ အချက်အလက်များအပေါ် အခြေခံကာ ဆုံးဖြတ်မည်ဖြစ်သည်။ ဗြိတိန်နိုင်ငံသည် လွန်ခဲ့သည့်လအတွင်းမှ စတင်ကာ ဗြိတိန်ဆေးဝါးကုမ္ပဏီ အက်စ်ထရာဇနီကာမှ ထုတ်လုပ်သည့်ကာကွယ်ဆေးများကို အသုံးပြုခြင်းကို ခွင့်ပြုပေးခဲ့သည်။

ဗြိတိန်နိုင်ငံသည် ကိုဗစ် – ၁၉ကြောင့် လူပေါင်း ၁၂၀၀၀၀ ကျော်သေဆုံးခဲ့ပြီး နေ့စဉ်ကူးစက်မှုနှုန်းမှာ လျော့ကျလာသည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်။

# အမေရိကန်တွင် ကိုဗစ်–၁၉ကြောင့် သေဆုံးသူ ၅၀၀၀၀၀ ကျော်ရှိလာ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၃**

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ အရေအတွက်မှာ သန်းတစ်ဝက်ကျော်လွန်လာပြီဟု သိရသည်။

ဖေဖော်ဝါရီ ၂၃ ရက်တွင် ဂျွန်ဟော့ကင်း တက္ကသိုလ်၏ တွက်ချက်မှုများအရ အမေရိကန်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရပြီးနောက်သေဆုံးသူ အရေအတွက်မှာ ၅၀၀၁၅၉ ဦးရှိလာသည်ဟု ဖော်ပြထားသည်။

အမေရိကတွင် ကျေးဇူးတော်နေ့၊ ခရစ္စမတ်နေ့နှင့် နှစ်သစ်ကူးနေ့များတွင် ကိုဗစ် – ၁၉ ကူးစက်မှု အရေအတွက်မှာ တစ်ရှိန်ထိုးတိုးလာခဲ့သည်။ ဇန်နဝါရီလအတွင်း နေ့စဉ် ကိုဗစ် – ၁၉ ကူးစက်မှု အရေအတွက်မှာ ၂၀၀၀၀၀ ကျော်ရှိပြီး သေဆုံးသူအရေအတွက်မှာလည်း ၄၀၀၀ ကျော် ရှိသည်ဟု သိရသည်။

ယခုအခါ ကူးစက်မှုအသစ်များမှာ လျော့ကျလာပြီဖြစ်သည်။ မတ်လလယ်ခန့်တွင် သေဆုံးသူအရေအတွက်မှာ ထောင်နှင့်ချီ၍ ရှိနိုင်သေးကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ခန့်မှန်းထားသည်။



အမေရိကန်တွင် ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးနှံပေးနေစဉ်။

အမေရိကန်နိုင်ငံတွင် လူဦးရေ ၄၄ သန်းနီးပါး ကိုဗစ် – ၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးပေးပြီး ဖြစ်သည်။ လူဦးရေ ၁၉ သန်း ရာခိုင်နှုန်းအားဖြင့် တွက်လျှင် ၆ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးနှစ်ကြိမ် ထိုးပေးပြီးသားဖြစ်သည်။

သို့သော်လည်း အခြေအနေကို သိသိသာသာ ပြောင်းလဲစေနိုင်သည့် အဆင့်အထိ ကာကွယ်ဆေးထိုးပေးသည့် အစီအစဉ်များ မရောက်ရှိသေးဟု ကျွမ်းကျင်သူအများအပြားက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## အာဂျင်တီးနားနိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၅၄၁၇ ဦးတွေ့ရှိ

**ဗျူနိုအေရိစ် ဖေဖော်ဝါရီ ၂၃**

အာဂျင်တီးနားနိုင်ငံတွင် ဖေဖော်ဝါရီ ၂၂ရက်၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ ၅၄၁၇ ဦးထပ်မံတွေ့ရှိခဲ့ပြီး တစ်နိုင်ငံလုံးအနှံ့ ကိုဗစ် -၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၂၀၆၉၇၅၁ ဦးအထိ ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကိုဗစ် -၁၉ နှင့်ဆက်စပ်ပြီး သေဆုံးသူ ၁၆၃ ဦးတိုးလာသည့်အတွက် တစ်နိုင်ငံလုံးအနှံ့ စုစုပေါင်းသေဆုံးသူ အရေအတွက်မှာ ၅၁၃၉၅ ဦး ရှိလာသည်။ ယခုအချိန်အထိ ကိုဗစ် -၁၉ ကူးစက်ခံရပြီးနောက်ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၁၈၇၂၁၃ ဦးရှိပြီး လက်ရှိ ရောဂါဖြစ်ပွားနေသူ အရေအတွက်မှာ ၁၄၆၁၇၉ ဦးရှိသည်။ အာဂျင်တီးနားနိုင်ငံတွင် ကူးစက်မှုအမြင့်ဆုံးနေရာမှာ ဗျူနိုအေရိစ်မြို့ဖြစ်ပြီး ကူးစက်ခံရသူစုစုပေါင်းမှာ ၈၆၃၈၇၁ ဦးအထိ ရှိသည်ဟု သိရသည်။

မြို့တော်ဗျူနိုအေရိစ်တွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်း အစီအစဉ်များကို ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်ခဲ့ပြီး စောင့်ရှောက်ရေးဂေဟာများတွင်နေထိုင်သည့် အသက် ၈၀ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများကို ထိုးနှံပေးခြင်းဖြစ်သည်။

အာဂျင်တီးနားအစိုးရသည် တရုတ်နိုင်ငံ ဆေးဝါးကုမ္ပဏီဖြစ်သည့် ဆီနိုဖမ်းမှ ထုတ်လုပ်သည့် ကိုဗစ်– ၁၉ ကာကွယ်ဆေးကို အတည်ပြုပေးထားသည်။ **ဆင်ဟွာ**

## ဘရာဇီးတွင် ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်ကာလအတွင်း ကိုဗစ် - ၁၉ ကာကွယ်ဆေးထုတ်လုပ်မှုစတင်မည်

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၂၃**

ဘရာဇီးနိုင်ငံတွင် ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်ကာလအတွင်း ကိုဗစ်–၁၉ ကာကွယ်ဆေး ထုတ်လုပ်မှုများကို စတင်တော့မည်ဟု နိုင်ငံပိုင် ဇီဝသိပ္ပံအင်စတီကျူက ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

ဗြိတိန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် အက်စထရာဇနီကာမှ နည်းပညာလွှဲပြောင်းပေးရေး သဘောတူညီမှုနှင့်အတူ ရီယိုဒီဂျနေးရိုးအခြေစိုက် အော့စ်ဝေဒိုခရုစ်ဖောင်းဒေးရှင်းမှ ဧပြီလတွင် ဘရာဇီးနိုင်ငံအတွင်း ကိုဗစ် -၁၉ ကာကွယ်ဆေး ထုတ်လုပ်မှုကို စတင်တော့မည်ဟု ဖောင်ဒေးရှင်းမှ ထုတ်လုပ်ရေးပိုင်းဆိုင်ရာ ဒုတိယဥက္ကဋ္ဌ မာကိုအရက်လီယို ခရီဂါက ပြောသည်။

ယခုနှစ် ပထမနှစ်ဝက်ကာလအတွင်း ပြည်တွင်း၌ ၁၀၀ ရာခိုင်နှုန်း ထုတ်လုပ်နိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ကိုဗစ် – ၁၉ ကာကွယ်ဆေးအတွက် တစ်ကမ္ဘာလုံးမှ လိုအပ်ချက်များ မြင့်တက်နေစဉ်တွင် နိုင်ငံရပ်ခြားမှ ထုတ်လုပ်ရေးကုမ္ပဏီများကို မှီခိုနေရမှုကို လျှော့ချနိုင်မည်ဖြစ်သည့်အတွက် ဘရာဇီးနိုင်ငံတွင် ကာကွယ်ဆေးထုတ်လုပ်ခြင်းမှာအရေးပါသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံသည် ဖေဖော်ဝါရီ ၂၃ ရက်တွင် အက်စထရာဇနီကာ ကာကွယ်ဆေး နှစ်သန်း လက်ခံရရှိမည် ဖြစ်သည်။ အက်စထရာဇနီကာနှင့် တရုတ်နိုင်ငံ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဆီနိုဖမ်းတို့မှ ထုတ်လုပ်သည့် ကာကွယ်ဆေးတို့မှာ ဘရာဇီးနိုင်ငံတွင် ခွင့်ပြုချက်ပေးထားသည့်ကာကွယ်ဆေးများ ဖြစ်ကြသည်။ ဧပြီ၊ မေနှင့်ဇွန်လတို့တွင် ကိုဗစ် -၁၉ ကာကွယ်ဆေး သန်း ၁၀၀ ဖြန့်ဖြူးပေးနိုင်ရေး နီးစပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**



# ဂျပန်နိုင်ငံ၏ ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးပေးမှုအစီအစဉ်

ကေကေစိုး

ဂျပန်နိုင်ငံတွင် ပထမဆုံး ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဖေဖော်ဝါရီ ၁၇ ရက်တွင် စတင်ခဲ့ပြီး ဂျပန်နိုင်ငံသည် ဂျီ - ၇ နိုင်ငံများထဲတွင် နောက်ဆုံးမှ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးသည့် နိုင်ငံလည်း ဖြစ်သည်။



ဂျပန်နိုင်ငံသို့ ရောက်ရှိလာသည့် ကိုဗစ် -၁၉ ကာကွယ်ဆေးများကို တွေ့ရစဉ်။

### ကာကွယ်ဆေးထိုးနှံမှုခံယူ

ပထမဆုံးအဆင့်တွင် တိုင်းပြည်ရှိ ကျန်းမာရေးဝန်ထမ်း ၄၀၀၀၀ ကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပေးမည်ဟု အစိုးရက အသိပေးပြောကြားခဲ့သည်။ ဖေဖော်ဝါရီ ၁၇ ရက်တွင် တိုကျိုအမျိုးသားဆေးစင်တာမှ ဝန်ထမ်းများသည် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးမှုကိုခံယူခဲ့ကြသည်။ ပထမဆုံးအုပ်စုတွင် လူပေါင်း ၈၀၀ ကိုကာကွယ်ဆေးထိုးပေးသည့် အစီအစဉ်ပါဝင်ပြီး လာမည့်သုံးပတ်အတွင်း ဒုတိယအကျော့ ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးပေးမည်ဖြစ်သည်။

### လေ့လာသွားမည်

ဒုတိယအကျော့ ကာကွယ်ဆေးထိုးပေးပြီးနောက် လေးပတ်အကြာတွင် ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့သူများထဲမှ ၅၀ ရာခိုင်နှုန်းကို ကျန်းမာရေးဝန်ကြီးဌာနမှ လေ့လာသုံးသပ်မှုများပြုလုပ်သွားမည်ဖြစ်သည်။ မည်သည့်ဘေးထွက်ဆိုးကျိုးများပြသသလဲဆိုသည်ကို လေ့လာသွားမည်ဖြစ်သည်။

### ပြင်ဆင်လျက်ရှိ

မတ်လအလယ်ပိုင်းတွင် ကျန်ရှိနေသည့် ကျန်းမာရေးဝန်ထမ်း ၃ ဒသမ ၇ သန်းကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးရန် ဝန်ကြီးဌာနက ပြင်ဆင်လျက်ရှိသည်။ ဧပြီလအတွင်း အသက် ၆၅ နှစ်နှင့်အထက် ပြည်သူ ၃၆ သန်းကို ကာကွယ်ဆေးထိုးပေးရန်လည်း အစိုးရက ပြင်ဆင်လျက်ရှိသည်။ ကျန်းမာရေးအခြေအနေရှိသည့် လူပေါင်း ၈ ဒသမ ၂ သန်းကို နောက်တစ်ကြိမ် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးမည်ဖြစ်ပြီး သက်ကြီးစောင့်ရှောက်ရေးဂေဟာများတွင် လုပ်ကိုင်နေကြသူများကိုလည်း ကာကွယ်ဆေးထိုးပေးမည် ဖြစ်သည်။ သို့သော်လည်း စီစဉ်ထားသည့်အတိုင်း ကာကွယ်ဆေးထိုးနှံပေးနိုင်ခြင်း ရှိ မရှိ မသဲကွဲသေးပေ။

### နောက်ကျကျန်ခဲ့ရ

ဂျပန်နိုင်ငံတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထုတ်လုပ်ထားခြင်း မရှိသည့်အတွက် ဥရောပသမဂ္ဂနိုင်ငံများမှ အချိန်မီကာကွယ်ဆေးပေးပို့မည့်အပေါ်တွင် မှီခိုနေရသည်။ ကာကွယ်ဆေးထိုးနှံပေးရေးအစီအစဉ်ကို ကြီးကြပ်နေသည့် ဝန်ကြီးဖြစ်သူ ကိုနိုတာရိုက သက်ကြီးရွယ်အိုများအတွက် ကာကွယ်ဆေးထိုးပေးမည့်ရက်ကို တိတိကျကျ ကြေညာနိုင်ခြင်းမရှိသည့်အတွက် ဝမ်းနည်းမိကြောင်း ပြောကြားခဲ့သည်။ သတင်းအချက်အလက်များ လျင်မြန်စွာ ထောက်ပံ့ပေးနိုင်ရေးအတွက် ကြိုးစားသွားမည်ဟု ၎င်းက ပြောကြားခဲ့သည်။ ဆေးပစ္စည်းကိရိယာများအပါအဝင် ထောက်ပံ့ပေးရေး ပစ္စည်းများတွင်လည်း ပြဿနာများ ရှိနေသေးသည်။ ဂျပန်နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံပေးရေးအစီအစဉ်သည် အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နောက်ကျကျန်ခဲ့ရသည်။

### ကာကွယ်ဆေးထိုးနှံပေးရေး စတင်နေပြီဖြစ်

အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနများတင်ပြသည့် အချက်အလက်များအရ နိုင်ငံနှင့်နယ်မြေပေါင်း ၇၀ တွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပေးရေးအစီအစဉ်များ စတင်နေပြီဖြစ်သည်ဟု သိရသည်။ ဖေဖော်ဝါရီ ၁၇ ရက်တွင် အမေရိကန်ပြည်ထောင်စုသည် လူပေါင်း ၅၂ ဒသမ ၈၈ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်။ ယင်းနောက်တွင် ကိုဗစ် -၁၉ ကာကွယ်ဆေးဒုတိယအများဆုံးထိုးနှံပေးနိုင်သည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး လူပေါင်း ၄၀ ဒသမ ၅၂ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်။ ထို့နောက်တွင် ဗြိတိန်နိုင်ငံက လူပေါင်း ၁၅ ဒသမ ၄၈ သန်းကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်။ ယင်းနောက်အိန္ဒိယတွင် လူပေါင်း ၈ ဒသမ ၇၂ သန်းနှင့် အစ္စရေးတွင် ၆ ဒသမ ၆သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်။

### ပြဿနာများနှင့်ရင်ဆိုင်သွားရဖွယ်ရှိ

ဂျပန်နိုင်ငံ၏ကိုဗစ်-၁၉ ကာကွယ်ဆေးကျွမ်းကျင်သူ အဖွဲ့ဝင်တစ်ဦးဖြစ်သူ အိုကာဘီနိုဘူဟီတိုက ကာကွယ်ဆေးကို အလျင်စလို ထိုးပေးခြင်းမှ ရှောင်ရှားရန် အရေးကြီးကြောင်းနှင့် အလျင်စလို ထိုးပေးခြင်းဖြင့် မလိုလားအပ်သည့် ပြဿနာများနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

လျင်မြန်မှုနှင့်အတူ လုံခြုံစိတ်ချရမှုမှာလည်း တန်းတူ အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ပြည်သူများ လုံခြုံစိတ်ချစွာ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် ကျွန်တော်တို့ ကြိုးစားသွားရမည်ဟု ၎င်းက ပြောကြားခဲ့သည်။

### ဖိုက်ဇာကာကွယ်ဆေးကိုအတည်ပြုခဲ့

ကိုဗစ် - ၁၉ ကပ်ရောဂါနှင့်အတူ တစ်နှစ်ကျော်နီးပါးကြာ နေထိုင်ခဲ့ပြီးနောက် မျှော်လင့်ချက်များမှာတစ်စတစ်စ မြင့်တက်လာခဲ့သည်။ အင်န်အိတ်ချ်ကေမှ ကောက်ယူသည့် စစ်တမ်းများအရ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းနီးပါးမှာ ကိုဗစ်- ၁၉ ကာကွယ်ဆေးသည် ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် အကူအညီပေးနိုင်မည်ဟု မျှော်လင့်ခဲ့ကြောင်း ဖြေကြားခဲ့သည်။ ဂျပန်နိုင်ငံသည်အသက် ၁၆ နှစ်နှင့်အထက် ပြည်သူများအားလုံးကို ကိုဗစ် - ၁၉ ကာကွယ်ဆေးအခမဲ့ ထိုးပေးနိုင်ရေးအတွက် စီစဉ်ထားသည်ဟု သိရသည်။ ဂျပန်နိုင်ငံသည် ဖိုက်ဇာ ကိုဗစ် - ၁၉ ကာကွယ်ဆေးကို အတည်ပြုပေးခဲ့ပြီး ဖြစ်သည်။

### ဆရာဝန်၏အကြံပြုချက် တောင်းခံသင့်

ကိုဗစ်-၁၉ ကာကွယ်ဆေးစမ်းသပ်ကာလအတွင်း ကိုယ်ဝန်ဆောင်များနှင့် ပတ်သက်သည့်အချက်အလက်များ ကင်းမဲ့သည့်အတွက် ကိုယ်ဝန်ဆောင်မိခင်များ ကာကွယ်ဆေးထိုးမည်ဆိုပါက ဆရာဝန်၏ အကြံပြုချက်ကို တောင်းခံသင့်သည်ဟု အကြံပြုထားသည်။ ကိုဗစ်- ၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာကြသူများလည်း ကာကွယ်ဆေးထိုးနှံမှုခံယူရမည်ဟု သိရသည်။ ကာကွယ်ဆေးထိုးနှံမှုခံယူရာတွင် ဆေးဘက်ဆိုင်ရာအဆောက်အအုံများနှင့် အားကစားရုံကြီးများ၊ ပြည်သူ့ခန်းမများ အစရှိသည့်သတ်မှတ်ထားသောနေရာများတွင် ကာကွယ်ဆေးထိုးနှံမှုခံယူရမည်ဖြစ်သည်။ လက်ရှိနေထိုင်ရာ ရပ်ကွက်နှင့် ဝေးကွာနေပါကလည်း အခြားရပ်ကွက်တွင် ကာကွယ်ဆေးထိုးနှံမှုခံယူနိုင်သည်ဟု သိရသည်။

**“ ကိုဗစ် - ၁၉ ကာကွယ်ဆေး စမ်းသပ်ကာလအတွင်း ကိုယ်ဝန်ဆောင်များနှင့် ပတ်သက်သည့်အချက်အလက်များ ကင်းမဲ့သည့်အတွက် ကိုယ်ဝန်ဆောင်မိခင်များ ကာကွယ်ဆေးထိုးမည်ဆိုပါက ဆရာဝန်၏ အကြံပြုချက်ကို တောင်းခံသင့်သည်ဟုအကြံပြုထားသည်။ ကိုဗစ်- ၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာကြသူများလည်း ကာကွယ်ဆေးထိုးနှံမှုခံယူရမည်ဟု သိရသည်။ ကာကွယ်ဆေးထိုးနှံမှုခံယူရာတွင် ဆေးဘက်ဆိုင်ရာ အဆောက်အအုံများနှင့် အားကစားရုံကြီးများ၊ ပြည်သူ့ခန်းမများ အစရှိသည့်သတ်မှတ်ထားသော နေရာများတွင် ကာကွယ်ဆေးထိုးနှံမှုခံယူရမည်ဖြစ်”**

### ဒုတိယအကြိမ် ကာကွယ်ဆေးများရောက်ရှိ

ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးနောက် သုံးပတ်အကြာတွင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုခံယူရမည် ဖြစ်သည်။ ကာကွယ်ဆေးထိုးရာတွင်ဘေးထွက်ဆိုးကျိုးမှာ မရှိသလောက်ရှားမည်ဟု ခန့်မှန်းထားရသော်လည်း ဖြစ်လာကောင်းဖြစ်လာနိုင်သည်ဟုလည်း မျှော်မှန်းရသည်။ အစိုးရသည် ဆေးကုသမှုကုန်ကျစရိတ် ကာမိရန်အတွက် သက်သာချောင်ချိရေးအစီအစဉ်ကို စတင်ခဲ့သည်။ ကာကွယ်ဆေးထိုးနှံမှုခံယူရာတွင် မဖြစ်မနေထိုးနှံရမည်မဟုတ်ဘဲ ဖြစ်လာနိုင်သည့်အကျိုးအကြောင်းများကို နားလည်စွာဖြင့် မိမိ၏သဘောတူညီချက်အတိုင်းသာ ကာကွယ်ဆေးထိုးနှံမှု ခံယူနိုင်သည်။ ဖေဖော်ဝါရီ ၂၁ ရက်တွင် ဂျပန်နိုင်ငံသို့ ကိုဗစ် -၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ရောက်ရှိခဲ့သည်။ ဒုတိယအကြိမ်အဖြစ် ကာကွယ်ဆေးအလုံးရေ ၄၅၀၀၀၀ တိုကျိုမြို့တော်အနီးရှိ နာရီတာလေဆိပ်သို့ ရောက်ရှိခဲ့သည်။

ဖေဖော်ဝါရီ ၁၂ ရက်တွင် ပထမအသုတ်အဖြစ် ဂျပန်နိုင်ငံသို့ ကာကွယ်ဆေး ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ဖေဖော်ဝါရီ ၁၉ ရက်အထိ ဆေးဘက်ဆိုင်ရာအဆောက်အအုံ ၆၈ ခုတွင် ကျန်းမာရေးဝန်ထမ်းပေါင်း ၅၀၃၉ ဦးကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ

# ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေး

**စစ်တွေ ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို စတင်ထိုးနှံ ပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးကြခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား စစ်တွေမြို့ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များက ကာကွယ်ဆေး ထိုးနှံပေးကြသည်။ ယနေ့တွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း **(ယာပုံ)** နှင့် အဖွဲ့ဝင်များအပါအဝင် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ စုစုပေါင်း ၅၅ ဦးကို ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူများ အနေဖြင့် ကာကွယ်ဆေးထိုးနှံပြီး ၂၈ ရက်အကြာတွင် ဒုတိယအကြိမ် ပြန်လည်ထိုးနှံသွားရမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်း (ပြန်/ဆက်)**






ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

## COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

### COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

( ၂၃-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၂-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၃-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၁၅၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၈၅,၀၉၄) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၇၈၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၃၅၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့်နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့် အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိ ပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၂၃-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၈၂၇၄၀၄ | ၁၉၁၁၄၁၄၆ | ၅၁၂၅၉၅ |
| ၂။ | အိန္ဒိယ | ၁၁၀၁၆၄၃၄ | ၁၀၇၁၂၆၆၅ | ၁၅၆၄၉၈ |
| ၃။ | ဘရာဇီး | ၁၀၁၉၇၅၃၁ | ၉၁၃၉၂၁၅ | ၂၄၇၂၇၆ |
| ၄။ | ရုရှား | ၄၁၈၉၁၅၃ | ၃၇၃၉၃၄၄ | ၈၄၀၄၇ |
| ၅။ | ဗြိတိန် | ၄၁၂၆၁၅၀ | ၂၅၄၈၆၂၁ | ၁၂၀၇၅၇ |
| ၆။ | ပြင်သစ် | ၃၆၀၉၈၂၇ | ၂၅၀၅၃၂ | ၈၄၆၁၃ |
| ၇။ | စပိန် | ၃၁၅၃၉၇၁ | ၂၅၄၂၃၅၃ | ၆၇၆၃၆ |
| ၈။ | အီတလီ | ၂၈၁၈၈၆၃ | ၂၃၃၄၉၆၈ | ၉၅၉၉၂ |
| ၉။ | တူရကီ | ၂၆၄၆၅၂၆ | ၂၅၂၉၄၅၀ | ၂၈၀၃၈ |
| ၁၀။ | ဂျာမနီ | ၂၃၉၉၅၀၀ | ၂၂၀၇၇၀၀ | ၆၈၇၇၂ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၃ - ၂ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၂၉၈၆၀၈ | ၁၁၀၄၉၉၀ | ၃၅၀၁၄ |
| ဖိလစ်ပိုင် | ၅၆၄၈၆၅ | ၅၂၂၉၄၁ | ၁၂၁၀၇ |
| မလေးရှား | ၂၈၈၂၂၉ | ၂၅၆၆၇၈ | ၁၀၇၆ |
| မြန်မာ | ၁၄၁၇၈၃ | ၁၃၁၃၅၈ | ၃၁၉၇ |
| စင်ကာပူ | ၅၉၈၈၃ | ၅၉၇၄၆ | ၂၉ |
| ထိုင်း | ၂၅၅၉၉ | ၂၄၄၄၆ | ၈၃ |
| ဗီယက်နမ် | ၂၄၀၁ | ၁၇၁၇ | ၃၅ |
| ကမ္ဘောဒီးယား | ၅၉၃ | ၄၇၅ | ၀ |
| ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| လာအို | ၄၅ | ၄၁ | ၀ |

# ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို နေပြည်တော်သို့ တတိယအကြိမ် ပင့်ဆောင်ပူဇော်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို Modular trailer ဖြင့် ဆီမီးခုံဆိပ်ကမ်းမှ တည်ထားကိုးကွယ်မည့် နေပြည်တော်ကောင်စီနယ်မြေသို့ တတိယအကြိမ် ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ဆီမီးခုံကျေးရွာအနီး၌ ကျင်းပပြုလုပ်သည်။

ဦးစွာ ငါန်းဇွန်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို တက်ရောက်လာကြသူများက နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဘူမိဖဿမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများအား ဆရာတော်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။ **(အောက်ပုံ)**

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနား အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ဒေသအသီးသီးရှိဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနဒ္ဓဇယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက် ရှိကြသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ လည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိ လည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း နံနက်ပိုင်းသုံးကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ လည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိ လည်းကောင်း ဖူးမြော်နိုင်ရေးဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူဝတ်ပြု ကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှ ဆရာဝန်များသည်လည်း ၎င်းတို့၏ သဘောဆန္ဒအလျောက် ကုသရေး လုပ်ငန်းများတွင် လာရောက်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၂၅၁၄၆ ဦး၊ အတွင်းလူနာ ၃၀၇၈ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှု ခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၀၉၀၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၅၇၃ ဦး၊ စုစုပေါင်း ၁၆၆၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၆၄၂ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၉၉၂ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၁၆၃၄ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသား ပြည်သူများ အနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာတပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာ ဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရှိရသည်။

ယနေ့တွင် သက်ဆိုင်ရာ မြို့နယ်များရှိ နယ်မြေခံ တပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။ **သတင်းစဉ်**



# ကျိုက်ထိုမြို့နယ်၌ ပင်စင်လစာများ ထုတ်ပေး

**ကျိုက်ထို ဖေဖော်ဝါရီ ၂၃**

သထုံခရိုင် ကျိုက်ထိုမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်၍ အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေများကို ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ပင်စင်လစာငွေများ ထုတ်ပေးရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ထုတ်ပေးလျက်ရှိပြီး ကျိုက်ထိုမြို့နယ်တွင် ပင်စင်စားပြည်သူ ၂၅၀၀ ကျော်မှ ဖေဖော်ဝါရီ ၂၂ ရက်တွင် ၂၆၄ ဦး လာရောက်ထုတ်ယူလျက်ရှိကာ ကျန်ရှိသည့် ပင်စင်စား ပြည်သူများအား ဆက်လက် ထုတ်ပေးလျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **ဝင်းမောင်**

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဆေးရုံအချို့၌ ဆရာဝန်နှင့် သူနာပြုများအနေဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအား မျက်ကွယ်ပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုဘဲ CDM လှုပ်ရှားမှုတွင်ပါဝင်ခဲ့ရာ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀)မြို့နယ်အဆောင်၌ အသွားအလာကန့်သတ် ထားရှိခဲ့သည်။

ထိုသို့ အသွားအလာကန့်သတ် ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၁၁၄ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆန္ဒပြသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းထားရာမှ ပြန်လည်စေလွှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားစေနိုင်သည်ဟု ယုံကြည်ယူဆသဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် မြို့နယ် ၁၄၆ မြို့နယ်တွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ကိုထုတ်ပြန်၍ လူငါးဦး သို့မဟုတ် ငါးဦးထက်ပို၍ လူစုဝေးခြင်းမပြုရန် တားမြစ်ချက်များအား ထုတ်ပြန်ထားပြီး ဖြစ်သည်။

ထိုသို့ထုတ်ပြန်ထားရှိသော်လည်း နေပြည်တော်ကောင်စီနယ်မြေတွင် ဖေဖော်ဝါရီ ၂၂ ရက်တွင် ခွင့်ပြုချက်တောင်းခံမှု မပြုလုပ်ဘဲ နိုင်ငံတော်မှ ထုတ်ပြန်ထားရှိသော လူငါးဦးနှင့်အထက် စုဝေးခွင့်မပြုသည့် ညွှန်ကြားချက်အား ချိုးဖောက်ကာ လူစုလူဝေးပြုလုပ် အော်ဟစ်ခြင်းနှင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေသည့် လုပ်ရပ်များအား ဆောင်ရွက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြိမ်ကြိမ်တားမြစ်ခဲ့သော်လည်း လိုက်နာမှုမရှိသူ အမျိုးသား ၁၃၈ ဦး၊ အမျိုးသမီး ၅၇ ဦး စုစုပေါင်း ၁၉၅ ဦးတို့အား နယ်မြေခံလုံခြုံရေးရဲတပ်ဖွဲ့ခွဲတွင် ယာယီထိန်းသိမ်းထားရှိခဲ့သည်။

အဆိုပါထိန်းသိမ်းထားသူများအနက်မှ နိုင်ငံတော်ဆန့်ကျင်ရေးအားဦးစီးဦးဆောင် ပြုလုပ်ခဲ့သူ အမျိုးသား ခြောက်ဦးအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိသည့် အမျိုးသား ၁၃၂ ဦး၊ အမျိုးသမီး ၅၇ ဦး စုစုပေါင်း ၁၈၉ ဦးတို့အား ယနေ့နေ့လယ်ပိုင်းတွင် ယာယီထိန်းသိမ်းထားရှိရာမှ ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မုံရွာမြို့နှင့် လယ်ဝေးမြို့နယ်တို့၌ CDM လှုပ်ရှားသူများက နိုင်ငံ့တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား CDM တွင် ပါဝင်စေရေး Social Punishment ဖိအားပေးလုပ်ဆောင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

CDM လှုပ်ရှားသူများသည် CDMလှုပ်ရှားမှုများတွင် မပါဝင်သော နိုင်ငံ့ဝန်ထမ်းများအား ဆန့်ကျင်နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ဖိအားပေး အကျပ်ကိုင်ခြင်း၊ လူအများကြားတွင် မကြားဝံ့မနာသာ ပြောဆိုအရှက်ခွဲခြင်းနှင့် Social Punishment ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မုံရွာမြို့၌ ဖေဖော်ဝါရီ ၂၂ ရက်တွင် CDM လှုပ်ရှားသူများက နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်ရန် အတင်းအဓမ္မဖိအားပေးခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် အကျပ်ကိုင်ခြိမ်းခြောက်ခြင်း၊ Social Punishment ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အပြင် ပုံမှန်ရုံးတက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနအကြီးအကဲ အရာထမ်းကိုးဦးတို့၏ ဓာတ်ပုံပိုစတာများ ချိတ်ဆွဲ၍ CDM ပြုလုပ်နေသည့် ဝန်ထမ်းများကို ဖိနှိပ်နေသည့် အရာရှိဆိုးများအဖြစ် လူတစ်ဦးချင်းစီ၏အခွင့်အရေးနစ်နာဆုံးရှုံးစေသည့် ဂုဏ်သိက္ခာညှိုးနွမ်းထိခိုက်စေရန် ပြုလုပ်ဆောင်ရွက်ကြသည်ကို တွေ့ရှိရသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်စဉ် သစ်ပုတ်ပင်ကျေးရွာ အမှတ်(၅) ရပ်ကွက်နေ အာကာစိုး(ဘ)ဦးဝင်းဘို ဦးဆောင်သောအဖွဲ့က အစည်းအဝေး မကျင်းပနိုင်ရန်အတွက် လာရောက်နှောင့်ယှက်ခဲ့သဖြင့် အစည်းအဝေးကျင်းပနိုင်ခြင်းမရှိကြောင်း သိရှိရသည်။

ထိုကဲ့သို့ Social Punishment ပြုလုပ်၍ CDM လုပ်ဆောင်ရန် အကျပ်ကိုင်ခြိမ်းခြောက် ဖိအားပေးမှုများသည် နိုင်ငံ့တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းကောင်းများအပေါ် လူတစ်ဦးချင်း၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများ ဆုံးရှုံးစေပြီး လူမှုပတ်ဝန်းကျင်တွင် အရှက်ရစေရန် ပြုမူဆောင်ရွက်ခံရခြင်းများဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းများအပေါ် CDM လုပ်ဆောင်ရန် အတင်းအကျပ်ဖိအားပေး အကျပ်ကိုင်ခြိမ်းခြောက်ဟန့်တားမှုများ ကြုံတွေ့ရပါက တိုင်ကြားနိုင်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အသိပေးချက်များ ထုတ်ပြန်ထားရှိသဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိ၍ မိသားစုများ၏ လုံခြုံရေးကိုပါ ခြိမ်းခြောက်ခံရသော ဝန်ထမ်းများက သက်ဆိုင်ရာသို့ တရားဝင်တိုင်ကြားမှုများ ပြုလုပ်လာကြကြောင်းနှင့် Social Punishment ပြုလုပ်မှုများ ၊ အခြားဖိအားပေး အကျပ်ကိုင်မှုပြုလုပ်နေသူ အဓမ္မဝါဒီသမားများအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရန်းရင်းဆန်ခတ်မှုအချို့ ဖြစ်ပွားလျက်ရှိပြီး ကောလာဟလများကြောင့် ညပိုင်းများတွင် မိဘပြည်သူများ ထိတ်လန့်စိုးရွံ့စွာဖြင့် နေထိုင်ရလျက်ရှိကြောင်း သိရှိရသည့်အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးကို ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထိတ်လန့်စိုးရွံ့စွာနေထိုင်နေရသော မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သာယာဝတီမြို့၊ သဲကုန်းမြို့နှင့် ပေါင်းတည်မြို့တို့၌ တပ်မတော်ထောက်ခံပွဲများပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပွဲကို ယနေ့တွင် ကချင်ပြည်နယ် ဟိုပင်မြို့တွင် အင်အား ၂၀၀၀ ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့တွင် အင်အား ၂၀၀ ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ကံမမြို့တွင် အင်အား ၂၇၀၀ ခန့်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့တွင် အင်အား ၃၅၀ ဖြင့် လည်းကောင်း၊ သာယာဝတီမြို့တွင် အင်အား ၅၅၀ ဖြင့်လည်းကောင်း၊ သဲကုန်းမြို့တွင် အင်အား ၃၀၀ ဖြင့်လည်းကောင်း၊ ပေါင်းတည်မြို့တွင် အင်အား ၁၀၀ ဖြင့်လည်းကောင်း၊ ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့တွင် အင်အား ၂၀၀၀ တို့ဖြင့်လည်းကောင်း အသီးသီးပြုလုပ်ခဲ့ကြပြီး ဆန္ဒဖော်ထုတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရသစ်အား ကြိုဆိုထောက်ခံပါသည်၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထား သည့် UEC အသစ်အား ကြိုဆိုပါသည်၊ ပြည်ပအားကိုးပုဆိန်ရိုး အမျိုးသားရေးသစ္စာဖောက်များအား အလိုမရှိ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ၊ မြန်မာပြည်ကြီး အေးချမ်းပါစေ၊ ဥပဒေနှင့် မညီသော ရွေးကောက်ပွဲရလဒ်အလိုမရှိ၊ အမျိုးဘာသာသာသနာကို စောင့်ရှောက်ပေးသော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ တပ်မတော်နှင့် ပြည်သူသွေးခွဲသူ ဒို့ရန်သူ၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ပေးမည့် တပ်မတော်အား ထောက်ခံပါသည် စာသားပါဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။

အများပြည်သူများအနေဖြင့် တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ မဲမသမာမှု ဖြစ်စဉ်များအပေါ် ရွေးကောက်ပွဲကော်မရှင်တစ်ရပ်အား ဖွဲ့စည်းကာ စိစစ်နိုင်ရေး ဆောင်ရွက်နေမှုများကို အများပြည်သူများမှ ထောက်ခံသည့် ဆန္ဒဖော်ထုတ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့၌ ပင်စင်လစာများ ပုံမှန်ထုတ်ပေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေများကို ဖေဖော်ဝါရီ ၂၂ရက် နံနက်မှစတင်၍ ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ မြန်မာ့စီးပွားရေးဘဏ်မှ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင် လစာငွေများအား ဖေဖော်ဝါရီ ၂၂ ရက်မှစတင်၍ နေ့စဉ် နံနက် ၇ နာရီ မှ ညနေ ၃ နာရီအထိ ဘဏ်ဖွင့်သည့် နေ့ရက်များတွင် ပုံမှန်ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။ မိတ္ထီလာမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာငွေများ ထုတ်ပေးရာတွင် အငြိမ်းစားဝန်ထမ်း ၁၄၀၀၀ ရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# အလောင်းတော်ကဿပ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကပိုင်-သပိတ်ဆေး ဘုရားဖူးရာသီလမ်းဖွင့်ပွဲကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းသည် ယနေ့နံနက် ၈ နာရီက ယင်းမာပင်မြို့နယ် ကပိုင်ကျေးရွာအနီးရှိ ဂုံညှင်းပင်စခန်းရှေ့တွင် ကျင်းပပြုလုပ်သော အလောင်းတော်ကဿပ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကပိုင် – သပိတ်ဆေး ဘုရားဖူးရာသီ လမ်းဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ အလောင်းတော်ကဿပ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကပိုင် – သပိတ်ဆေး ဘုရားဖူးရာသီ လမ်းဖွင့်ပွဲအထိမ်းအမှတ်မုခ်ဦးအား က/သီကုန်းကျောင်းတိုက် ဆရာတော် ဦးဝိစိတ္တ၊ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ဝင်းတင်စိုးနှင့် ယင်းမာပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကပိုင်–သပိတ်ဆေး ဘုရားဖူးရာသီ လမ်းဖောက်လုပ်ထားရှိမှုအခြေအနေနှင့် ဘုရားဖူးလာပြည်သူများ လာရောက်မှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဘုရားဖူးပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းအောင် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် ဘုရားဖူးခရီးသည်များ အဆင်ပြေချောမွေ့အောင် သွားလာလွယ်ကူစေရေးအတွက် အဓိက ဝန်ဆောင်မှုပေးနေသော ဆင်ထိန်းများအတွက် စားစရာမျိုးစုံတို့နှင့်အတူ ဆင်စာများကို ထောက်ပံ့လှူဒါန်းသည်။ ဆက်လက်၍ ယင်းမာပင်ခရိုင်အတွင်း လေးမြို့နယ်မှ အလောင်းတော်ကဿပဘုရား သပိတ်ဆေးချောင်း လူကူးတံတားအရှည် (၁၇၈ပေ၊ ၇လက်မx ၁၀ပေ) တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီးလိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အထူးအလေးထားဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။



ဆက်လက်ပြီး အလောင်းတော်ကဿပဘုရားရင်ပြင်တော် နာယက ကျောင်းဆောင်ရှိ ယင်းမာပင်၊ ဆားလင်းကြီး၊ ပုလဲ၊ ကနီ(၄)မြို့နယ် ဩဝါဒါစရိယ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကချင်ပြည်နယ်ဧည့်ရိပ်သာတည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၃**

ကချင်ပြည်နယ်အတွင်း နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များအတွက် ဧည့်ရိပ်သာ တည်ဆောက်လျက်ရှိရာတွင် အဆောက်အအုံတည်ဆောက်ပြီးစီးမှုအခြေအနေ၊ ရန်ပုံငွေရရှိသုံးစွဲမှုနှင့် စိစစ်ကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်က ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်က ပြည်နယ်၏ ဂုဏ်သိက္ခာနှင့်အညီ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ တည်းခိုနိုင်သည့် အဆင့်မြင့်သည့် ဧည့်ရိပ်သာတစ်ခု အမှန်တကယ်လိုအပ်ပါကြောင်း၊ ယခု တည်ဆောက်ပြီးစီးသည့် ဧည့်ရိပ်သာသည် ယခင် အစိုးရလက်ထက်က တည်ဆောက်ခဲ့သော်လည်း မိမိတို့ ကောင်စီအဖွဲ့အနေဖြင့် စနစ်တကျ စိစစ်ကြပ်မတ်၍ လွှဲပြောင်းလက်ခံရန် လိုအပ်ပါကြောင်း မှာကြားသည်။

ယင်းနောက် ပြည်နယ်ကောင်စီရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်ဇော်က ဧည့်ရိပ်သာတည်ဆောက်ခဲ့မှု အခြေအနေတွင် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိသုံးစွဲမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး အဆောက်အအုံအား တာဝန်ယူဆောက်လုပ်ခဲ့သည့် မနောရောကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာက ဧည့်ရိပ်သာတည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး တည်ဆောက်ရေးလုပ်ငန်း အဆင့်ဆင့်နှင့် ဘဏ္ဍာငွေရရှိမှုအပေါ် အပိုင်းလိုက်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်လုပ်ငန်းစိစစ်ရေးနှင့် လုပ်ငန်းကြီးကြပ်မှုကော်မတီ၊ အတွင်းရေးမှူး ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မြို့နယ်အရည်အသွေးစစ်ဆေးရေးနှင့် လုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ မြစ်ကြီးနားမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဧည့်ရိပ်သာတည်ဆောက်ခြင်းလုပ်ငန်းအပေါ် စိစစ်ကြီးကြပ်မှုနှင့် အကြံပြုမှတ်ချက်များ တင်ပြခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြရာ ပြည်နယ်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ကျော်လင်းအောင်နှင့် ကောင်စီ အတွင်းရေးမှူးတို့က အဆောက်အအုံတည်ဆောက်မှုနှင့် လုပ်ငန်းကြီးကြပ်စိစစ်ခဲ့မှုများအပေါ် လိုအပ်ချက်များ၊ ဝန်ထမ်းရေးရာ ကိစ္စရပ်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ တည်းခိုမည့် ဧည့်ရိပ်သာဖြစ်သည့်အတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ မြေယာရှုခင်းသာယာလှပမှုရှိစေရေး၊ စိစစ်ရေးအဖွဲ့အသီးသီး၏ အကြံပြုတင်ပြချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို စိစစ်ကြပ်မတ်၍ စနစ်တကျ လွှဲပြောင်းလက်ခံနိုင်ရေးနှင့် ဧည့်ရိပ်သာအမည်အား ရောဝတီဧည့်ရိပ်သာအဖြစ် သတ်မှတ်နိုင်ရေး အတည်ပြုဆုံးဖြတ်ပေးခဲ့သည်။




**ပြည်နယ် (ပြန်/ဆက်)**

# ဆိပ်ဖြူမြို့နယ်၌ ပင်စင်လစာများ ပုံမှန်ထုတ်ပေး

**ဆိပ်ဖြူ ဖေဖော်ဝါရီ ၂၃**

ဆိပ်ဖြူမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လစာများကို ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်ထုတ်ပေးခဲ့ရာ ပင်စင်စားအငြိမ်းစားဝန်ထမ်း ၄၅၆ ဦးအတွက် ပင်စင်လစာများထုတ်ပေးနိုင်ခဲ့သည်။ မြန်မာ့စီးပွားရေးဘဏ်က ဖွင့်ရက်များတွင် ဘဏ်လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားမည်ဖြစ်ကာ ငွေသွင်း၊ ငွေလွှဲ၊ ငွေထုတ်လုပ်ငန်းများကို ယခင်အတိုင်း ဝန်ဆောင်မှုများပေးနေကြောင်း မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာက ပြောသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇား တိုက်နယ်ဆေးရုံနှင့် ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါး ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံတို့ရှိ ဆရာဝန်များနှင့် သူနာပြုများက ၎င်းတို့၏လုပ်ငန်းများ ပျက်ကွက်လျက်ရှိပြီး ဒေသခံပြည်သူများအနေဖြင့် ဆေးကုသမှုခံယူရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိသဖြင့် ဆေးရုံတွင် အလုပ်ဆင်းပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့်လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့်သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့်ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့အကူအညီတောင်းခံလာမှုကြောင့် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများနှင့် နယ်မြေခံတပ်မတော်သားများက အဆိုပါဆေးရုံများသို့ သွားရောက်၍ ဆေးရုံပြန်လည်ဖွင့်လှစ်နိုင်ရေး ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ဆေးရုံပရိဘောဂများ ပြန်လည်နေရာချထားခြင်း၊ ဆေးရုံအတွင်းအပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၃**

ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအတွက် ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ယမန်နေ့က ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

ထိုသို့ပေးအပ်ရာတွင် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ထောက်ပံ့ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ယနေ့နိုင်ငံ၏ အခြေအနေကြောင့် နိုင်ငံနှင့် တစ်ဝန်းတွင် ဆူပူဆန္ဒပြမှုများ ပေါ်ပေါက်လျက်ရှိရာတွင် မိမိတို့ပြည်နယ်လည်း ပါဝင်ကြောင်း၊ မိမိတို့ ပြည်နယ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အတည်ငြိမ်ဆုံးနှင့် ထိခိုက်မှုအနည်းဆုံး ဖြေရှင်းဆောင်ရွက်နိုင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သူများ ရှိသကဲ့သို့ ဆူမှုအကြမ်းဖက်မှုများဖြစ်အောင် သွေးထိုးလှုံ့ဆော်သူများလည်း ရှိနေသည့်အတွက် ယခုလို တည်ငြိမ်အေးချမ်းမှုမရှိသည့် အခြေအနေတွင် နေ့၊ ညမပြတ် လုံခြုံရေးတာဝန်ယူထမ်းဆောင်နေကြရသော တပ်မတော်သားများအား မိမိတို့ ကောင်စီက အသိအမှတ်ပြု ကျေးဇူးတင်သည့် အနေဖြင့် တတ်နိုင်သမျှ ယခုလို ထောက်ပံ့ပေးအပ်ရခြင်းနှင့် ရှေ့လျှောက် မိမိတို့နှင့် လက်တွဲပြီး တည်ငြိမ်အောင်လုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၅၀ ကို ထောက်ပံ့ပေးအပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်သက်ဦးနှင့် တပ်နယ်မှူးဗိုလ်မှူးချုပ် ကျော်ကျော်နိုင်တို့က လက်ခံယူကြပြီး တိုင်းမှူးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။ **ပြည်နယ်(ပြန်/ဆက်)**






**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

# မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများတွေ့ဆုံ

**မော်လမြိုင် ဖေဖော်ဝါရီ ၂၃**

မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ကောင်စီဝင်များသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲက မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးသည်။ **(အောက်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် မွန်ပြည်နယ်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ကောင်စီဝင်များက မိတ်ဆက်အမှာစကားပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာများက လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | ဝင်းကျော် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| **အငယ်တန်း သတင်းထောက်များ** | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဤခရီး နီးချင်ပါသလား

ကိုတိုး

**တပ်မတော်က နိုင်ငံတော်တာဝန်ယူခဲ့တာ သုံးပတ်ခန့်ရှိခဲ့ပါပြီ။ ဒီလို တာဝန်ယူခဲ့ရတာဟာ အရင်းခံအကြောင်းတချို့နဲ့ လတ်တလော အကြောင်းရင်းက ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှာ ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲဟာ မှန်ကန်မှု မရှိနိုင်ခြင်း၊ တရားမျှတမှုမရှိခဲ့ခြင်း၊ မဲစာရင်းများ မှားယွင်းနေခြင်း၊ မဲမသမာမှု ဖြစ်နိုင်ခြင်း စတာတွေကြောင့် ဒါတွေကို ဖြေရှင်းဆောင်ရွက်ပေးဖို့ နိုင်ငံရေးပါတီတချို့နဲ့ တပ်မတော်က ထောက်ပြတောင်းဆိုခဲ့သော်လည်း တာဝန်ရှိသူ အဆင့်ဆင့်က လက်မခံ၊ ငြင်းပယ်ပြီး လျစ်လျူရှုခဲ့လို့ ဒီအဆင့်ကို ရောက်ခဲ့ရတာပါ။**

တပ်မတော်က ဘာလို့ ဒီတာဝန်ကို ယူရတယ်ဆိုတာကို စတင်တာဝန်ယူတဲ့ ၁-၂-၂၀၂၁ ရက်နေ့ နံနက်မှာပဲ ပြည်သူလူထုကို ရှင်းလင်းတင်ပြခဲ့ပါတယ်။ ဒီလို အမှားတွေရှိခဲ့လို့၊ တာဝန်ရှိသူတွေက ဒီလို ဒီလို ပျက်ကွက်ခဲ့ကြလို့ တာဝန်ယူမှု တာဝန်ခံမှု မရှိဘဲ ဖြစ်သင့်တာထက် ဖြစ်ချင်တာ ဦးစားပေးလုပ်ကြလို့ အမှားမဖြစ်အောင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံ့တာဝန်များကို ယူခဲ့တာဖြစ်ပါတယ်။ တကယ်တော့ ပြီးခဲ့တဲ့ ရွေးကောက်ပွဲရဲ့ ဖြောင့်မတ်မှန်ကန်မှုကို ဝေဖန်ထောက်ပြခဲ့တာ တပ်မတော်တစ်ခုတည်း မဟုတ်ပါဘူး။ ရွေးကောက်ပွဲဝင်ခဲ့တဲ့ ပါတီ ၁၉ ပါတီနဲ့ မဲဆန္ဒရှင်များ အပါအဝင်ဖြစ်ပါတယ်။

## တပ်မတော်က အာဏာသိမ်းတာ မဟုတ်ပါ

တပ်မတော်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနဲ့အညီ နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များအရ လိုအပ်သည်များ ဆောင်ရွက်ပြီးစီးပါက အခြေခံဥပဒေနဲ့အညီ တရားမျှတ၍ လွတ်လပ်သော ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပပါလိမ့်မယ်။ အနိုင်ရတဲ့ပါတီကို နိုင်ငံတော်တာဝန်ကို စနစ်တကျ လွှဲပြောင်းပေးအပ်သွားမှာဖြစ်ကြောင်း အတိအလင်း ထုတ်ပြန်ကြေညာပြီးဖြစ်ပါတယ်။ ဒီနေ့ မီဒီယာတချို့မှာ ဖော်ပြနေသလို ပြည်ပနိုင်ငံတချို့က စွပ်စွဲနေသလို အာဏာသိမ်းတယ်ဆိုတာ မဟုတ်ပါဘူး။

ခုချိန်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းပြီး ပြီးခဲ့တဲ့ ရွေးကောက်ပွဲ မဲစာရင်းတွေကို စစ်ဆေးနေပါတယ်။ စစ်ဆေးတွေ့ရှိချက်တွေကို တင်ပြခဲ့တာ နှစ်ကြိမ် ရှိပါပြီ။ ပထမအကြိမ်မှာ တစ်နိုင်ငံလုံး ရွေးကောက်ပွဲ မကျင်းပနိုင်သည့်ဒေသများ မပါ ကော်မရှင်စာရင်းအရ ဆန္ဒမဲပေးခွင့်ရှိသူ (၃၈) သန်းကျော်ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ စာရင်းအရ (၃၂) သန်းကျော်သာ ဖြစ်ကြောင်း ခြားနားချက်ကို ထုတ်ပြန်ပါတယ်။ ကော်မရှင်ရဲ့ မဲစာရင်းဟာ အမှန်တကယ်အခြေခံရမယ့် စာရင်းထက် ၆ သန်းခန့် ပိုနေတယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။

နောက်ကြေညာချက် တစ်ခုမှာတော့ ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ် ၈ မြို့နယ်ရဲ့ ဆန္ဒမဲပေးမှုစာရင်းများကို စစ်ဆေးရာမှာ ကော်မရှင်ရဲ့ စာရင်းအရ ၉ သိန်းကျော်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ အခြေခံစာရင်းအရ ၇ သိန်းကျော်သာ ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူ၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းနဲ့ မဲစာရင်း သုံးကြိမ်နှင့်အထက် ပါဝင်နေသူများ၊ နှစ်ကြိမ်ပါဝင်နေသူများ စာရင်းဟာ နှစ်သိန်းနီးပါး ဖြစ်နေကြောင်း ထုတ်ပြန်ကြေညာထားပါတယ်။ အလားတူ ကျန်နယ်မြေဒေသများရဲ့ ဆန္ဒမဲစာရင်းများကိုလည်း ဆက်လက်စစ်ဆေးပြီး တွေ့ရှိချက်များကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ကြေညာထားပါတယ်။

## အကြောင်းကြောင့် အကျိုးဖြစ်လာတာပါ

တပ်မတော်က နိုင်ငံတော်တာဝန်ကို ဘာလို့ ယူခဲ့ရတာလဲဆိုတဲ့အချက်ဟာ ထင်ရှားနေပါပြီ။ တစ်နိုင်ငံလုံး စစ်ဆေးပြီးရင် ဒီထက်ပိုများလာပြီး မဲမသမာမှုတွေ ရှိခဲ့တယ်ဆိုတာ ပေါ်လွင်ထင်ရှားလာမယ်လို့ ယူဆပါတယ်။ တချို့ကတော့ တပ်မတော်က သက်သက်မဲ့ အကြောင်းရှာပြီး မတရားအာဏာသိမ်းတာလို့ ပြောကြတယ်။ မူလတင်ပြကတည်းက အထောက်အထား အချက်အလက်ခိုင်လုံလို့ တင်ပြသင့်တာ တင်ပြခဲ့တယ်လို့ ယုံကြည်ပါတယ်။

ဒီအခြေခံ အကြောင်းတရားတွေကို ထောက်ပြဝေဖန်ပြီး ရှင်းလင်းပေးဖို့တောင်းဆိုခဲ့တာ တပ်မတော်တစ်ခုတည်းမဟုတ်ပါဘူး။ မသမာမှု အလုပ်ခံရတယ်လို့ ယုံကြည်ယူဆတဲ့ ပါတီတွေ၊ မဲဆန္ဒရှင်တွေလည်း ပါပါတယ်။ နောက်တစ်ခုက ဒီလို စစ်ဆေးမှုလုပ်ဖို့ တပ်မတော်မှာ တာဝန်မရှိဘူးလို့ တချို့ကပြောကြတယ်။ မဆိုင်တာဝင်လုပ်ပြီး သက်သက်မဲ့ အာဏာလိုချင်လို့လုပ်တာလို့ စွပ်စွဲကြတယ်။ မဟုတ်ပါဘူး။ တပ်မတော်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတိုင်း တာဝန်ရှိခဲ့လို့သာ လိုက်နာဆောင်ရွက်ခဲ့တာပါ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အခန်း (၁) နိုင်ငံတော်အခြေခံမူများ ပုဒ်မ (၄၀) အရ ခုလို အခြေအနေမျိုးမှာ တပ်မတော်ကို တာဝန်ယူခွင့်ပြုထားပါတယ်။ တိတိကျကျပြောရရင် ပုဒ်မ (၄၀) ပုဒ်မခွဲ (ဂ) အရ ဒီတာဝန်ကို ယူရတာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီသာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို ကျော်လွန်လုပ်ဆောင်ခြင်း မဟုတ်တာကို တွေ့ရပါတယ်။

ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို စဉ်းစားဆင်ခြင် ဖြေရှင်းဆောင်ရွက်ကြရာမှာ မျှမျှတတ မှန်မှန်ကန်ကန် ရှုမြင်သုံးသပ် လုပ်ဆောင်သင့်ပါတယ်။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲနဲ့လိုရာတွေးပြီး ဖြစ်ချင်တာဖြစ်ရမယ်လို့ အတွေးနဲ့ တစ်ဖက်သတ် မလုပ်သင့်ကြပါဘူး။ အကျိုးအကြောင်း ဆီလျော်အောင် တွေးတောလုပ်ဆောင်ကြရမှာပါ။ သေချာတာတစ်ခု ရှိပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲမှာ အခုလို မဲမသမာမှု၊ မမျှတမှုတွေ မရှိခဲ့ရင် တပ်မတော်က အခုလို ပါဝင်ပတ်သက်လုပ်ဆောင်စရာအကြောင်း လုံးဝမရှိပါဘူး။ မှန်မှန်ကန်ကန်သာ လုပ်ခဲ့ကြမယ်ဆိုရင် တပ်မတော်က ဒီလောက်အထိ ပါဝင်ဆောင်ရွက်စရာအကြောင်းမရှိလို့ ယုံကြည်ပါတယ်။

> **○ ၂၀၂၀ ရွေးကောက်ပွဲမှာ အခုလို မဲမသမာမှု၊ မမျှတမှုတွေ မရှိခဲ့ရင် တပ်မတော်က အခုလို ပါဝင်ပတ်သက်လုပ်ဆောင်စရာအကြောင်း လုံးဝမရှိပါဘူး။ မှန်မှန်ကန်ကန်သာ လုပ်ခဲ့ကြမယ်ဆိုရင် တပ်မတော်က ဒီလောက်အထိ ပါဝင်ဆောင်ရွက်စရာအကြောင်းမရှိလို့ ယုံကြည်ပါတယ်။**
>
> **○ ဒါကြောင့် အခုအခြေအနေမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အစိုးရယန္တရားကို ပြိုလဲပျက်စီးအောင် လုပ်နေကြသူများဟာ အကြောင်းကြောင်းကြောင့်သာ အကျိုးဖြစ်တယ်ဆိုတာကို နားလည်နိုင်ကြဖို့ လိုအပ်ပါတယ်။ အမှန်တရားကို လက်ခံသင့်ပါတယ်။ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ အတွေးအခေါ်တွေကို ခဏဘေးဖယ်ထားသင့်ပါတယ်။ နိုင်ငံရဲ့အန္တရာယ်နဲ့ ပြည်သူလူထုအကျိုးကို ခွဲခွဲခြားခြား ဦးစားပေးသင့်ပါတယ်။ မမှန်ကန်၊ မမျှတတဲ့ တစ်ဖက်သတ် အတွေးအခေါ် အယူအဆတွေနဲ့ မဖြစ်သင့်၊ မလုပ်သင့်တာတွေ ဆက်လုပ်နေကြမယ်ဆိုရင်တော့ နိုင်ငံ့ရှေ့ရေးပါ ပိုမိုရှုပ်ထွေးပြီး ပြည်သူလူထုသာ ဒုက္ခဆင်းရဲဖြစ်မှာပဲ။**

ဒါကြောင့် အခုအခြေအနေမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အစိုးရယန္တရားကို ပြိုလဲပျက်စီးအောင် လုပ်နေကြသူများဟာ အကြောင်းကြောင်းကြောင့်သာ အကျိုးဖြစ်တယ်ဆိုတာကို နားလည်နိုင်ကြဖို့ လိုအပ်ပါတယ်။ အမှန်တရားကို လက်ခံသင့်ပါတယ်။ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ အတွေးအခေါ်တွေကို ခဏဘေးဖယ်ထားသင့်ပါတယ်။ နိုင်ငံရဲ့ အန္တရာယ်နဲ့ ပြည်သူလူထုအကျိုးကို ခွဲခွဲခြားခြား ဦးစားပေးသင့်ပါတယ်။ မမှန်ကန်၊ မမျှတတဲ့ တစ်ဖက်သတ် အတွေးအခေါ် အယူအဆတွေနဲ့ မဖြစ်သင့်၊ မလုပ်သင့်တာတွေ ဆက်လုပ်နေကြမယ်ဆိုရင်တော့ နိုင်ငံ့ရှေ့ရေးပါ ပိုမိုရှုပ်ထွေးပြီး ပြည်သူလူထုသာ ဒုက္ခဆင်းရဲဖြစ်မှာပဲ။ တပ်မတော်ရဲ့ စီမံခန့်ခွဲအုပ်ချုပ်မှုဟာ ပျော့ပျောင်းညင်သာ ရှိနေပါတယ်။

ဒီနေ့ တပ်မတော်က တာဝန်ယူနေတဲ့ကာလရဲ့ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုစနစ်ကို သုံးသပ်ရရင် လုပ်သင့်လုပ်ထိုက်တာ၊ ဖြစ်သင့်ဖြစ်ထိုက်တာထက် ပိုလုပ်တယ်လို့ မမြင်မိပါဘူး။ လုပ်သင့်တဲ့ အတိုင်းအတာကို လျှော့လျှော့ပေါ့ပေါ့ စဉ်းစားလုပ်ဆောင်နေတယ်လို့ မြင်ပါတယ်။ နိုင်ငံတကာနှင့် ပြည်တွင်းကပါ လက်သင့်ခံနိုင်တဲ့အခြေအနေနဲ့ လုပ်ဆောင်နေတယ်လို့ မြင်ပါတယ်။ တကယ်လို့သာ ပြည်ပကရော၊ ပြည်တွင်းကပါ စွပ်စွဲသလို တပ်မတော်က အာဏာကိုမက်လို့ယူခဲ့တာဆိုရင် နိုင်ငံတော်စီမံအုပ်ချုပ်မှုယန္တရားထဲမှာ ခုလို အရပ်ဘက်အဖွဲ့အစည်းက ပုဂ္ဂိုလ်တွေ၊ အတွေ့အကြုံရင့်ကျက်ပြီး မျှမျှတတ ရပ်တည်ခဲ့တဲ့ နိုင်ငံရေးသမားတွေ၊ တတ်သိပညာရှင်တွေ၊ ပါသင့် ပါထိုက်တဲ့ ပုဂ္ဂိုလ်တွေကို ယခုလို တာဝန်ပေးဖို့ရာ ထည့်သွင်းစဉ်းစားမှာ မဟုတ်ပါဘူး။ ဒီတစ်ချက်နဲ့တင် တပ်မတော်ရဲ့ စေတနာက ရှင်းလင်းလှပါတယ်။

လက်ရှိအုပ်ချုပ်မှုယန္တရား ဖွဲ့စည်းပုံကို ကြည့်ရင် တပ်မတော်ရဲ့ သွားမည့်လမ်းကြောင်း၊ ရည်ရွယ်ချက်နဲ့ ဦးတည်ချက်တွေက ပေါ်လွင်ပါတယ်။ အရေးပေါ်ကာလကို ပျော့ပျောင်းညင်သာစွာနဲ့ ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် အေးချမ်းသာယာစွာနဲ့ အောင်မြင်အောင် လုပ်ဆောင်သွားမယ့်သဘောတွေ့ရပါတယ်။ ဒါတွေဟာ အထူးပြောစရာ၊ ထူးပြီးရေးပြစရာ မလိုပါဘူး။ လက်ရှိဆောင်ရွက်မှုတွေကို ကြည့်ရင် အမှန်အတိုင်း မြင်ရမှာပါ။

ရုံးမတက်နဲ့ ရှန်းထွက်ကြဆိုတဲ့ CDM ဆန္ဒပြမှုဟာ လူမှုကွန်ရက်နဲ့ နောက်ကွယ်ကနေ စည်းရုံးလှုံ့ဆော် မှိုင်းတိုက်မှုနောက်ကို လိုက်ပါစီးမျောနေကြတဲ့ လှုပ်ရှားမှုတစ်ခုပါ။

ဒီလှုပ်ရှားမှုတွေကနေ အကြမ်းဖက်ပုံစံတွေ လုပ်လာပါတယ်။ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်လာတာတွေ တွေ့ရပါတယ်။ တစ်ဦးချင်းရဲ့လွတ်လပ်မှုနဲ့ လုံခြုံမှုကို ခြိမ်းခြောက် ရန်ရှာထိပါးလာကြပါတယ်။ အနိုင်ကျင့်မှုတွေရှိလာပါတယ်။ ငါနဲ့မတူ ငါ့ရန်သူ လုပ်လာကြပါတယ်။ ဘာမှမသိနားမလည်တဲ့ အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေကို ရှေ့တန်းတင် ပွဲထုတ်လာတာမျိုး တွေ့ရပါတယ်။ အော်ခိုင်းတဲ့ဟာကိုသာ အော်နေကြတာ။ ဘာမှန်းညာမှန်း မသိတဲ့လူတွေ အများကြီးပါမှာပါ။

အခုဒီလှုပ်ရှားမှုဖြစ်လာတာ တစ်လပြည့်ပါတော့မယ်။ နိုင်ငံတော်အစိုးရက စောင့်ကြည့်နေခဲ့ပါတယ်။ သည်းခံခွင့်လွှတ်နေခဲ့ပါတယ်။ ညင်ညင်သာသာ ဆောင်ရွက်နေပါတယ်။ အလုပ်မဆင်းတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို အလုပ်ပြန်ဆင်းကြဖို့ မေတ္တာရပ်ခံနေပါတယ်။ မေတ္တာရပ်ခံတယ်၊ တိုက်တွန်းတယ်၊ ပန်ကြားတယ်ဆိုတဲ့ လမ်းခရီးကို လျှောက်နေတာပါ။ ခွင့်လွှတ်တဲ့လမ်းစဉ်နဲ့ သဘောထားကြီးကြီး လုပ်နေပါတယ်။

တကယ်တော့ နိုင်ငံ့ဝန်ထမ်းဆိုတာ ဘယ်လိုပြုကျင့်ရမယ်ဆိုတာ အထူးပြောနေစရာ မလိုပါဘူး။ အဓိကကတော့ နိုင်ငံတော်ကို သစ္စာစောင့်သိဖို့၊ ပါတီနိုင်ငံရေးကင်းဖို့၊ ပြည်သူ့အကျိုးကို တာဝန်ကျေပွန်အောင် ထမ်းဆောင်ဖို့၊ တည်ဆဲဥပဒေများကို လေးစားလိုက်နာကြဖို့၊ “ဝန်ထမ်းကျင့်ဝတ်” ကို လေးစားလိုက်နာဖို့ လိုပါတယ်။ ဝန်ထမ်းတွေ အလုပ်မဆင်းရင် ပြည်သူလူထုပဲ နစ်နာမှာပါ။ အစိုးရကို ထိခိုက်မှာတော့ မဟုတ်ပါဘူး။ အစိုးရမှာ မထိခိုက်အောင် လုပ်ဆောင်မယ့် လုပ်ငန်းစနစ်တွေ ရှိပြီးသားနေမှာပါ။ လိုအပ်ရင် လိုအပ်သလို စီမံဆောင်ရွက်သွားမှာ သေချာပါတယ်။

*စာမျက်နှာ ၂၁ သို့*

❖ လက်ရှိအုပ်ချုပ်မှုယန္တရားဖွဲ့စည်းပုံကိုကြည့်ရင် တပ်မတော်ရဲ့ သွားမည့်လမ်းကြောင်း၊ ရည်ရွယ်ချက်နဲ့ ဦးတည်ချက်တွေက ပေါ်လွင်ပါတယ်။ အရေးပေါ်ကာလကို ပျော့ပျောင်းညင်သာစွာနဲ့ ညှိညှိနှိုင်းနှိုင်းတိုင်တိုင်ပင်ပင် အေးချမ်းသာယာစွာနဲ့ အောင်မြင်အောင် လုပ်ဆောင်သွားမယ့်သဘော တွေ့ရပါတယ်။ ဒါတွေဟာ အထူးပြောစရာ၊ ထူးပြီးရေးပြစရာ မလိုပါဘူး။ လက်ရှိဆောင်ရွက်မှုတွေကိုကြည့်ရင် အမှန်အတိုင်း မြင်ရမှာပါ။

ရုံးမတက်နဲ့ ရုန်းထွက်ကြဆိုတဲ့ CDM ဆန္ဒပြမှုဟာ လူမှုကွန်ရက်နဲ့ နောက်ကွယ်ကနေ စည်းရုံးလှုံ့ဆော်မှိုင်းတိုက်မှု နောက်ကို လိုက်ပါစီးမျောနေကြတဲ့ လှုပ်ရှားမှုတစ်ခုပါ။

ဒီလှုပ်ရှားမှုတွေကနေ အကြမ်းဖက်ပုံစံတွေ လုပ်လာပါတယ်။ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်လာတာတွေ တွေ့ရပါတယ်။ တစ်ဦးချင်းရဲ့လွတ်လပ်မှုနဲ့ လုံခြုံမှုကို ခြိမ်းခြောက်ရန်ရှာ ထိပါးလာကြပါတယ်။ အနိုင်ကျင့်မှုတွေရှိလာပါတယ်။ ငါနဲ့မတူ ငါ့ရန်သူ လုပ်လာကြပါတယ်။ ဘာမှမသိနားမလည်တဲ့ အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေကို ရှေ့တန်းတင် ပွဲထုတ်လာတာမျိုး တွေ့ရပါတယ်။ အော်ခိုင်းတဲ့ဟာကိုသာ အော်နေကြတာ။ ဘာမှန်းညာမှန်း မသိတဲ့လူတွေ အများကြီးပါမှာပါ။

*စာမျက်နှာ ၂၀ မှ*

အခုလို မှားယွင်းလွဲချော်တဲ့ ပိတ်ဆို့တားဆီးမှုတွေကြောင့် ပြည်သူလူထုတွေ တော်တော်ဒုက္ခရောက်နေကြပါပြီ။ လက်လုပ်လက်စားတွေ၊ မိသားစုတွေ ကိုယ်ရောစိတ်ပါ ဆင်းရဲနေကြပါပြီ။ ဒီအတိုင်းကြာလေ ပြည်သူတွေ ဒုက္ခပိုရောက်လေပါပဲ။ ဒါကြောင့် CDM ကို ဖန်တီးနေကြသူတွေ၊ မှိုင်းတိုက်ပေးနေကြသူတွေ၊ ဥပဒေကို ဖောက်ဖျက်ပြီး ဆူပူအုံကြွမှုကို အားပေးအားမြှောက် လုပ်နေကြသူတွေ ရပ်တန်းက ရပ်သင့်ပါပြီ။ အတွေးမှန်၊ အမြင်မှန်နဲ့ လုပ်သင့်/ မလုပ်သင့်ကို ခွဲခြားသိမြင်ဖို့ အချိန်တန်နေပါပြီ။ ပြည်သူလူထုကို နှိပ်စက်ဒုက္ခပေးမိတဲ့အမှားကို နောင်တရဖို့ အချိန်တန်ပြီ။

**ဒီအတိုင်းဆက်ကြာကြာဖြစ်သွားရင် ဘာဖြစ်မလဲ**

နိုင်ငံတော်ကို တာဝန်ယူထားတဲ့ တပ်မတော်က လုပ်ငန်းစဉ် ငါးရပ်ချမှတ်ထားပြီးပြီ၊ အသိပေးထားပြီးပါပြီ။ အရေးပေါ်ကာလ သတ်မှတ်ပြဋ္ဌာန်းချက်ကာလအတွင်းမှာ လုပ်ငန်းများ ပြီးပြတ်အောင် ဆောင်ရွက်ပြီးပါက တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး အနိုင်ရရှိသော ပါတီအား နိုင်ငံတော်အာဏာကို စနစ်တကျ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း အသိပေးထားပြီး ဖြစ်ပါတယ်။

ဒါကြောင့် ဒီခရီးနီးဖို့ လိုပါတယ်။ ဒီခရီးနီးစေချင်ပါတယ်။ ပြည်သူအားလုံးရဲ့ ဆန္ဒကလည်း ဒီလိုပဲဖြစ်မှာပါ။ ဒီလုပ်ငန်းစဉ် မြန်မြန်ပြီးဖို့၊ တိကျမှန်ကန်တဲ့ ရွေးကောက်ပွဲနဲ့ အနိုင်ရလာတဲ့ပါတီကို နိုင်ငံတော်အာဏာပြန်လည်အပ်နှင်းပြီး ဒီမိုကရေစီလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းနိုင်ဖို့အတွက် အရေးပေါ်ကာလဟာ မကြာလေ ကောင်းလေပါပဲ။

ဒီလိုမြန်မြန်ဆန်ဆန်ဖြစ်ဖို့အတွက် နိုင်ငံတော် အေးချမ်းသာယာဖို့ လိုပါတယ်။ ဒါမှသာ အစိုးရအနေနဲ့ လုပ်စရာရှိတာတွေ မြန်မြန်ဆန်ဆန် လုပ်နိုင်မှာပါ။ အဲဒီလိုမဟုတ်ဘဲ ဆူပူအုံကြွမှုတွေ၊ အကြမ်းဖက်မှုဆန်တဲ့လုပ်ရပ်တွေ ရှိနေပြီး အေးချမ်းသာယာမှုမရှိရင် လုပ်ငန်းစဉ်တွေဟာ နှောင့်နှေးပြီး ခရီးမရောက်နိုင်ဖြစ်မှာပါ။ ဒါကို အဓိကစဉ်းစားသင့်ပါတယ်။

တပ်မတော်အနေနဲ့ အခက်အခဲတွေ ဘယ်လိုတွေ့တွေ့၊ အကျပ်အတည်းတွေ ဘယ်လိုကြုံကြုံ သူချမှတ်ထားတဲ့ လမ်းကြောင်းအတိုင်း အတတ်နိုင်ဆုံး သိမ်မွေ့ညင်သာစွာ စနစ်တကျ လုပ်စရာရှိတာကို အဆင့်ဆင့် ဆက်လုပ်သွားမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းစဉ်ဟာ မြန်လေကောင်းလေပါပဲ။ သားရွှေအိုးထမ်းလာတာကို မြန်မြန်မြင်ကြဖို့အတွက် လက်ရှိကာလမှာ ငြိမ်းချမ်းသာယာဖို့ လိုပါတယ်။ ဒီလိုဖြစ်အောင် ပြည်သူအားလုံးက ဝိုင်းဝန်းကူညီ ထိန်းသိမ်းပေးကြဖို့ တိုက်တွန်းချင်ပါတယ်။

ဒါက ကျွန်တော့်ရဲ့ အတွေ့အကြုံအရ လက်ရှိအခြေအနေနဲ့ပတ်သက်ပြီး တွေ့ရှိချက်၊ ယူဆချက်နဲ့ အကြံပြုတင်ပြချက်များသာ ဖြစ်ပါတယ်။

အားလုံးအတွေးအခေါ် အယူအဆ မှန်ကန်နိုင်ကြပါစေ။
နိုင်ငံတော်ကြီး အေးချမ်းသာယာပါစေ။
နိုင်ငံတော်တည်ဆောက်ရေးတွင် ပြည်သူများ ပါဝင်ပူးပေါင်းနိုင်ကြပါစေ။
ကျန်းမာချမ်းသာကြပါစေ။

# ဝိုင်းမော်မြို့ အမှတ်(၂)စည်ပင်သာယာဈေး တည်ဆောက်ပြီးစီးသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၃

**ကချင်ပြည်နယ် ဝိုင်းမော်မြို့ အမှတ် (၂)ရပ်ကွက်၌ စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂)ဈေး တည်ဆောက်ပြီးစီးမှုများနှင့်ပတ်သက်ပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ထံ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယမန်နေ့က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**




စည်ပင်သာယာဈေး တည်ဆောက်ပြီးစီးသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးကြစဉ်။

ဝိုင်းမော်မြို့ အမှတ် (၂) ဈေးတည်ဆောက်ခဲ့သည့် လုပ်ငန်းများနှင့် ပတ်သက်ပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူတို့က ဝိုင်းမော်မြို့ အမှတ် (၂)ဈေး တည်ဆောက်မှု၊ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် တည်ဆောက်ပြီးစီးသည့် ဈေးအတွင်းဆိုင်ခန်းများ ဖွဲ့စည်းထားရှိမှုနှင့်ဆိုင်ခန်းများ ပြန်လည်ရောင်းချနိုင်ရေး အဆိုပြု ဈေးနှုန်း သတ်မှတ်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ တင်ပြမှုများအပေါ် ပြည်နယ်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီး ကျော်လင်းအောင်နှင့် ဦးတိန့်ဆောင်တို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူးနှင့် အမှတ်(၂) ဈေးတာဝန်ယူ တည်ဆောက်လျက်ရှိသည့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ရှိသူများသည် ဆိုင်ခန်းဈေးနှုန်း သတ်မှတ်သွားမည့် အခြေအနေတို့ကို အကြံပြု တင်ပြမှုအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်က မိမိတို့ကောင်စီအဖွဲ့ အနေဖြင့် တစ်ဖက်တွင်လည်း ပြည်နယ် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နေသကဲ့သို့ ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း နှောင့်နှေးမှုမရှိအောင် အမြန်ဆုံးဖြေရှင်း ဆောင်ရွက်ပေးရမည့် ကိစ္စများကို ဦးစားပေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားပြီး ဝိုင်းမော်မြို့ အမှတ်(၂)ဈေးကို ဖွင့်လှစ်နိုင်ရေးနှင့် ဆိုင်ခန်းများ အမြန်ဆုံးရောင်းချနိုင်ရေးအတွက် အဆိုပြု ဈေးနှုန်းကို အတည်ပြုကြောင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါ ဝိုင်းမော်မြို့ အမှတ် (၂)ရပ်ကွက်ရှိစည်ပင်သာယာရေး အဖွဲ့ပိုင်မြေပေါ်တွင် မြေစိုက်တစ်ထပ်ဈေးအဖြစ် တည်ဆောက်ခဲ့ပြီး ဆိုင်ခန်း ပေါင်း ၂၈၈ ခန်းနှင့် ပျံကျဈေးပါဝင်မည်ဖြစ်ကြောင်းနှင့် ဆိုင်ခန်းတစ်ခန်းလျှင် ဆိုင်ခန်းနေရာ ပေါ်မူတည်၍ အဆိုပြုဈေးနှုန်းမှာ ငွေကျပ် ၁၈ သိန်းမှ ၄၄၀ အထိ ရှိကြောင်း စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရေဦးမျိုးသန့်ခြံမှ ရောမင်းနှင့် ပေါ်ဆန်းရင်မျိုးစပါးများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိ

**ရေဦး ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ရှိ ရေဦးမျိုးသန့်ခြံမှ အထွက်နှုန်း ကောင်းမွန်သော မျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးထံမှ သိရသည်။

“ရေဦးမျိုးသန့်ခြံက ထုတ်လုပ်တဲ့ မျိုးသန့်မျိုးပွားမျိုးစေ့တွေကို နွေစပါးစိုက်ရာသီမှာ မျိုးစေ့ထုတ် တောင်သူတွေ၊ မျိုးစေ့ထုတ်သမဝါယမအသင်းစုတွေက မျိုးစေ့ထုတ်စိုက်ပျိုး ထုတ်လုပ်လို့ထွက်ရှိတဲ့ မျိုးစေ့တွေကို စိုက်ပျိုးရေး တောင်သူတွေကလာမယ့် မိုးစပါးစိုက်ရာသီမှာ အဆင်သင့် စိုက်ပျိုးနိုင်မှာဖြစ်တယ်။ မျိုးစေ့ထုတ်စိုက်ချင်တဲ့ အခြားတောင်သူတွေရှိရင်လည်း ရေဦးမျိုးသန့်ခြံမှာ ဝယ်ယူနိုင်ပါတယ်”ဟု ၎င်းက ပြောသည်။

ရေဦးမျိုးသန့်ခြံမှ မိုးစပါးစိုက်ရာသီမှ စိုက်ပျိုးထုတ်လုပ်ထားသည့် မျိုးသန့်မျိုးပွားမျိုးစေ့အဖြစ် ရောမင်းမျိုးစေ့တင်း၂၀၀၀ နှင့် ရွှေဘိုပေါ်ဆန်းရင်မျိုးစေ့တင်း ၁၃၀၀ ကို ထုတ်လုပ်ထားရာ ယခုလက်ရှိ အချိန်တွင် ရောမင်းမျိုးစေ့တင်း ၆၅၀နှင့် ရွှေဘိုပေါ်ဆန်းရင်မျိုးစေ့ ငါးတင်းကို တန့်ဆည်မြို့နယ်ရှိ သမဝါယမအသင်းသို့ ဖြန့်ဖြူးပေးထားကြောင်းနှင့် မျိုးစေ့ထုတ်စိုက်ပျိုးလိုသည့် အခြားတောင်သူများအနေဖြင့်လည်း ယင်းမျိုးစေ့များကို မှာယူစိုက်ပျိုးနိုင်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့မှ ပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်းသွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆည်တော်ကျေးရွာ ဂိုက်တန်းကျေးရွာနှင့် ရေမကျေးရွာတို့ရှိ အိမ်ထောင်စု ၁၀၀၀ စုတို့အတွက် ဆန်နှင့်ဆီများကို ယမန်နေ့က အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ လက်ဝယ်အရောက် သွားရောက်ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်ရှိ စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်မြတ်ကြီးအား ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖူးမြော်ခွင့်ပြု



**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်မြတ်ကြီးကို ပြည်တွင်း၊ ပြည်ပဘုရားဖူးဧည့်သည်များ ဖူးမြော်နိုင်ရေး ယခုလ ၈ ရက်မှ စတင်ကာ ကိုဗစ် -၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖူးမြော်ခွင့်ပြုထားကြောင်း စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ထံမှ သိရသည်။

ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်မြတ်ကြီးသည် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားဧည့်သည်များ စဉ်ဆက်မပြတ်လာရောက်ဖူးမြော်ကြည်ညိုသည့် စေတီတော်ကြီးတစ်ဆူ ဖြစ်ပြီး ကိုဗစ် -၁၉ ရောဂါဖြစ်ပွားသည့်ကာလအတွင်း ကာကွယ်၊ ထိန်းချုပ်သည့်အနေဖြင့် ဘုရားဖူးမြော်ကြည်ညိုခြင်းကို ယာယီပိတ်ထားရာ ယခုအခါ ရဟန်းရှင်လူ၊ ပြည်သူများ စိတ်အေးချမ်းစွာ ဖူးမြော်နိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှ စတင်ပြီး ကိုဗစ် -၁၉ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖူးမြော် ခွင့်ပြုထားကြောင်း သိရသည်။

ရဟန်းရှင်လူ၊ ပြည်သူများ စေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်ရာတွင် စိတ်အေးချမ်းသာစွာဖြင့် ညအိပ်တည်းခိုဖူးမြော်ကြည်ညိုနိုင်ရေးအတွက် အခမဲ့ တည်းခိုနားနေနိုင်သော ဇရပ်ဆောင်များကိုလည်း ဆောက်လုပ်ထားရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

# တောင်ကုတ်မြို့၌ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**တောင်ကုတ် ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်တွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းများ သန့်ရှင်းသာယာလှပရေးအတွက် ယနေ့နံနက်ပိုင်းက ကံပိုင်ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပူးပေါင်းအဖွဲ့ဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့် တပ်မတော်တပ်ဖွဲ့ဝင်များနှင့်ရဲမေများ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစောမင်းသူနှင့်ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးသန်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကျောင်းများသန့်ရှင်းသာယာလှပရေးအတွက် ကျောင်းခြံဝင်းအတွင်းရှိ အမှိုက်များကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ ချုံနွယ်၊ ပေါင်းပင်များကို ခုတ်ထွင်ရှင်းလင်းကြသည်။ ဆက်လက်ပြီး တောင်ကုတ်မြို့ ရပ်ကွက်များရှိ အခြေခံပညာ အထက်တန်းကျောင်းများတွင်လည်း သန့်ရှင်းရေးများ ဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**စန်းဝင်း(ပြန်ဆက်)**





# မောင်တောမြို့၌ ကျောင်းပတ်ဝန်းကျင်နှင့် စာသင်ခန်းများကို စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မောင်တော ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများကို ရပ်ဆိုင်းထားရှိရာမှ ပြန်လည်ဖွင့်လှစ်ပါက ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးနှင့် စာသင်ခန်းများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းကို ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းဆောင်ရွက်**

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးရာတွင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲလွင်နှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး သန့်စင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးကြာစိန်အောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေးနှင့် ဆရာ၊ ဆရာမများ ပူးပေါင်းကာ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပစေရေးအတွက် ကျောင်းဝင်းအတွင်းရှိ ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ကျောင်းစာသင်ခန်းများကို ဖုန်သုတ်ခြင်း၊ တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကို ရှင်းလင်းဆောင်ရွက်သည်။

ဆောင်ရွက်နေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးကျော်သူဝင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဗိုလ်မှူးတင်ဝင်းထွဋ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကို၊ ခရိုင်ပညာရေးမှူး ဦးဘထွေးစိန်နှင့် တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်နေမှုများ၊ ကျောင်းစာသင်ခန်းများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သက်လွင်စိုး ခရိုင်(ပြန်/ဆက်)**

# မြန်မာ့ပန်းတမော့ပညာရပ်များ လက်ဆင့်ကမ်းသင်ယူသူ များပြားသော်လည်း ပညာစုံ ကျွမ်းကျင်သူနည်းပါးဟုဆို

**မတ္တရာ ဖေဖော်ဝါရီ ၂၃**

မြန်မာ့ရိုးရာအမွေအနှစ် ပန်းဆယ်မျိုးတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပန်းတမော့ပညာရပ်များကို လက်ဆင့်ကမ်းသင်ယူသူ များပြားသော်လည်း ပညာစုံ ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်သူနည်းပါးကြောင်း မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ရွာရှိ White Marble Art ကျောက်ဆစ်လုပ်ငန်းရှင် ဦးစိုးဝင်းက ပြောသည်။

မြို့နယ်အတွင်းရှိ စကျင်ရွာတွင် ရှေးအစဉ်ကတည်းက ပန်းတမော့လုပ်ငန်းကို လုပ်ကိုင်ကြပြီး လက်ရှိတွင် ပန်းတမော့လုပ်ငန်း လုပ်ကိုင်သူ ၃၀၀ ခန့်ရှိကာ စကျင်လုပ်သားမှာ ၃၀၀၀ ခန့်ရှိကြောင်း သိရသည်။

"ပန်းတမော့လုပ်ငန်းကို လက်ဆင့်ကမ်းသင်ယူသူများတာ မှန်ပေမယ့် ပညာစုံကျွမ်းကျင်တဲ့သူက နည်းတယ်။ ရှေးလူကြီးတွေက ထိုင်တော်မူ၊ ရပ်တော်မူ၊ လျောင်းတော်မူ စသည်ဖြင့် အကုန်လုပ်နိုင်တယ်။ အခုက ထိုင်တော်မူတစ်ဆူ ကျွမ်းကျွမ်းကျင်ကျင် ထုနိုင်ပြီဆိုကိုယ့်ဘာသာကိုယ် ထိုင်တော်မူတစ်ခုပဲ ထုဆစ်နေကြတော့တာ။ တခြားတစ်မျိုးလာရင် တခြားဆရာတစ်ယောက်ကို ရှာရတာ"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် စကျင်ရွာ၌ လုပ်ငန်းမှတ်ပုံတင်ရှိသည့် ဆင့်တက်လုပ်ငန်းရှင် ၆၀ ကျော်ရှိကာ စကျင်ကျောက်ထုတ်လုပ်ပြီး ဘုရားဆင်းတုတော် ထုဆစ်သည့် ကျောက်တဲပေါင်း ၃၀၀ ကျော်ရှိကြောင်း၊ အချို့ဒေသခံများမှာ ရန်ကုန်၊ မန္တလေးစသည့် ဒေသများအပြင် တရုတ်နိုင်ငံအထိ သွားရောက်လုပ်ကိုင်နေကြကြောင်း သိရသည်။

"ပညာစုံကျွမ်းကျင်တဲ့သူ နည်းပါးနေတာက စားဝတ်နေရေးကြောင့်ပါ။ ဒီလိုနည်းပါးလာတော့ စိတ်မကောင်းဘူး။ သင်ယူသူများပေမယ့် လက်ရာတွေက ရှေးလူကြီးတွေလောက် မတော်တော့ဘူး။ အခုဆိုတခြားနေရာတွေမှာ ကျွန်တော်တို့ ဒေသခံတွေ သွားလုပ်နေရတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

စကျင်ရွာတွင် အဓိကအနေဖြင့် ဗုဒ္ဓဆင်းတုတော်များကို ထုဆစ်ကြပြီး ကွမ်ရင်မယ်တော်ရုပ်၊ ဦးတီပွားရုပ်စသည့် ကျောက်ဆစ်ရုပ်များ၊ ကျောက်တိုင်၊ ကျောက်ပြားများ၊ အိမ်အလှဆင်ပစ္စည်းများဖြစ်သည့် ဆင်ရုပ်၊ မြင်းရုပ်၊ ရေနွေးအိုးစသည်များကိုလည်း ထုဆစ်ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အမြို့မြို့အနယ်နယ်၌ နိုင်ငံ့ဝန်ထမ်း(ပင်စင်စား)များ၏ ဖေဖော်ဝါရီလအတွက် ပင်စင်လစာများ ထုတ်ပေးလျက်ရှိ

## ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားဝန်ထမ်းများအတွက် ဖေဖော်ဝါရီလ ပင်စင်လစာများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ထုတ်ပေးလျက်ရှိသည်။

ဒလမြို့နယ်၌ အငြိမ်းစားဝန်ထမ်း ၇၀ ကျော်ခန့် ရှိပြီး ဖေဖော်ဝါရီ ၂၂ ရက်က ပင်စင်လစာလာထုတ်သူ ၁၂ ဦး ရှိကြောင်း၊ ယနေ့တွင် ပင်စင်လစာများ လာရောက် ထုတ်သူများရှိပြီး ပင်စင်လစာငွေများကို စုပြုံထုတ်ပေးခြင်း မဟုတ်ကြောင်း၊ အငြိမ်းစား ဝန်ထမ်းများ အဆင်ပြေစေရေးအတွက် အစိုးရဘဏ်ဖွင့်သည့်နေ့ရက်များလည်း လာရောက်ထုတ်နိုင်ရန် စီစဉ် ဆောင်ရွက်ထားကြောင်း၊ မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဒေါ်မာလာအေးက ပြောသည်။

ပင်စင်လစာများ လာရောက်ထုတ်ယူသူများအနေဖြင့် ပါးစပ်၊ နှာခေါင်းစည်းများကို စနစ်တကျ တပ်ဆင်စေခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ သက်ရွယ်ကြီးသူများအား ကူညီဆောင်ရွက်ပေးခြင်းနှင့် ပင်စင်လစာများ ထုတ်ယူရာတွင်လည်း စနစ်တကျ ဖြစ်စေရေးအတွက် စီစဉ် ဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**နိုင်လင်းကျော်**



## ရေနံချောင်း

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို ပုံမှန်ထုတ်ပေးလျက်ရှိသည်။

ရေနံချောင်းမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားပင်စင်လစာငွေများ ထုတ်ပေးရာ၌ ဘဏ်အတွင်းသို့ ဝင်ရောက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း အငြိမ်းစားပင်စင်လစာငွေ လာရောက်ထုတ်ယူသူ အငြိမ်းစားဝန်ထမ်းများကို နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်စေခြင်း၊ လက်သန့်ဆေးရည်များဖြင့် စနစ်တကျလက်ဆေးစေခြင်းနှင့် တစ်ဦးချင်းစီ အလှည့်ကျစနစ်ဖြင့် ထုတ်ပေးလျက်ရှိသည်။

အငြိမ်းစားပင်စင် လစာငွေများကို ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ နောက်ပိုင်း ဘဏ်ဖွင့်သည့် နေ့ရက်များတွင်လည်း ယခင်လများအတိုင်း ပုံမှန်ထုတ်ယူနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။ **ရေနံ့သာ**

## ဂွ

ရခိုင်ပြည်နယ် ဂွမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်စားမိဘပြည်သူများအတွက် ဖေဖော်ဝါရီ ၂၂ ရက်က ပင်စင်ထုတ်ပေးလျက်ရှိရာ လုံခြုံရေးကို တပ်မတော်၊ ရဲတပ်ဖွဲ့တို့က တာဝန်ယူပေးလျက်ရှိပြီး ပင်စင်စားမိဘပြည်သူများ အဆင်ပြေစွာ ထုတ်ယူနိုင်ရေးအတွက် ဝန်ဆောင်မှုပေးလျက်ရှိသည်။

အဆိုပါ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်စားမိဘပြည်သူများအတွက် နံနက် ၈ နာရီမှစတင်၍ လုပ်ငန်းချိန်အတွင်း ပင်စင်လစာများကို ထုတ်ပေးလျက်ရှိကြောင်း နှင့် နေ့စဉ်ရုံးချိန်အတွင်း ပင်စင်လစာများ အဆင်ပြေစွာ ထုတ်ယူနိုင်ရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် CB ဘဏ်မှလည်း ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်ကာ ပြည်သူများအား ယုံကြည်စိတ်ချစွာဖြင့် ဘဏ်လုပ်ငန်းများ ဝန်ဆောင်မှုပေးလျက်ရှိပြီး ငွေကြေးစိတ်ချယုံကြည်ရေးနှင့် လုံခြုံရေးကိုလည်း တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ငဖဲ

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၃ အုပ်စုတွင် နိုင်ငံ့ဝန်ထမ်း ပင်စင်စား ၈၁၃ ဦး နေထိုင်လျက်ရှိရာ ဝန်ထမ်းပင်စင်စားများ၏ ဖေဖော်ဝါရီလအတွက် ပင်စင်လစာများကို ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်၍ ငဖဲမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ဘဏ်ဝန်ထမ်းများက ကိုဗစ်- ၁၉ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ အလှည့်ကျ သတ်မှတ်နေ့အလိုက် စနစ်တကျ ထုတ်ပေးလျက်ရှိသည်။



ငဖဲမြို့နယ်အတွင်း၌ မြို့ပြပင်စင် ၄၀၈ ဦး၊ ကာကွယ်ရေးပင်စင် ၃၁၆ ဦး၊ နိုင်ငံရေးပင်စင် ၈၉ ဦး၊ မြန်မာ့စီးပွားရေးဘဏ်ပင်စင် သုံးဦး၊ ဗဟိုဘဏ်ပင်စင်တစ်ဦး ရှိရာ ငဖဲမြို့ မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်၍ နေ့စဉ် ပင်စင်လစာများ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**



## ရွာငံ

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ကိုဗစ်- ၁၉ စည်းကမ်းသက်မှတ်ချက်များနှင့်အညီ ပင်စင်လစာများ ထုတ်ပေးနေမှုများကို လစဉ် ၂၁ ရက်မှစ၍ လမကုန်ခင်တစ်ရက်အထိ ထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် မြန်မာ့စီးပွားရေးဘဏ်မှဘဏ်မန်နေဂျာ ဦးသိန်းထွန်းရွှေနှင့် ဝန်ထမ်းများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်- ၁၉ ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုရေး၊ လက်သန့်ဆေးရည်များ၊ လက်ဆေးရန် ဘေစင်ဆပ်ပြာများ ထားရှိပေးပြီး e Pension Card အသုံးပြုကာ စနစ်တကျ ဘဏ်ဝန်ဆောင်မှုများဖြင့် ထုတ်ပေးလျက်ရှိသည်။

ရွာငံမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်အမျိုးအစားသုံးမျိုးဖြင့် ပင်စင်လစာ ထုတ်ယူသူ ၃၄၃ ဦးကို ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မာန်အောင်

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်စား မိဘပြည်သူများအား ပင်စင်လစာများကို ဖေဖော်ဝါရီ ၂၂ ရက်ကစတင်ကာ အေးချမ်းစွာ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ထုတ်ပေးရာတွင် ကိုဗစ်- ၁၉ ကာလနှင့် အညီ လူစုလူဝေး မဖြစ်ပေါ်စေရန် အတွက် နေရာထိုင်ခင်းများ ခပ်ခွာခွာထားရှိကာ စိတ်ချမ်းသာစွာထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပြီး ယခုလ ၂၅ ရက်အထိ ထုတ်ပေးမည်ဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဒေါ်ဇာခြည်ဝင့်ထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပင်းတယ

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ပေါ်ရှိ ရပ်ကွက်/ကျေးရွာများ တွင်နေထိုင်ကြသည့် နိုင်ငံ့ဝန်ထမ်း ပင်စင်စားများ၏ ဖေဖော်ဝါရီလအတွက် ပင်စင်လစာများကို ဖေဖော်ဝါရီ ၂၂ ရက်မှစတင်၍ ထုတ်ပေးလျက်ရှိသည်။



ထိုသို့ ထုတ်ပေးရာတွင် ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် အညီထုတ်ပေးလျက်ရှိပြီး သတ်မှတ်ရက်များအတွင်း လာရောက်ထုတ်ယူရမည်ဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် ထုတ်ယူနိုင်ခြင်း မရှိပါက အငြိမ်းစားဝန်ထမ်းများ အနေဖြင့် ပင်စင်လစာကို ရုံးဖွင့်သည့်ရက်များတွင် ဘဏ်လုပ်ငန်း အချိန်အတွင်း လာရောက် ထုတ်ယူနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ ဆက်)**

## အမ်း

ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်မှ အငြိမ်စားပင်စင်ထုတ်ယူသူများအား ဖေဖော်ဝါရီ ၂၂ ရက်မှစတင်၍ အဆင်ပြေစွာ ထုတ်ပေးလျက်ရှိသည်။

အငြိမ်းစာပင်စင် လာရောက်ထုတ်သူများအနေဖြင့် ပင်စင်လစာများ ထုတ်ယူရာတွင် စနစ်တကျဖြင့် အဆင်ပြေစွာ ထုတ်ပေးနိုင်ရေး ဘဏ်ဝန်ထမ်းများက ဘဏ်ဝန်ဆောင်မှု ပေးလျက်ရှိကြောင်း၊ လုံခြုံရေးအတွက် တပ်မတော်သားများနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့က တာဝန်ယူဆောင်ရွက်ပေးထားကြောင်းနှင့် ဖေဖော်ဝါရီ ၂၂ ရက်က အငြိမ်းစားပင်စင်လစာထုတ်ယူသူ ၂၆၄ ဦးရှိကြောင်း အမ်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာဒေါ်ကြည်ကြည်ဝင်းထံမှ သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

# ဝန်းသိုမြို့နယ်အတွင်း ကျေးလက်ကုန်ထုတ်လမ်းသုံးလမ်း ဖောက်လုပ်မှုပြီးစီးလုနီး

**ဝန်းသို ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့လျှင်မြန်စွာ သယ်ပို့နိုင်ရေး ကျေးလက်ကုန်ထုတ်လမ်း(၃)လမ်းကို ကနဖော့ကျေးရွာ၊ မြိုင်ဇေယျာကျေးရွာနှင့် အောင်းပင်ကျေးရွာတို့တွင် ဖောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

ယင်း ကျေးလက်ကုန်ထုတ်လမ်းများအနက် ပြည်ထောင်စုဘတ်ဂျက်ဖြင့် တင်ဒါအောင်မြင်သည့် ယမုံကောင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြိုင်ဇေယျာကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီ ဖြစ်ကြောင်း၊ ယင်းကုန်ထုတ်လမ်းမှာ ပထမအလွှာ တစ်ပေထုခင်းကြိတ်ခြင်းလုပ်ငန်းနှင့် ဒုတိယအလွှာ တစ်ပေထုခင်းကြိတ်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီး၍ ၆ လက်မထု ဂျင်းမြေထပ်ပိုးလွှာခင်းကြိတ်ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းလမ်းလုပ်ငန်းများပြီးစီးပါက ယင်းလမ်းပေါ်ရှိ လိုအပ်နေသော ၁၀ ပေ ကွန်ကရစ်တံတား တစ်စင်း၊ ငါးပေ ပြွန်တံတားနှစ်စင်းနှင့် ရေပြွန်တံတား တစ်စင်းတို့ကို တင်ဒါရ ယမုံကောင်းကုမ္ပဏီက ဆက်လက်တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရပြီး ယင်းလုပ်ငန်းအားလုံးဆောင်ရွက်ပြီးပါက အိမ်ခြေ ၇၇ အိမ်၊ လူဦးရေ ၃၉၉ ဦးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။ **မွေးကြူဇင်**



မြိုင်ဇေယျာကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေစဉ်

# မြင်းမူဒေသထွက် ဒန့်သလွန်သီးများ ရန်ကုန်မြို့သို့တင်ပို့ရောင်းချ

**မြင်းမူ ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် မိရိုးဖလာ တောင်သူလယ်ယာလုပ်ငန်းအပြင် ဈေးကွက်တွင်ဝယ်လိုအားရှိသည့် အခြားသီးနှံများကို မိမိရေမြေနှင့်အညီရွေးချယ်စိုက်ပျိုးထုတ်လုပ် ကာ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



ဈေးကွက်တွင်ဝယ်လိုအားရှိသည့် အိန္ဒိယဒန့်သလွန်များကိုစိုက်ပျိုးကာ ယခုအခါတင်ပို့ရောင်းချနေကြောင်း၊ အပင်အရွယ်အစားမှာ သေးငယ်သော်လည်း အနည်းဆုံးတစ်ပင်လျှင်အသီး ၃၀၀ ကျော်ရရှိကြောင်း၊ ယခုလက်ရှိဈေးကွက်အနေဖြင့် တန်းဝင်ဒန့်သလွန်သီး တစ်တောင့်လျှင် ငွေကျပ် ၈၀ နှင့် ၁၀၀ ကြားရရှိကာ ရန်ကုန်မြို့သို့ ပွဲစားများမှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မိမိစိုက်ခင်းအတွင်း အပင် ၂၀၀၀ စိုက်ပျိုးထားရှိကြောင်း၊ ကုန်ကျစရိတ်အနေဖြင့်ငွေကျပ် ခြောက်သိန်းခန့်ရှိကြောင်း၊ လက်ရှိဈေးအတိုင်းရောင်းချရပါက အပြီးအစီးငွေကျပ် သိန်း ၆၀ ခန့်ရရှိရန်ခန့်မှန်းထားကြောင်း ၊ ဒန့်သလွန်စိုက်ပျိုးတင်ပို့ရောင်းချနေသူ ဒေသခံ ဦးသဲမောင်မောင်က ပြောသည်။

ဒန့်သလွန်စိုက်ပျိုးရာတွင် ပင်ကြားတန်းကြား ခြောက်ပေထားရှိပြီး ရေလိုအပ်ချိန်ပေးနိုင်ပါက အသီးပိုမိုကြီးထွားကာ ရောင်းတန်းဝင်အသီးများများ ရရှိနိုင်ကြောင်း စိုက်ပျိုးပြီး ခြောက်လအကြာတွင် အသီးများခူးယူ ရောင်းချနိုင်ကြောင်းနှင့် ဈေးကွက်ရရှိသောအပင်မျိုးဖြစ်ကြောင်း သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**

# ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း ဝါးပင်များ တိုးချဲ့စိုက်ပျိုး

**တိုက်ကြီး ဖေဖော်ဝါရီ ၂၃**

ဈေးကွက်ပြတ်လပ်မှုမရှိဘဲ စိုက်ပျိုးရ လွယ်ကူခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း ဝါးပင်များကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြကြောင်း ဒေသခံများထံမှ သိရသည်။

"ကျွန်တော့်မှာ စိုက်ဧကစုစုပေါင်း ဧက ၆၀ လောက် ရှိပါတယ်။ စိုက်တာကတော့ သံပရာ၊ လိမ္မော်၊ ကွဲကော၊ သရက်၊ ပိန္နဲပင်တွေလည်း စိုက်တယ်။ အခုနောက်ပိုင်းမှာတော့ နေရာလွတ်မှန်သမျှမှာ "ဝါးပင်"ကို အဓိကထားပြီး စိုက်ပျိုးဖြစ်တယ်။ ဝါးပင်ကို ဘာလို့စိတ်ဝင်စားခဲ့တာလဲဆိုရင် ဝါးပင်က တစ်ခါစိုက်ပြီးတာနဲ့ သားစဉ်မြေးဆက် အစဉ်အဆက် အသုံးဝင်တယ်။ အလုပ်သမားကိုလည်းမျှော်နေစရာမလိုဘူး။ ဈေးကွက်ကလည်း အဝေးကြီး ရှာနေစရာမလိုဘူး။ ဝါးပိုး၊ ဝါးနက်၊ မျှင်ဝါး၊ ဝါးယား၊ မျှစ်ချိုဝါးတွေကို စိုက်ပျိုးထားပါတယ်။ ဝါးက အသုံးတည့်တာ များတဲ့အတွက် ပြည်တွင်းဈေးကွက် ခိုင်မာတယ်။ ဈေးကွက်ပျက်မှာ တွေးပူစရာမလိုဘူးပေါ့"ဟု ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံကျေးရွာမှ တောင်သူဦးခင်လှအောင်က ပြောသည်။

ဝါးပင်အများစုသည် စိုက်ပျိုးပြီး (၃)နှစ်မှ (၄)နှစ်အတွင်း၌ ဈေးကွက်ဝင်ပြီး မျှစ်ချိုဝါးစသည့် ဝါးမျိုးတချို့သည် စိုက်ပျိုးပြီး (၈)လဝန်းကျင်၌ပင် ဈေးကွက်တင်ပို့နိုင်သည်။

"စိုက်ပျိုးရာမှာ အခက်အခဲတော့ မရှိဘူး။ ပျိုးပင်တွေလည်း အရင်ထက်ကို ဝယ်ရလွယ်ကူလာတယ်။ မျှစ်ချိုဝါးကိုတော့ မျှစ်ထွက်နှုန်းကောင်းတာကြောင့် စိုက်ပျိုးသူများတယ်။ စိုက်မယ်ဆိုရင် ပျိုးပင်ကြိုမှာရတယ်။ ကိုယ်စိုက်မယ့်အချိန်နဲ့အရင် တစ်လလောက် ပျိုးပင်တွေကို ကြိုတင်မှာယူ ပြင်ဆင်ထားသင့်တယ်။ ကျန်တဲ့ အခက်အခဲတော့ မရှိပါဘူး။ ဈေးကွက်တင်ပို့မှု လွယ်ကူအောင် စစိုက်ကတည်းက လမ်းပန်းဆက်သွယ်ရေး ကောင်းတဲ့နေရာတော့ ရွေးစိုက်သင့်ပါတယ်။ ရွာ၊ မြို့တွေနဲ့နီးတဲ့နေရာ၊ လမ်းနဲ့မနီးမဝေးနေရာမျိုးဆိုရင်တော့ ပိုကောင်းတာပေါ့။"ဟု ဦးခင်လှအောင်က ဆက်လက်ပြောသည်။

ဈေးကွက်အတွင်း မျှစ်တစ်ပိဿာလျှင် ၂၅၀၀ ကျပ် ဝန်းကျင် ဈေးနှုန်းရှိပြီး မျှစ်ပေါများချိန်များ၌ မျှစ်တစ်ပိဿာလျှင် ၁၀၀၀ ကျပ်၊ မျှစ် ရှားပါးချိန်များ၌ မျှစ် တစ်ပိဿာလျှင် ၅၀၀၀ ကျပ်ဈေးနှုန်းများဖြင့် ရောင်းဝယ်နေသည်။ **နန်းထက်ထက်ချစ်**

# ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၃၃ ဦးအား သက်ဆိုင်ရာဒေသများသို့ ဆက်လက်လွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် ဖေဖော်ဝါရီ ၂၃**

ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသော တရုတ်နိုင်ငံမှပြန်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၃၃ ဦးအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည် ရောက်ရှိနိုင်ရေးအတွက် ဖေဖော်ဝါရီ ၂၁ ရက်က ၁၀ ဦးနှင့် ယနေ့နေ့လယ်က ၂၃ ဦး စုစုပေါင်း နေရပ်ပြန် ပြည်သူ ၃၃ ဦးအား လားရှိုးမြို့သို့ ဆက်လက်လွှဲပြောင်း ပို့ဆောင်ပေးခဲ့သည်။

မြန်မာနိုင်ငံသားနေရပ်ပြန်ပြည်သူ ၃၃ ဦးမှာ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၁၁ ဦးတို့ဖြစ်ကြပြီး မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်မှ နှစ်ဦး၊ စစ်ကိုင်းမြို့နယ်မှ တစ်ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်မှ သုံးဦး၊ ကချင်ပြည်နယ် တနိုင်းမြို့နယ်မှ တစ်ဦး၊ နေပြည်တော် တပ်ကုန်းမြို့နယ်မှ သုံးဦး၊ ရှမ်းပြည်နယ် ခိုလမ်မြို့နယ်မှ ခုနစ်ဦး၊ တန့်ယန်းမြို့နယ်မှ နှစ်ဦး၊ နမ္မတူမြို့နယ်မှ တစ်ဦး၊ နမ့်ဆန်မြို့နယ်မှ သုံးဦး၊ လားရှိုးမြို့နယ်မှ ငါးဦး၊ မိုင်းရယ် မြို့နယ်မှ တစ်ဦးနှင့် မိုင်းဝေါ့မြို့နယ်မှ နှစ်ဦးတို့ဖြစ်သည်။

၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့တော်ခန်းမ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်း၌ ၁၄ ရက် ထားရှိပြီး ချင်းရွှေဟော်မြို့နယ်မြေခံ ဆေးတပ်ဖွဲ့မှ ဆေးမှူးဆရာဝန်နှင့်အဖွဲ့က ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ Rapid Test Kit စနစ်ဖြင့် စစ်ဆေးပေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးမတွေ့ရှိရကြောင်း၊ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာဒေသများသို့ ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။ **ဇင်ဇင်(ပြန်/ဆက်)**



# မိုးနဲမြို့ တိုင်းရင်းသားသုသာန်အတွင်း မီးသင်္ဂြိုဟ်စက် ရာနှုန်းပြည့်တည်ဆောက်ပြီးစီး

**မိုးနဲ ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် တိုင်းရင်းသားသုသာန်ဝင်းအတွင်း မီးသင်္ဂြိုဟ်စက် တည်ဆောက်လျက်ရှိရာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်မီးသင်္ဂြိုဟ်စက် ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။ အဆိုပါမီးသင်္ဂြိုဟ်စက်ဖြစ်မြောက်ရေးအတွက် ဦးဝင်းထိုက်နှင့်ဇနီးက မတည်လှူဒါန်းငွေကျပ် သိန်း ၂၀၀ နှင့်စတင်ခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် ၃၄၅ သိန်း၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ ဘတ်ဂျက်ငွေကျပ် ၁၇၃ သိန်း၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၅၀၊ ရပ်ဝေး/ရပ်နီး ပြည်သူလူထုလှူဒါန်းငွေကျပ် ၁၃၂ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၉၀၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်းနှင့် မီးသင်္ဂြိုဟ်စက်ကို လာမည့်မတ်လအတွင်း စတင်အသုံးပြုသွားမည် ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **မျိုးညွန့်ရွှေ (ပြန်/ဆက်)**

# ဇန်းမောက်မြို့ ဇလုံတောင်တော်ကြီး ဖွင့်လှစ်ပွဲအခမ်းအနား ကျင်းပပြုလုပ်

**ဇန်းမောက် ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ် ဇလုံတောင်တော်ကြီး ဖွင့်ပွဲကို ယနေ့ နံနက်က ဇလုံတောင်တော်ရှိရင်ပြင်နေရာတွင် ကျင်းပသည်။

အခမ်းအနားကို ဇန်းမောက်မြို့မ ပရိယတ္တိစာသင်တိုက် ဆရာတော် အရှင်ဝိစိတ္တဦးဆောင်၍ ဆရာတော်သံဃာတော်များ၊ ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။ ဆရာတော်၊ သံဃာတော်များက အောင်ဂါထာတော်များနှင့် ပဋ္ဌာန်းပါဠိတော်များ ရွတ်ဖတ်ခြင်းများကိုလည်း ပြုလုပ်သည်။

အဆိုပါ ဇန်းမောက်မြို့နယ် ဇလုံတောင်တော်ကြီးဖွင့်ပွဲကို ဇန်းမောက်မြို့မ ပရိယတ္တိစာသင်တိုက်မှ ပဓာနနာယက ဆရာတော် အရှင်ဝိစိတ္တအမှူးပြုသော ဆရာတော်သံဃာတော်များ၊ ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးတင့်ဝေသုန် ဦးစီးသောအဖွဲ့၊ ကသာခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး မြင့်သောင်းနှင့်အဖွဲ့၊ ဇန်းမောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ မှ ဦးအေးမင်းနှင့် အဖွဲ့၊ ဇလုံတောင်တော် ဂေါပကအဖွဲ့နှင့် ဘုရားဖူးလာပြည်သူများတက်ရောက်ကြသည်။

ယနေ့နံနက်မှ စတင်၍ ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ ဇန်းမောက် မြို့နယ်အတွင်းရှိ ဇလုံတောင်တော် သို့ ဘုရားဖူး လာရောက်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **လူအောင်(ကသာ)**



ဇလုံတောင်တော်ကြီး ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်

## မယ်စဲ့မြို့နယ်ထွက် ကွမ်းသီးများ ဆွတ်ခူးချိန် ဈေးကောင်းရ

**မယ်စဲ့ ဖေဖော်ဝါရီ ၂၃**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ရေမြေအဆင်ပြေသော ဥယျာဉ်ခြံမြေများတွင် စိုက်ပျိုးထားသည့် ကွမ်းသီးပင်များ ဆွတ်ခူးချိန် ဈေးကွက်ကောင်းမွန်သဖြင့် ပုံမှန်ဝင်ငွေရရှိကြောင်း ခြံပိုင်ရှင်များထံမှ သိရသည်။

ကွမ်းသီးပင်သည် ရေနှင့်အေးမြသောရာသီဥတုကို ကြိုက်နှစ်သက်ပြီး စွတ်စိုစိမ့်အေးနေရာတို့တွင် အပင်ဖြစ်ထွန်းသဖြင့် မယ်စဲ့မြို့၌ စိမ့်စမ်းရှိ၍ အရိပ်ကောင်းသော ဥယျာဉ်ခြံမြေများ၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသည်။ ကွမ်းသီးပင်တစ်ပင်လျှင် ပန်းခိုင်သုံးခိုင်ထွက်ရှိပြီး အချို့ အပင်တွင် ပန်းခိုင်နှစ်ခိုင်သာထွက်ကာ မိုးကောင်း၍ရေရပါက သီးအား ပိုကောင်းသည်။ ဒီဇင်ဘာလတွင် ကွမ်းသီးများရင့်မှည့်ကာ ဇန်နဝါရီလ တွင် စတင်ဆွတ်ခူးနိုင်ပြီး ကွမ်းသီးပင်တစ်ပင်မှ အသီးသုံးကြိမ်၊ လေး ကြိမ်ခန့် ဆွတ်ခူးနိုင်သည်။

ကွမ်းသီးခိုင်တစ်ခိုင်လျှင် သီးအားကောင်းပါက အလုံး ၃၀၀ အထိ သီးပြီး မှည့်လာသောအသီးတို့ကို ချိတ်ဖြင့်ခူးကြသည်။ ခူးယူပြီးသော ကွမ်းသီးကိုအခွံခွာ၍ ရေဆေးပြီးနေလှန်းသည်။ အချို့က အပင်ဖောက်ပြီးရောင်းချသည်။ မယ်စဲ့ဒေသရှိ ဥယျာဉ်ခြံများ၌ ကွမ်းသီး အဝိုင်းမျိုးကို စိုက်ပျိုးကြသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## အခြေခံပညာအထက်တန်းကျောင်း ဥပစိရပ်ကောင်းမွန်ရေး သန့်ရှင်းရေးဆောင်ရွက်

**သံတွဲ ဖေဖော်ဝါရီ ၂၃**

သံတွဲမြို့ အမှတ်(၈)ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သန့်ရှင်းသာယာလှပစေရေးအတွက် ကျောင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၂၃ ရက်က ဆောင်ရွက်သည်။

အဆိုပါသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းကျော် ဦးဆောင်သည့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းလွင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ နယ်မြေခံရဲတပ်ရင်းမှ ယာယီရဲမှူး တင်ဦး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့မှ ဒုရဲမှူးသက်ပိုင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၂၄)ယာဉ်ထိန်း ရဲတပ်ဖွဲ့မှ ရဲအုပ်သန်းစိုးအောင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ မြို့နယ်ဦးစီးမှူး ဦးနေလင်းကျော် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ချုံနွယ်များရှင်းလင်းခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ စာသင်ခုံများ ပြန်လည်နေရာချထားခြင်းနှင့် ခြံစည်းရိုးများ ထုံးသုတ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးသည်။ **(ခရိုင်ပြန်/ဆက်)**

## ဝန်းသိုတွင် ဂေါ်ဖီထုပ်များ အောင်မြင်ဖြစ်ထွန်း၊ ဈေးနှုန်းကျဆင်း၍ အကျိုးအမြတ်နည်း

**ကောလင်း ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် လက်ပံကြီးတောအုပ်စု၊ မကျည်းကုန်းအုပ်စု၊ ကျိုင်းခွင်အုပ်စုရှိ တောင်သူများသည် ဒေါင်းမြူးချောင်းနှင့် နန်းလှိုင်းချောင်းကိုအမှီပြုပြီး ဂေါ်ဖီထုပ်များကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာအောင်မြင်ဖြစ်ထွန်းသော်လည်း လက်ရှိတွင် ဈေးနှုန်းများ ကျဆင်းနေသည့်အတွက် သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိမှု နည်းပါးလျက်ရှိကြောင်း သရက်အိုက်ကျေးရွာမှ ဂေါ်ဖီထုပ် စိုက်ပျိုးတောင်သူ ဒေါ်ခင်လှိုင်ဝင်းထံမှ သိရသည်။

"ဂေါ်ဖီထုပ်ကို နှစ်စဉ် အပင် ၂သောင်းပုံမှန်စိုက်ပျိုးပါတယ်။ ကုန်ကျစရိတ်က အပင် နှစ်သောင်းစိုက်ကို မျိုးဖိုး၊ ပိုးသတ်ဆေးဖိုး၊ မြေဆီဖိုး စုစုပေါင်းကုန်ကျစရိတ်က ၅သိန်းကျော်လောက်ကုန်ကျပါတယ်။ယခု လက်ရှိ ဈေးနှုန်း အကြီးအသေးပေါ်မူတည်၍ ၁၀၀ ကျပ်မှ ၂၀၀ ကျပ်သာ ရောင်းချရပြီး တစ်ရက်မှ အထုပ် ၂၀၀လောက်သာ ဆိုင်ကယ်များဖြင့် ကောလင်းမြို့မဈေးကိုပို့ပေးရပါတယ်။

ယခင်နှစ်များမှာ အသေးတစ်ထုပ်ကို ၃၀၀ကျပ်၊အကြီးတစ်ထုပ်ကို ၆၀၀ကျပ်ဖြင့် အိမ်အရောက်လာဝယ်ပါတယ်။ ဒီနှစ်က ပွဲလမ်းသဘင်များမရှိတာရယ်၊ အထက်၊အောက်က မနုတ်ဒေသခံများလောက်သာ ဝယ်ယူစားသုံးကြသဖြင့် ဂေါ်ဖီထုပ်များ ဒီနှစ်မှာတော့ အောင်မြင်ဖြစ်ထွန်းပြီး ရောင်းချနေရပြီဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိမှာ ဂေါ်ဖီထုပ်ဈေးနှုန်းဟာ အများဆုံး ငွေကျပ် ၂၀၀ သာ ရောင်းချနေရလို့ သီးနှံဝင်ငွေအကျိုးအမြတ် နည်းပါတယ်။ ဒါကြောင့် တောင်သူတွေက ဈေးကောင်းရရှိဖို့ မျှော်လင့်နေကြပါတယ်"ဟု ဂေါ်ဖီစိုက်တောင်သူ ကိုမြင့်ထွန်းက ပြောသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

## မိုင်းပန်မြို့နယ် ဝမ်ခိုင်းကျေးရွာ၌ သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေး ဆောင်ရွက်

**မိုင်းပန် ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် ဝမ်ခိုင်းကျေးရွာ၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တွင်းနက်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၂ ရက်က ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ငွေနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တာဝန်ယူဆောင်ရွက်**

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းက တွင်းနက် တူးဖော်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၂၉ သန်းဖြင့် မြစ်သံလွင်သစ္စာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြကြသည်။



ဝမ်ခိုင်းကျေးရွာ၌ သောက်သုံးရေ တူးဖော်နေစဉ်

ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ငွေက တွင်းနက် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း၊ တွင်းနက် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးပါက ဝမ်ခိုင်းကျေးရွာ ပြည်သူများအတွက် သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ရုံးတက်ကြပါစို့ ပြည်သူတွေမျှော်နေပြီ

**ကြီးမြင့်နိုင်(လှိုင်ကော်)**

**ကျွန်တော် နိုင်ငံ့ဝန်ထမ်းဘဝသို့ ရောက်ရှိလာခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော် ရှိပြီ ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်တွင် ဒသမတန်းစာမေးပွဲကို ဖြေဆိုအောင်မြင်ပြီးနောက် မကြာမီကာလမှာပင် ဌာနဆိုင်ရာတစ်ခု၌ အငယ်တန်းစာရေးရာထူးဖြင့် အလုပ်စတင်ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ခြင်း ဖြစ်သည်။ အလုပ်စတင် ဝင်ရောက်သည်မှ ယနေ့တိုင်အောင် နိုင်ငံတော်က တာဝန်ပေးအပ်သော ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အားလျော်စွာ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ၊ ဝန်ထမ်းကျင့်ဝတ်တို့ကို ရိုသေလေးစားလိုက်နာ ဆောင်ရွက်ခဲ့သည်။**

နိုင်ငံ့ဝန်ထမ်းအလုပ်သည် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝသော အလုပ်တစ်ခုဖြစ်သည်ဟု ကျွန်တော်က ယုံကြည်သက်ဝင်ပြီး ဖြစ်သည်။ နိုင်ငံတော်က တာဝန်ပေးအပ်လိုက်သော ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများသည် နိုင်ငံတော်နှင့် ပြည်သူ့ကောင်းကျိုး အတွက်ပင်ဖြစ်၍ ကုသိုလ်ရသည်။ စေတနာထားလျှင် ထားသလောက် ကုသိုလ်တိုးပွားရသည်။

> **“နိုင်ငံ့ဝန်ထမ်းအဖြစ် နိုင်ငံတော်ကပေးအပ်သော တာဝန်များကို ထမ်းဆောင်လျှင် နိုင်ငံတော်က ထိုက်တန်စွာ ပြန်လည်ပေးအပ်ချီးမြှင့်သော လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်များ ခံစားခွင့်ရှိသည်။ ဝမ်းရေးအတွက် ပူပင်ရန်မလို။ အများအကျိုးတည်းဟူသော ပြည်သူ့ဝန်ဆောင်မှု ကုသိုလ်အလုပ်များကို စိတ်အေးချမ်းသာစွာ လုပ်ကိုင်နေရန်သာဖြစ်သည်။ နေစရာအခက်အခဲရှိသော ဝန်ထမ်းအတွက် ဝန်ထမ်းအိမ်ရာတွင် နေထိုင်ခွင့်လည်း ရရှိနိုင်သည်။ အလုပ်မှ အနားယူချိန်တွင်လည်း ပင်စင်ခံစားခွင့် ရရှိသေးသည်။ နိုင်ငံ့ဝန်ထမ်းအလုပ်သည် အတ္တ၊ ပရ အကျိုးရှိသော လုပ်ငန်းဖြစ်သည်”**

### အတ္တ၊ ပရအကျိုးရှိသော အလုပ်

နိုင်ငံ့ဝန်ထမ်းအဖြစ် နိုင်ငံတော်က ပေးအပ်သော တာဝန်များကို ထမ်းဆောင်လျှင် နိုင်ငံတော်က ထိုက်တန်စွာ ပြန်လည်ပေးအပ်ချီးမြှင့်သော လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်များ ခံစားခွင့်ရှိသည်။ ဝမ်းရေးအတွက် ပူပင်ရန်မလို။ အများအကျိုးတည်းဟူသော ပြည်သူ့ဝန်ဆောင်မှု ကုသိုလ်အလုပ်များကို စိတ်အေးချမ်းသာစွာ လုပ်ကိုင်နေရန်သာ ဖြစ်သည်။ နေစရာအခက်အခဲရှိသော ဝန်ထမ်းအတွက် ဝန်ထမ်းအိမ်ရာတွင် နေထိုင်ခွင့်လည်း ရရှိနိုင်သည်။ အလုပ်မှ အနားယူချိန်တွင်လည်း ပင်စင်ခံစားခွင့် ရရှိသေးသည်။ နိုင်ငံ့ဝန်ထမ်းအလုပ်သည် အတ္တ၊ ပရ အကျိုးရှိသော လုပ်ငန်းဖြစ်သည်။

နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများသည် အသက်သွေးကြောပင် ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများ မိမိတို့နှင့် သက်ဆိုင်ရာလုပ်ငန်းများကို တာဝန်ကျေပွန်စွာ ထမ်းဆောင်မှသာလျှင် နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည်။ နိုင်ငံတော်ကြီးငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများ တာဝန်သိရန် အမှန်ပင်လိုအပ်သည်။ နိုင်ငံ့ဝန်ထမ်းများ တာဝန်မဲ့လျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး နှောင့်နှေးမည် ဖြစ်သည်။ ပြည်သူအများ အခက်အခဲ ကြုံတွေ့ကြရမည် ဖြစ်သည်။ ပြည်သူဟုဆိုရာတွင် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများ၏ မိသားစုဝင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ အပါအဝင် ဖြစ်သည်။ ပြည်သူဟူသည် မိမိတို့ကိုယ်တိုင်ပင်ဖြစ်သည်။

### သွေးထိုးလှုံ့ဆော်မှုများ

ယခု ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်တွင်း ပြည်ပမှ မသမာသူ အဖျက်အမှောင့်သမား တစ်စုက CDM ခေါ် နိုင်ငံ့ဝန်ထမ်းများ ရုံးမတက်ရေးတည်းဟူသော သွေးထိုးလှုံ့ဆော်မှုကို နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်း မဟုတ်သူများအတွင်း ပြုလုပ်လာကြသည်ကို ကြုံတွေ့လာကြရသည်။ နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးစေရန် စီမံဖန်တီးခြင်းဖြစ်၍ အလွန်ဆိုးရွား ယုတ်မာသော အကုသိုလ်လုပ်ရပ်ကြီးဖြစ်သည်။ ရုံးမတက်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို မဆောင်ရွက်ဘဲ နေထိုင်ရန်နှင့် ရုံးမတက်သော နိုင်ငံ့ဝန်ထမ်းသည် ပြည်သူ့အကျိုးဆောင် သူတော်ကောင်း၊ ရုံးတက်သော နိုင်ငံ့ဝန်ထမ်းသည် ပြည်သူ့ရန်သူ၊ သူယုတ်မာဟု ပြောင်းပြန်ပြောဆိုကြသည်။ ရုံးမတက်သော နိုင်ငံ့ဝန်ထမ်းအား ထောက်ပံ့ကြေး ပေးမည်ဟုလည်း မက်လုံးပေးကြသေးသည်။ ပြည်သူ့အတွက်ဟူသော စကားကို တွင်တွင်သုံးသည်။ ဘယ်သူသေသေ၊ ငတေမာပြီးရော ကိုယ်ကျိုးအတ္တကို ရှေ့တန်းတင် လုပ်ကိုင်ကြခြင်း ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းအချို့ နားယောင်ကုန်ကြသည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သူ ပြည်သူအချို့လည်း နားယောင်ကုန်ကြသည်။

အထက်ဖော်ပြပါ လုပ်ဆောင်ချက်သည် အပြုသဘောဆောင်သည့် လုပ်ရပ်လား၊ အဖျက်သဘောဆောင်သည့် လုပ်ရပ်လား ဟူ၍ နဖူးပေါ်လက်တင်ကာ စဉ်းစားရုံဖြင့် အဖြေမှန်သိရှိနိုင်သည်။ ယခုအခါ ကျွန်တော်တို့သည် မသမာသူ အဖျက်အမှောင့်သမားများ၏ သွေးထိုးလှုံ့ဆော်မှုကို ခံနေကြရသည်။ အယုံအကြည်မလွယ်ရန် လိုအပ်သည်။ ပညာရှိတို့ထုံးကို နှလုံးမူ၍ အမှန်နှင့် အမှား၊ အကောင်းနှင့်အဆိုး၊ အပြုနှင့် အဖျက်သဘောကို ခွဲခြားနားလည်နိုင်မှသာလျှင် မိမိတို့ကိုယ်တိုင်နှင့် နိုင်ငံတော်အကျိုးကို သယ်ပိုးနိုင်ကြမည်ဖြစ်သည်။

### ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားကြည့်ပါ

ကျွန်တော်သည် လုပ်သက်ရင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် သော်လည်းကောင်း၊ အသက်အရွယ်မှ ရရှိသည့် ဘဝအတွေ့အကြုံအရသော်လည်းကောင်း၊ စာဖတ်ခြင်းမှရရှိသည့် စာတွေ့သင်ခန်းစာများအရ သော်လည်းကောင်း နိုင်ငံ့ဝန်ထမ်းညီငယ်၊ နှမငယ်များအား အကြံပြု တင်ပြလိုသည်မှာ CDM လှုပ်ရှားမှုသည် နိုင်ငံတော်နှင့် ပြည်သူ့အတွက် သော်လည်းကောင်း၊ မိမိနှင့်မိမိမိသားစုအတွက်သော်လည်းကောင်း ကောင်းကျိုးပေးမည့် လုပ်ရပ်လား၊ ဆိုးကျိုးပေးမည့်လုပ်ရပ်လား ဆိုတာ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားကြည့်ကြပါ။ နိုင်ငံ့ ဝန်ထမ်းတစ်ယောက်က နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်များကို လေးစားလိုက်နာခြင်း မပြုအပ်ဘူးလား သေချာစဉ်းစားပါ။ အဖြေမှန်ပေါ်ပေါက်လာမည်ဟူ၍ ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းတစ်ယောက်အနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်များကို လေးစားလိုက်နာပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းကို မည်သည့် နိုင်ငံတော်အစိုးရ၊ မည်သည့်ပြည်သူက မဆို မကြိုက်မနှစ်သက်ဘဲ နေနိုင်မည်မဟုတ်ကြောင်း၊ လူသာခုခေါ်၊ နတ်သာခုခေါ် အလုပ်ဖြစ်ကြောင်း ကျွန်တော့်အနေဖြင့် ရဲဝံ့စွာပြောကြားလိုခြင်းပင် ဖြစ်သည်။

နိဂုံးချုပ်ပြောကြားလိုသည်မှာ နိုင်ငံတော်တည်ဆောက်ရေးအတွက် ရုံးတက်ကြပါစို့ဟူ၍ ဖြစ်ပါသည်။ ။

## ကောက်ရိုးမှိုစိုက်ပျိုးခြင်း လက်တွေ့စိုက်ပျိုးပြသ

**ကျိုက်ဒုံ ဖေဖော်ဝါရီ ၂၃**

ကရင်ပြည်နယ် ကျိုက်ဒုံမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ဝင်းလုံကျေးရွာ တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူ ဦးဝင်းညွှန့် စိုက်ခင်း၌ ကောက်ရိုးမှိုစိုက်ပျိုးခြင်း လက်တွေ့စိုက်ပျိုးဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျိုက်ဒုံမြို့ စိုက်ပျိုးရေးဦးစီးမှူး ဒေါ်လှမြင့်က ကောက်ရိုးမှိုစိုက်ပျိုးရာတွင် အသုံးပြုရမည့် မှိုမျိုးထုတ်၊ ဂျက်စက္ကူ၊ ဖွဲနု၊ နွားချေး၊ မှိုအားဆေးတို့ကို အသုံးပြုရန် အချိုးအစားများ ရှင်းလင်းပြောကြားပြီး ကောက်ရိုးမှိုစိုက်ပျိုး နည်းလက်တွေ့ပြသ စိုက်ပျိုးပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရှမ်းရွာသစ်မြို့ ထီးလယ်ဒိုကျေးရွာအဝင်လမ်း ကျောက်ရောမြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ရှမ်းရွာသစ် ဖေဖော်ဝါရီ ၂၃**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးရန်ပုံငွေဖြင့် ဒေသနေပြည်သူများ ရာသီမရွေး သွားလာမှု အဆင်ပြေစေရန် ရည်ရွယ်၍ ပိုးပလေကျေးရွာအုပ်စု ထီးလယ်ဒိုကျေးရွာ အဝင်လမ်း ကျောက်ရော မြေသားလမ်း ဖောက်လုပ်ခြင်းကို ဖေဖော်ဝါရီလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျောက်ရောမြေသားလမ်း ဖောက်လုပ်ခြင်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေဖြင့် ခွင့်ပြုရန်ပုံငွေကျပ် ၄၉ သိန်းဖြင့် အရှည် ၅ ဖာလုံ၊ အကျယ် ၁၅ ပေရှိ ပိုးပလေကျေးရွာအုပ်စု ထီးလယ်ဒိုကျေးရွာ အဝင်လမ်း ကျောက်ရော မြေသားလမ်း ဖောက်လုပ်ခြင်းကို လုပ်ငန်းတာဝန်ရှိသူများက သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ပြည့်မီစေရေးနှင့် လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မရှိစေရေး အတွက် အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ ယခင်ကထက် ပိုးပလေကျေးရွာ



အုပ်စုအနီး ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသနေပြည်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများတွင် အဘက်ဘက်မှ တိုးတက်လာမည့်အပြင် ရာသီမရွေး သွားလာနိုင်မည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**ဝေဠု (ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။

---




ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း

---




ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း

---




စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း




အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း

---




ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း

---




ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့ပိုးထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း

---




အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ




အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ

---




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်

---




အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်

---




အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်

# ခြေစွမ်းထက်မြက်နေတဲ့ မန်စီးတီးကို ဂလာဘတ်အသင်း ဘယ်လိုရင်ဆိုင်သွားမလဲ...

■ မိုးဇက် - စုစည်းသည်

ချန်ပီယံလိဂ် ၁၆ သင်း အဆင့် ပထမအကျော့ပွဲစဉ်များကို ယှဉ်ပြိုင်ကစားလျက်ရှိရာ ယနေ့တွင် အီတလီကလပ် အတ္တလန္တာအသင်းနဲ့ စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်း၊ ဂျာမနီကလပ် မိုချန်ဂလာဘတ်အသင်းနဲ့ ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပထမအကျော့မှာ ဘယ်အသင်းက အသာရသွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။




## အတ္တလန္တာ VS ရီးရဲမက်ဒရစ်

နောက်ဆုံးတွေ့ဆုံမှု -

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် အီတလီကလပ် အတ္တလန္တာအသင်းနဲ့ စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၂နာရီခွဲတွင် အတ္တလန္တာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ အတ္တလန္တာအသင်းရဲ့ လက်ရှိအမှတ်ပေးဇယားကိုကြည့်ရင် စီးရီးအေ ၂၃ ပွဲကစားပြီး ၄၃ မှတ်နဲ့ အဆင့် (၅) နေရာမှာ ရပ်တည်နေပါတယ်။ လက်ရှိခြေစွမ်းမှာ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ပြိုင်ပွဲစုံငါးပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ နှစ်ပွဲသရေကျထားကာ သုံးပွဲဆက်အနိုင်ရရှိထားတာကြောင့် ခြေစွမ်းကျစ်လျစ်နေတာကို တွေ့ရတယ်။

### ချန်ပီယံလိဂ်မှာ ပထမဆုံးအကြိမ်တွေ့ဆုံ

ရီးရဲမက်ဒရစ်အသင်းရဲ့ လက်ရှိခြေစွမ်းအရ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ငါးပွဲမှာ လီဗန်တေးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက်ပိုင်း ဟူစကာ၊ ဂီတာဖေး၊ ဗလင်စီယာ၊ ဗယ်လာဒိုလစ်စတဲ့အသင်းများကို လေးပွဲဆက် နိုင်ပွဲရရှိထားတာကြောင့် အကောင်းဘက်ဦးတည်နေပါတယ်။ လာလီဂါအမှတ်ပေးဇယားမှာလည်း ၂၄ ပွဲကစားပြီး ၅၂ မှတ်နဲ့ အဆင့် (၂) နေရာမှာ ရပ်တည်နေပါတယ်။ ယခုပွဲစဉ်က အတ္တလန္တာအသင်းနဲ့ ရီးရဲမက်ဒရစ်အသင်းတို့ကြား ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ပထမဆုံးအကြိမ် တွေ့ဆုံတာကြောင့် ရလဒ်က ဘယ်လိုဖြစ်လာမလဲ စိတ်ဝင်စားဖွယ်ရာပင်။

### ဘယ်အသင်း အသာရယူထားနိုင်မလဲ

နှစ်သင်းစလုံးနောက်တစ်ဆင့်တက်ရောက်နိုင်ရန်အတွက် ယခုပွဲစဉ်ကို အသာရရှိဖို့ အားစိုက်ကစားလာမှာဖြစ်တဲ့အတွက် ယူအီးအက်ဖ်အေချန်ပီယံလိဂ်မှာ သမိုင်းအစဉ်အလာကြီးမားတဲ့ ရီးရဲမက်ဒရစ်အသင်းကပင် အသာရသွားမလား သို့တည်းမဟုတ် အတ္တလန္တာအသင်းကပင် အသာရသွားမလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## မိုချန်ဂလာဘတ် VS မန်စီးတီး

နောက်ဆုံးတွေ့ဆုံမှု မိုချန်ဂလာဘတ် ၁-၁ မန်စီးတီး

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ဂျာမနီကလပ် မိုချန်ဂလာဘတ်အသင်းနဲ့ ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၂ နာရီခွဲမှာ မိုချန်ဂလာဘတ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဂလာဘတ်အသင်းက ဘွန်ဒက်စ်လီဂါပြိုင်ပွဲမှာ ၂၂ ပွဲကစားပြီး ရမှတ် ၃၃ မှတ်နဲ့ အဆင့် (၈) နေရာမှာ ရပ်တည်နေပါတယ်။

### ခြေစွမ်းအထူးကောင်းမွန်

မန်စီးတီးအသင်းက ပရီမီယာလိဂ်မှာ ၂၅ ပွဲကစားပြီး ရမှတ် ၅၉ မှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်ထားပါတယ်။ မန်စီးတီးအသင်းက အဆိုပါ ၂၅ ပွဲမှာ ပေးဂိုးက ၁၅ ဂိုးသာ ခွင့်ပြုပေးထားရတာကြောင့် ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေပါတယ်။ ထို့အပြင် မန်စီးတီးအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ပြိုင်ပွဲစုံ ၁၈ ပွဲမှာ ၁၈ ပွဲစလုံးနိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တဲ့အတွက် ခြေစွမ်းအထူးကောင်းမွန်နေတာကို တွေ့ရတယ်။ ဂလာဘတ်အသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ သုံးပွဲမှာ နိုင်ပွဲပျောက်ဆုံးနေတာကို တွေ့ရတယ်။ ထို့ကြောင့် ဂလာဘတ်အသင်းအနေနဲ့ ယခုပွဲစဉ်ကို နိုင်ပွဲရရှိဖို့ အကောင်းဆုံးပြင်ဆင်လာဖွယ်ရှိနေပါတယ်။

### မန်စီးတီးအသင်း အသာရထား

ဂလာဘတ်အသင်းနဲ့ မန်စီးတီးအသင်းတို့ နောက်ဆုံးအကြိမ် ထိပ်တိုက်တွေ့ဆုံခဲ့တာက ၂၀၁၆ ခုနှစ်က ချန်ပီယံလိဂ်အုပ်စုအဆင့်မှာဖြစ်ပြီး တစ်ဖက်တစ်ဂိုးစီ သရေကျထားတာကို တွေ့ရတယ်။ ထိပ်တိုက်တွေ့ဆုံမှု လေးကြိမ်မှာ မန်စီးတီးအသင်းက အသာရထားပြီး သုံးကြိမ်အနိုင်ရရှိကာ တစ်ကြိမ်သရေကျထားပါတယ်။ ဒါကြောင့် ခြေစွမ်းအထူးကောင်းမွန်နေတဲ့ မန်စီးတီးအသင်းကို ဂလာဘတ် အသင်းအနေနဲ့ ဘယ်လိုနည်းဗျူဟာအသုံးပြုပြီး ရင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## အိုဆာဆူနာကို အနိုင်ယူပြီး အဆင့် (၃) နေရာကို တက်လှမ်းလာတဲ့ ဆီဗီလာ

လာလီဂါပွဲစဉ် (၂၄) အဖြစ် အိုဆာဆူနာအသင်းနှင့် ဆီဗီလာအသင်းတို့၏ ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက အိုဆာဆူနာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဆီဗီလာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် အမှတ်ပေးဇယားတတိယနေရာသို့ တက်လှမ်းလာနိုင်ပြီဖြစ်သည်။ ဆီဗီလာအသင်းအတွက်ဂိုးများကို ကားလို့စ်နှင့် ဒီဂျောင်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် အိုဆာဆူနာအသင်းသည် ဆီဗီလာအသင်းကို ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက်ကန်သွင်းမှုအပိုင်းတို့တွင် မယှဉ်သာသောကြောင့် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ထို့အပြင် အိုဆာဆူနာအသင်းသည် စုစုပေါင်းဂိုးပေါက်ကန်သွင်းမှု ခြောက်ကြိမ်ရှိခဲ့သော်လည်း ဂိုးပေါက်တည့်မတ်မှု မရှိခဲ့သည်ကို တွေ့ရသည်။ ဆီဗီလာအသင်းက ဂိုးပေါက်ကန်သွင်းမှု ၁၀ ကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု ငါးကြိမ်အထိရှိခဲ့သည်။ ဆီဗီလာအသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် လာလီဂါ ၂၃ ပွဲကစားပြီးချိန်တွင် ရမှတ် ၄၈ မှတ်ဖြင့် အမှတ်ပေးဇယားတတိယနေရာအထိ တက်လှမ်းလာနိုင်ခဲ့သည်။ အမှတ်ပေးဇယားဦးဆောင်သူ အေတီမက်နှင့် ရမှတ်ကွာဟမှုအနည်းငယ်သာရှိတော့သည်။





ဂျူဗင်တပ်စ်တိုက်စစ်ကစားသမား စီရော်နယ်ဒို ခရိုတုန်းအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

# ခရိုတုန်းအသင်းကို သုံးဂိုးပြတ်အနိုင်ယူပြီး အဆင့် (၃) နေရာ တက်လှမ်းနိုင်ခဲ့တဲ့ ဂျူဗင်တပ်စ်

**အီတလီစီးရီးအေပွဲစဉ် (၂၃)အဖြစ် ဂျူဗင်တပ်စ်အသင်းနှင့် ခရိုတုန်းအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင် ဂျူဗင်တပ်စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျူဗင်တပ်စ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဂျူဗင်တပ်စ်အသင်းအတွက် ဂိုးများကို စီရော်နယ်ဒို၊ မက်ကင်နီတို့က သွင်းယူပေးနိုင်ခဲ့သည်။**

ဂျူဗင်တပ်စ်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် နှစ်ပွဲဆက် ရှုံးနိမ့်မှုကို ချေဖျက်နိုင်ရန်အတွက် ဘတ်ဖွန်၊ ဒန်နီလို၊ ဒီမီရယ်၊ ဒီလစ်၊ ဆန်ဒရို၊ ချီယေဆာ၊ ရမ်ဆေး၊ မက်ကင်နီ၊ ကလူဆက်စကီးနှင့် စီရော်နယ်ဒိုတို့ကို အသုံးပြုကာ ပွဲထွက်လာခဲ့သည်။ ခရိုတုန်းအသင်းကလည်း နောက်ဆုံးသုံးပွဲဆက်ရှုံးနိမ့်မှုကို အဆုံးသတ်ရန်အတွက် ကော်ဒွေဇ်၊ လူပါတို၊ ပါရဲရား၊ ရီကာ၊ ဗူလစ်၊ မိုလီနာ၊ အွန်အပ်စ်၊ကာမိုင်းစသည့်ကစားသမားများကိုအသုံးပြုကာ ဂျူဗင်တပ်စ်အသင်းကို ရင်ဆိုင်လာခဲ့သည်။

### အံ့အားသင့်ဖွယ်လွဲချော်ခဲ့

ရှုံးပွဲဆက်နေမှုကို အဆုံးသတ်ရန် အကောင်းဆုံးပြင်ဆင်လာသည့် အသင်းနှစ်သင်းဖြစ်သောကြောင့် ပွဲစသည်နှင့်တစ်ပြိုင်နက် မြိုင်ဆိုင်လာခဲ့သည်။ ပွဲချိန် ငါးမိနစ်တွင် ခရိုတုန်းအသင်းမှ ရီကာ အနီးကပ်ပိတ်သွင်းခွင့်ရရှိခဲ့သော်လည်း ဂိုးပေါက်တည့်မတ်မှုမရှိခဲ့ပေ။ ပွဲချိန် ၁၀ မိနစ်တွင် ဂျူဗင်တပ်စ်အသင်းမှ ကလူဆက်စကီး ဂိုးပေါက်ကန်သွင်းခွင့်ရရှိခဲ့သော်လည်း တည့်မတ်မှုမရှိခဲ့ပေ။ ပွဲချိန် ၂၅ မိနစ်တွင် ဂျူဗင်တပ်စ်အသင်းမှ အလွတ်တည်ကန်ဘော ရရှိခဲ့သော်လည်း စီရော်နယ်ဒိုအသုံးမချနိုင်ခဲ့ပေ။ ယနေ့ပွဲတွင် နှစ်သင်းစလုံး အပြန်အလှန်ဂိုးပေါက်ခြိမ်းခြောက်မှုများကြောင့် ကြည့်ကောင်းသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ထို့အပြင် ပွဲချိန် ၂၈ မိနစ်တွင်လည်း စီရော်နယ်ဒို အနီးကပ် အပိုင်ပိတ်သွင်းခွင့်ရရှိခဲ့သော်လည်း အံ့အားသင့်ဖွယ်လွဲချော်ခဲ့သည်ကို တွေ့ရသည်။ ဂျူဗင်တပ်စ်အသင်းအတွက် လိုအပ်နေသည့်ဦးဆောင်ဂိုးကို ပွဲချိန် ၃၈ မိနစ်တွင် ဆန်ဒရို၏ ဖန်တီးပေးမှုမှ တစ်ဆင့် စီရော်နယ်ဒိုက ခေါင်းတိုက်သွင်းယူပေးနိုင်ခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက်ပိုင်း ခရိုတုန်းအသင်း ချေပဂိုးရရှိရန်ကြိုးစားလာခဲ့ရာ ပွဲချိန် ၄၂ မိနစ်တွင် အနီးကပ်ခေါင်းတိုက်ခွင့်ရရှိခဲ့၍ ဂိုးပေါက်တည့်မတ်မှုမရှိသောကြောင့် နစ်နာခဲ့ရသည်။ ပထမပိုင်းပွဲချိန်ပြီးခါနီးတွင် ဂျူဗင်တပ်စ်အသင်း ဒုတိယဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို ရမ်ဆေး၏ ဖန်တီးပေးမှုမှတစ်ဆင့် စီရော်နယ်ဒိုကပင် ထပ်မံသွင်းယူပေးနိုင်ခဲ့သည်။

### ဟက်ထရစ်နှင့် ဝေးကွာခဲ့

ဒုတိယပိုင်းအစတွင် ခရိုတုန်းအသင်း ကစားကွက်အပြောင်းအလဲလုပ်ကာ လူပါတို၏နေရာကို မာရီနီဖြင့် အစားထိုးခဲ့သည်။ ပွဲချိန် ၆၂ မိနစ်တွင် စီရော်နယ်ဒိုက ဟက်ထရစ်ရယူနိုင်ရန် နီးစပ်ခဲ့သော်လည်း အသုံးမချနိုင်ခဲ့မှုကြောင့် ဝေးကွာခဲ့ရသည်။ ဂျူဗင်တပ်စ်အသင်းအတွက် တတိယမြောက်ဂိုးကို ပွဲချိန် ၆၆ မိနစ်တွင် ရရှိခဲ့ပြီး မက်ကင်နီက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် နှစ်သင်းစလုံးလူစားလဲမှုပြုလုပ်ခဲ့သော်လည်း ပွဲချိန်ပြီးဆုံးသည်အထိ ဂိုးထပ်မံသွင်းယူနိုင်ခြင်း မရှိသောကြောင့် သုံးဂိုး-ဂိုးမရှိဖြင့် ဂျူဗင်တပ်စ်အသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

### စီးရီးအေသွင်းဂိုးအများဆုံးကစားသမားဖြစ်လာ

ဂျူဗင်တပ်စ်အသင်းသည် ယခုပွဲစဉ်အနိုင်ရရှိမှုကြောင့် ၂၂ ပွဲကစားပြီး ၄၅ မှတ်ဖြင့် အဆင့် (၃) နေရာအထိ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ နှစ်ဂိုးသွင်းယူနိုင်ခဲ့သော တိုက်စစ်ကစားသမား စီရော်နယ်ဒိုသည် ယခုနှစ်ရာသီ စီးရီးအေတွင် ၁၈ ဂိုးဖြင့် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်လာနိုင်ခဲ့သည်။ ၎င်းနောက်တွင် အင်တာမီလန်တိုက်စစ်ကစားသမား လူကာကူက ၁၇ ဂိုးဖြင့် ရပ်တည်နေသည်။

ခရိုတုန်းအသင်းက ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် လာမည့်ပွဲစဉ်များတွင် တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက်ရန် ကြိုးစားရတော့မည် ဖြစ်သည်။ လာမည့်ပွဲစဉ်အဖြစ် ကက်ဂလီယာလီအသင်းနှင့် ဖေဖော်ဝါရီ ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းက လာမည့်ပွဲစဉ်အဖြစ် ဗီရိုနာအသင်းနှင့် ဖေဖော်ဝါရီ ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

■ အောင်ဇော် - စုစည်းသည်

# ဘာစီလိုနာအသင်း တန်းဆင်းဇုန်ဖိအားရှိနေတဲ့ အယ်ချီကို အနိုင်ယူနိုင်မလား

စပိန်လာလီဂါ ပွဲစဉ် (၁) မှ လက်ကျန်တစ်ပွဲဖြစ်သည့် ဘာစီလိုနာအသင်းနှင့် အယ်ချီအသင်းတို့ ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်အစောပိုင်းတွင် ဘာစီလိုနာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ဘာစီလိုနာအသင်းက လာလီဂါ ၂၃ ပွဲကစားပြီးချိန်တွင် ရမှတ် ၄၇ မှတ်ဖြင့် အဆင့် (၄) နေရာတွင် ရပ်တည်နေသည်။ အယ်ချီအသင်းက ၂၂ ပွဲကစားပြီး ၂၁ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည်။



ဘာစီလိုနာအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ငါးပွဲတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး တစ်ပွဲသရေကျထားသည့်အတွက် ခြေစွမ်းတည်ငြိမ်မှုမရှိသည်ကိုသတိပြုရမည်။ ပြီးခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့်ပွဲစဉ်မှာ လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသလို ကာဒဇ်အသင်းနှင့်ပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျထားသည်ကို တွေ့ရသည်။ အယ်ချီအသင်းက နောက်ဆုံးငါးပွဲတွင် တစ်ပွဲသရေကျထားပြီး သုံးပွဲရှုံးနိမ့်ကာ တစ်ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့် အယ်ချီအသင်းအနေဖြင့် ခြေစွမ်းကျဆင်းနေသည်ကို သတိပြုရမည်။ ဘာစီလိုနာအသင်းက ယခုပွဲစဉ်အနိုင်ရရှိပါက ရမှတ် ၅၀ အထိ စုဆောင်းနိုင်မည်ဖြစ်သည့်အတွက် အားစိုက်ကစားလာဖွယ်ရှိနေသည်။ သို့သော်လည်း ဘာစီလိုနာအသင်းအနေဖြင့် ယခုပွဲစဉ်ပြီးလျှင် အဆင့် (၃) နေရာမှ ဆီဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် ယခုပွဲစဉ်တွင် အဓိက ကစားသမားများဖြင့် ပွဲထွက်လာမလားစိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

ဘာစီလိုနာအသင်းနှင့် အယ်ချီအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှု ရှစ်ကြိမ်တွင် ဘာစီလိုနာအသင်းက ခုနစ်ကြိမ်အနိုင်ရရှိပြီး တစ်ကြိမ်သရေကျထားသည်ကို တွေ့ရသည်။ အယ်ချီအသင်းက ယခုပွဲစဉ်အနိုင်ရရှိလျှင် တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက်နိုင်ဖွယ်ရှိသောကြောင့် အားစိုက်ကစားလာဖွယ်ရှိသည်။ ထို့ကြောင့် တန်းဆင်းဇုန်ဖိအားရှိနေသည့် အယ်ချီအသင်းနှင့် ဘာစီလိုနာအသင်း၏ အနိုင်ရလိုမှုကို စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် အမကြီး
## ဒေါ်တင်တင်စု (မန္တလေး)
## အသက်(၉၃)နှစ်

မန္တလေးမြို့၊ ရုံတော်ကြီးနေ (ဦးဘဘေ-ဒေါ်သိန်းရင်)တို့၏သမီး၊ (ဦးဘဦး-ဒေါ်မမကြီး) တို့၏ သမီးချွေးမ၊ (ဒေါ်တင်တင်ဦး-ဦးမောင်မောင်)၊ ဦးကိုကိုကြီး-(ဒေါ်သန်းသန်း)၊ (ဦးကိုကိုလေး-ဒေါ်နုနုရီ)၊ (ဒေါ်တင်တင်အေး-ဦးမောင်ကို) ဒေါ်တင်တင်ဌေး-ဦးကြင်၊ (ဦးခင်မောင်သန်း)-ဒေါ်မမကြီး၊ ဒေါက်တာဦးခင်မောင်ဝင်း-ဒေါက်တာဒေါ်နီလာဝင်း တို့၏ ညီမ/အစ်မ၊ (ဦးခင်မောင်အုန်း)၏ဇနီး၊ (ဒေါ်နုနုအုန်း)၊ ဒေါ်နွဲ့နွဲ့အုန်း (ဦးအုန်းကျော်)၊ ဒေါက်တာတင်မောင်မောင်-ဒေါက်တာသိင်္ဂီထွန်း(NZ)၊ ဦးခင်မောင်မောင်-ဒေါ်သက်သက်လွင်၊ ဒေါ်သန်းသန်းအုန်း-ဦးဒင်းနစ်ဝင်းသိန်း(NZ)၊ ဒေါ်ရီရီအုန်း-ဒေါက်တာသော်သော်နိုင်(Aus.)၊ ဒေါ်စန်းစန်းအုန်း-ဦးသန်းဇော်တို့၏ ချစ်လှစွာသော မွေးသမိခင် ကျေးဇူးရှင်၊ မြေး ၁၁ ယောက်တို့၏ အဘွား၊ မြစ် ၁၀ ယောက်တို့၏ ဘွားဘွားကြီး၊ ၂၁ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်နေ ဒေါ်တင်တင်စုသည် ၉၆ ပါးသောရောဂါဖြင့် ပါရမီဆေးရုံတွင် ၂၂-၂-၂၀၂၁ ရက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသည်။ ၂၄-၂-၂၀၂၁ ရက် ၁၃:၀၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ (၁၀:၀၀) နာရီတွင် ထွက်ခွာပါမည်။ ၂၁ ဗိုလ်ရာညွန့်လမ်းနေအိမ်၌ ၂၈-၂-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက်ရက်လည်ဆွမ်းကျွေး တရားတော်နာ ဖိတ်ကြားပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး
## ဗိုလ်မှူးကြီး မြင့်ဦး (ငြိမ်း)
## OTS အပတ်စဉ်(၄၁)
## (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှုဝန်ကြီးဌာန)
## အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်း၊ သံလမ်း၊ အမှတ်(၄၂-က)နေ (ဦးစောရှိန်-ဒေါ်အုန်းသင်)တို့၏ သားကြီး၊ (ဦးသန်းဌေး)၏ အစ်ကို၊ ဒေါ်ဌေးရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး ကျော်စွာထွန်း-ဒေါ်မေမျိုးဇော်၊ ဦးရဲဝင့်ဇော်-ဒေါ်နန်းနွေနွေးစိုး၊ (ဦးထွဋ်မြတ်ဇော်)-ဒေါ်သန္တာဆွေ၊ မချိုထွေးဇော်တို့၏ ချစ်လှစွာသောဖခင်၊ မြေး(၄)ယောက်တို့၏ ချစ်လှစွာသော အဘိုးသည် (၂၂-၂-၂၀၂၁) ရက် (တနင်္လာနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၂၃-၂-၂၀၂၁) ရက် (အင်္ဂါနေ့) ညနေ ၃:၀၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၂၈-၂-၂၀၂၁ ရက် နံနက် (၁၀:၃၀) နာရီတွင် ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၁၀ (မြောက်)ရပ်ကွက်၊ ရတနာအိမ်ရာ၊ မြလမ်း၊ အမှတ်(၈၅)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းခြင်း
## ဦးမောင်ရွှေ(ခ)ဦးဘီအယ်လ်ဂိုအင်ကာ
## အပြည်ပြည်ဆိုင်ရာဓမ္မဂီရိဝိပဿနာအဖွဲ့(မြန်မာနိုင်ငံ)
## အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ကမ္ဘာ့ဝိပဿနာတရားပြဆရာကြီး ဦးဂိုအင်ကာ-ဆရာမကြီး ဒေါ်အီလိုင်ချီဒေဝီဂိုအင်ကာ)တို့၏သား၊ တရားပြဆရာမကြီး ဒေါ်ဆူရှီလာဂိုအင်ကာ၏ ခင်ပွန်း၊အပြည်ပြည်ဆိုင်ရာဓမ္မဂီရိဝိပဿနာအဖွဲ့(မြန်မာနိုင်ငံ)၏ နာယကကြီး ဦးမောင်ရွှေ(ခ)ဦးဘီအယ်လ်ဂိုအင်ကာ (ဗန္ဓုလကုမ္ပဏီလီမိတက်)သည် ၂၂-၂-၂၀၂၁ရက် နံနက် ၆:၃၀နာရီတွင် ရန်ကုန်မြို့၌ကွယ်လွန်ခဲ့ပြီး ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးစီးကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြရပါသည်။

**တရားပြဆရာ ဆရာမများ၊**
**ရိပ်သာအသီးသီးမှ ဂေါပကများ၊ ယောဂီဟောင်းများ၊**
**အပြည်ပြည်ဆိုင်ရာဓမ္မဂီရိဝိပဿနာအဖွဲ့(မြန်မာနိုင်ငံ)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်ဝင်း (ကျောင်းအုပ်ဆရာကြီး၊ ငြိမ်း)
## အသက် (၇၆)နှစ်

မိုးညှင်းခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီလာ၏ ချစ်လှစွာသောဖခင် ဦးခင်ဝင်း အသက် (၇၆)နှစ်သည် ၂၂-၂-၂၀၂၁ရက်တွင် အမှတ် (၁)ရပ်ကွက်၊ လမ်းမတော်၊ ဥသျှစ်ပင်မြို့၊ ပဲခူးတိုင်းဒေသကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါ သည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်**
**ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)များ၊**
**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)များ**
**လမ်းဦးစီးဌာန၊ ဝန်ထမ်းများမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်ဝင်း (ကျောင်းအုပ်ဆရာကြီး၊ ငြိမ်း)
## အသက် (၇၆)နှစ်

မိုးညှင်းခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီလာ၏ ချစ်လှစွာသောဖခင် ဦးခင်ဝင်း အသက် (၇၆)နှစ်သည် ၂၂-၂-၂၀၂၁ရက်တွင် အမှတ် (၁)ရပ်ကွက်၊ လမ်းမတော်၊ ဥသျှစ်ပင်မြို့၊ ပဲခူးတိုင်းဒေသကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**
**မိုးညှင်းခရိုင်**
**လမ်းဦးစီးဌာန**

## ဦးဝင်းကြိုင်
## (အထွေထွေအတွင်းရေးမှူး)
## မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်
## အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ကမာမတ်စံပြကျေးရွာနေ (သခင်အုန်းမောင်-ဒေါ်အေးညွှန့်)တို့၏မြေး၊ (ဦးသိန်းဟန်)(အငြိမ်းစားကျောင်းအုပ်)-ဒေါ်ခင်နွဲ့တို့၏ သားကြီး၊ ဦးလှဦး(တပ်မတော်-ငြိမ်း)-ဒေါ်ခင်မြင့်မြင့်ဆွေ (ကျောင်းဆရာမ-ငြိမ်း)တို့၏ သားသမက်၊ ဦးလွင်ကြည်-ဒေါ်ထား၊ ဦးလှဝင်းရီ-ဒေါ်သန္တာထွန်း၊ ဦးမောင်ဌေး(နှင်းဝတီပုံနှိပ်တိုက်)-ဒေါ်ညွှန့်ညွှန့်ရီ(ကျောင်းအုပ်ဆရာမကြီး)၊ ဦးအောင်ဇင်သက်-ဒေါ်တင်အေးမူ၊ ဦးသိန်းလွင် (ဧရာဝတီခေတ်မီ ငါးသားဖောက်စခန်း)-ဒေါ်စန်းစန်းတိုး (ဦးစီးအရာရှိ/ငါးလုပ်ငန်းဦးစီးဌာန)၊ဦးရဲထွဋ်နိုင်(ညွှန်ကြားရေးမှူး) (စားသုံးသူရေးရာဦးစီးဌာန)-ဒေါ်အေးချမ်းမွန်(ရှေ့နေ)တို့၏ အစ်ကိုကြီး၊ တူ/တူမ (၉)ဦးတို့၏ ဘကြီး၊ ဒေါ်ခိုင်သဉ္ဇာဦး (မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲ) (ရန်ကုန်)၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဘုန်းပြည့်စုံကမ္ဘာကြိုင်စိုး၏ ချစ်လှစွာသောဖေဖေ ဦးဝင်းကြိုင် (အထွေထွေအတွင်းရေးမှူး) မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အသက်(၆၄)နှစ်သည် ၂၁-၂-၂၀၂၁ ရက် (တနင်္ဂနွေနေ့) နံနက်(၉:၀၀) နာရီတွင် ကွယ်လွန်ပြီး (၁၂:၃၀)နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်၍ ၂၇-၂-၂၀၂၁ ရက် (စနေနေ့) နံနက် ၇:၀၀ နာရီတွင် ကမာမတ်စံပြကျေးရွာ (ဦးသိန်းဟန်)(အငြိမ်းစားကျောင်းအုပ်)-ဒေါ်ခင်နွဲ့ တို့၏နေအိမ်တွင် ရက်လည်ဆွမ်းသွတ်တရားတော်နာယူမည် ဖြစ်ပါသောကြောင့် နေအိမ်သို့ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# အနိစ္စ

## ဒေါ်အေးအေးမြင့်
## အသက် (၆၂)နှစ်

မန္တလေးမြို့၊ သီတာအေး (၉၀၂) ရပ်ကွက်နေ (ဦးငြိမ်းမောင်)-ဒေါ်ခင်စန်း တို့၏သမီးကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့ နယ်၊ အကွက် (၅၀၅) ကျွန်းလုံးဥသျှောင်ရပ်ကွက်နေ (ကိုအောင်မျိုးကြည်)-မခိုင်၊ ကိုမျိုးသန့်ဆွေ(မန်နေဂျာ ဦးကာက လက်ဖက်ခြောက်)-မဝင်းမြတ်သန္တာ၊ မသက်သက်ညိမ်း (Mandalay FM) တို့၏ ချစ်လှစွာသော မိခင်၊ ဦးမြဒေါင်(မြတ်သုခ) ပရိဘောဂ ၏ ချစ်လှစွာသောဇနီး သည် ၂၁-၂-၂၀၂၁ရက် (တနင်္ဂနွေနေ့) ည ၈:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၂-၂-၂၀၂၁ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် အကွက် (၉၀၂) သီတာအေးနေအိမ်မှ တောင်အင်း၊ မြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီးတင်အေး
## ဗိုလ်သင်တန်း(အပတ်စဉ်-၂၁)၊ ကြည်း ၈၀၇၅(ငြိမ်း)
## အသက်(၈၅)နှစ်

ဖျာပုံမြို့နေ(ဦးတန်ရှုယုန်-ဒေါ်တင်)တို့၏သား၊ (ဦးမြင့်အောင်-ဒေါ်အုန်းကြည်)တို့၏သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅) ရပ်ကွက်၊ စက်မှုလယ်ယာလမ်း၊ အမှတ် ၁၀၉၆နေ ဒေါ်မြင့်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမိုးအေး-ဒေါ်ခိုင်ဇာဝင်း၊ ဒေါ်သင်းသင်း အေး(ဆ/မ)၊ ဦးမိုးထိန်လင်း(မြို့တော်စည်ပင်)-ဒေါ်စန္ဒာထွန်း (ဆ/မ)၊ ဦးမိုးထွေး(လက်ထောက်ညွှန်မှူး စစစ)-ဒေါ်သင်းသင်းမိုး(ဆ/မ)၊ ဦးအောင်သန်းထွန်း( A-7 ကားဘော်ဒီရုံ)-ဒေါ်ဥမ္မာအေးတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၂-၂-၂၀၂၁ရက် (တနင်္လာနေ့) မွန်းလွဲ ၂:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀:၄၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၂၁ရက် (တနင်္ဂနွေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နွယ်နွယ်ဝင်း
## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်ရိပ်သာလမ်း၊ အမှတ် (၅၀၅/၆က)နေ (ဦးဟုတ်စွမ်-ဒေါ်သန်းရီ)တို့၏သမီး၊ (ဦးဘစန်း-ဒေါ်ခင်ခင်သိုက်)တို့၏ သမီးချွေးမ၊ (ဦးလှိုင်မြင့်စန်း-ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)(မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း)၏ ချစ်လှစွာသောဇနီး၊ ဦးဌေးအောင်-ဒေါ်ခင်ကြည်၊ ပါမောက္ခ ဒေါက်တာ ဦးကြည်စိုး-ဒေါက်တာ ဒေါ်လှလှတင့်၊ ဦးထွန်းရင်-ဒေါ်သန်းသန်းဆင့်၊ ဒေါ်ကြည်ကြည်လှိုင် တို့၏ချစ်လှစွာသောအစ်မကြီး၊ Mr.Woon Tien Teck – ဒေါ်အေးချိုချိုစန်း၊ ဦးရဲမြင့်စန်း-ဒေါ်ရွှေစင်မြင့်၊ ဒေါ်နွယ်နီ စန်း တို့၏ မိခင်၊ Ms. Woon Yong Xin, Mr. Andrew Woon Yong Tian, မောင်အာကာမြင့်စန်းတို့၏ အဘွားသည် ၁၉-၂-၂၀၂၁ရက် နံနက် ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းကျော်ညွန့်
## FORMER NATIONAL SELECTED SWIMMER
## SENIOR NATIONAL SWIMMING COACH
## ညွှန်ကြားရေးမှူး(ငြိမ်း) အားကစားနှင့်ကာယပညာဦးစီးဌာန
## အသက်(၇၁)နှစ်

ရန်ကုန်မြို့နေ (ဦးဘညွန့်-ဒေါ်အုန်းခင်)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၇၀)နေ (ဦးသိန်းနွဲ့-ဒေါ်သန်းသန်း)တို့၏သားသမက်၊ ဒေါ်အေးအေးမွန်(ဒု/ညွှန်-ငြိမ်း၊ အား/ကာ)၏ခင်ပွန်း၊ ဦးစိုးညွန့်-ဒေါ်ယုဇနဝင်းတို့၏ ညီ/မောင်၊ (ဦးမြင့်ဦး)-ဒေါ်မာလာညွန့်၊ (Managing Dierctor အောင်သစ္စာဦး အထွေထွေအာမခံကုမ္ပဏီလီ မိတက်)တို့၏အစ်ကို၊ တူ၊ တူမ ၃၅ယောက်တို့၏ဘကြီး/ဦးလေးသည် ၁၂-၂-၂၀၂၁ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၂၁ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ခြောက်ထပ်ကြီး ဘုရား၊ သဒ္ဓမ္မဝံသကျောင်းနှင့် ရွှေကျင်ကျောင်းတိုက်တို့တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာပြီး၊ ရွှေကျင်ကျောင်းတိုက်၌ နေ့ဆွမ်းဆက်ကပ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ဥတ္တရသီရိ အနောက်ရပ်၊ မြေရေိယာ ၀ ဒသမ ၂၂၉ ဧကရှိ မြေကွက်အမှတ်(ဥ-၃၀၉၂)၊ဦးညာဏ်ထွန်း (ဘ)ဦးခင်မောင်နွယ် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးနွယ်ဦး ၁၃/လလန(နိုင်)၀၂၀၃၃၆ (ဘ)ဦးသန်းမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၇၄/၂၀၂၁(၅-၂-၂၀၂၁) တင်ပြ၍ ဒေါ်ကြူကြူမြင့် (ခ) အန်းနောင် ၉/ခအဇ(နိုင်)၀၀၁၉၆၅ (ဘ) ဦးမာနောင် အမည်ဖြင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းကြိုင်
## အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်
## အသက်(၆၄)နှစ်

မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးကြိုးစားဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကြီး၏ လေးစားခင်မင်တန်ဖိုးထားရပါသော မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်း တွဲဖက်အတွင်းရေးမှူး၊ ကမ္ဘာ့ရတနာဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဝင်၊ ဧရာဝတီခေတ်မီငါးသားဖောက်စခန်းတည်ထောင်သူ ဦးဝင်းကြိုင် အသက်(၆၄)နှစ်သည် ၂၁-၂-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်
မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံပုစွန်မွေးမြူထုတ်လုပ်ရောင်းချသူများအသင်း
မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံငါး/ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း
မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်း
မြန်မာနိုင်ငံကဏန်းလုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံငါးရှဉ့်လုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံအလှမွေးငါးလုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံငါးပိ၊ ငါးခြောက်၊ ငံပြာရည်ထုတ်လုပ်ရောင်းဝယ်သူများအသင်း

# သင့် သွေး ဖြင့် အ သက် ကယ် ပါ

# ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုသည့် ဆန္ဒမဲလက်မှတ်ရိုက်နှိပ်မှုနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက် ထုတ်ပြန်ခြင်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆန္ဒမဲလက်မှတ်ရိုက်နှိပ်မှုအား စစ်ဆေးခဲ့ပါသည်။ ဆန္ဒမဲလက်မှတ်များကို ပြန်ကြားရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံ ရိုက်နှိပ်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၁ - ၉ - ၂၀၂၀ ရက်နေ့တွင် ကနဦးဆန္ဒမဲလက်မှတ်ပေါင်း ၁၃၈၄၆၀၂၇၀ ရွက် ရိုက်နှိပ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ လိုအပ်ချက်အရ ထပ်မံ၍ ၉ ကြိမ် ရိုက်နှိပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် အထွေထွေရွေးကောက်ပွဲကျင်းပရန် တစ်ရက်အလို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ၂ ကြိမ် ထပ်မံမှာကြားချက်အရ ဆန္ဒမဲလက်မှတ် ရိုက်နှိပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂။ ဆန္ဒမဲလက်မှတ်ရိုက်နှိပ်မှုစုစုပေါင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | | |
|---|---|---|
| (က) | ပြည်သူ့လွှတ်တော် | ၄၄၁၆၉၃၄၄ |
| (ခ) | အမျိုးသားလွှတ်တော် | ၄၄၁၄၈၂၂၉ |
| (ဂ) | တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် | ၄၃၂၉၅၃၇၄ |
| (ဃ) | တိုင်းရင်းသားလူမျိုး | ၇၇၁၈၀၇၃ |
| | စုစုပေါင်း | ၁၃၉၃၃၁၀၂၀ |

စာမျက်နှာ ၁၀ ကော်လံ ၁ ❍

# တပ်မတော်မှ စစ်ရေယာဉ်များဖြင့် မလေးရှားနိုင်ငံရောက် နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်



နေရပ်ပြန် မြန်မာနိုင်ငံသားများအား တွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၃

COVID-19 ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာ ပိတ်မိဒုက္ခခံနေရသည့် မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့မြန်မာနိုင်ငံသို့ ပြန်လာသင့်ကြောင်း၊ အဆိုပါ ပြည်ပရောက်မြန်မာနိုင်ငံသားများအား အမြန်ဆုံးပြန်လည်ခေါ်ဆောင်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လမ်းညွှန်မှာကြားခဲ့သဖြင့် မလေးရှားနိုင်ငံတွင် ယခင်ကာလများကတည်းက အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည့် မြန်မာနိုင်ငံသားများကို ခေါ်ဆောင်ရန် တပ်မတော် (ရေ)မှ ဗိုလ်မှူးချုပ် နိုင်မင်းကျော် ဦးဆောင်သည့် စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့် စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့သည် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံ လူမွတ် (Lumut) ရေတပ်ဆိပ်ကမ်းသို့ ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်ထွက်ခွာခဲ့သည်။

မြန်မာ့တပ်မတော်မှ စစ်ရေယာဉ် ၃ စင်းသည် မလေးရှားနိုင်ငံ လူမွတ် (Lumut) ရေတပ်ဆိပ်ကမ်းသို့ ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင်ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများထံမှ စနစ်တကျ လွှဲပြောင်းလက်ခံခဲ့၍ ယင်းနေ့ ညနေပိုင်းတွင် မလေးရှားနိုင်ငံ လူမွတ် (Lumut) ရေတပ်ဆိပ်ကမ်းမှ

စာမျက်နှာ ၁၁ ကော်လံ ၁ ✻

## မတ်လအတွင်းမှစတင်ကာ အင်္ဂလန်တွင် ကန့်သတ်ထားမှုများ ဖယ်ရှားပေးတော့မည်

နိုင်ငံတကာသတင်း စာ » ၁၃

## ဂျပန်နိုင်ငံ၏ ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးပေးမှု အစီအစဉ်

နိုင်ငံတကာရေးရာ စာ » ၁၄

## လာမည့်ရာသီတွင် ပထမဦးစားပေးဂိုးသမားအဖြစ် မရွေးချယ်ပါက ဟန်ဒါဆင် အိုးထရက်ဖို့ဒ်မှ ထွက်ခွာမည်

မန်ယူအသင်းမှ ဂိုးသမား ဒိန်းဟန်ဒါဆင်သည် လာမည့်ရာသီတွင် ပထမဦးစားပေးဂိုးသမားအဖြစ် ၎င်းအား မရွေးချယ်ပါက အိုးထရက်ဖို့ဒ်မှ ထွက်ခွာဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၃ နှစ်အရွယ်ရှိ ဟန်ဒါဆင်သည် ပရီမီယာလိဂ်တွင် ကစားခွင့်နည်းပါးနေခြင်းကို စိတ်ပျက်လျက်ရှိနေကြောင်း၊ လာမည့်ရာသီတွင် ဒုတိယဦးစားပေး ဂိုးသမားအဖြစ် ကစားလိုခြင်းမရှိကြောင်း သိရသည်။

ဟန်ဒါဆင်(ယာပုံ)ကို စပါး၊ ချယ်ဆီးနှင့် ဝက်စ်ဟမ်းအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ မန်ယူအသင်းနှင့် ဟန်ဒါဆင်တို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၂၅ ခုနှစ်အထိ ချုပ်ဆိုထားကြောင်း၊ အဆိုပါ ကစားသမားကို ခေါ်ယူမည့်အသင်းများအနေဖြင့် ပေါင်သန်း ၄၀ ဝန်းကျင်ခန့် သာ ကုန်ကျဖွယ်ရှိကြောင်း သိရသည်။ ဟန်ဒါဆင်သည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် နှစ်ပွဲသာ ပွဲထွက် ကစားခွင့်ရရှိထားသည်။ အသင်း၏ နံပါတ်တစ် ဂိုးသမားဖြစ်သူ ဒီဂီယာက ပရီမီယာလိဂ် ၂၅ ပွဲတွင် ၂၃ ပွဲအထိ ပွဲထွက်ကစားခွင့်ရရှိ ထားသူဖြစ်သည်။




ဟန်ဒါဆင်သည် ယူရိုပါလိဂ် ၃၂ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် မန်ယူအသင်းက ဆိုစီဒက်အသင်းကို လေးဂိုးပြတ် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် ပါဝင်ကစားခဲ့သည်။ မန်ယူအသင်းသည် လာမည့် ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆိုစီဒက်အသင်းနှင့် ယူရိုပါလိဂ် ၃၂ သင်းအဆင့် ဒုတိယအကျော့ကို အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**